

ညီသစ်
စိတ်ဓာတ်ခွန်အားကိုပေးသော
စာစုများ
(စတုတ္ထအုပ်)
Chicken Soup for the Soul
Jack Canfield
Mark Victor Hansen
Patty Hansen
Irene Dunlap

စာအုပ်တိုက်
၂၁ ၂၊၃၁လမ်း၊ရန်ကုန်မြို့။ဖုန်း၇၀၆၀၅၅

# ပုံနှိပ်မှတ်တမ်း


**စာမူခွင့်ပြုချက်အမှတ်** – ၄၁၈/၂၀၀၂(၅)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်** – ၅၃၃/၂၀၀၂(၆)

**ထုတ်ဝေသူ** – ဦးထွန်းထွန်းဦး
နှင်းဦးလွင်စာပေ
၅၃၃(အေ)၊ဂ/ရပ်ကွက်၊
ပြည်လမ်း၊ကမာရွတ်။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ** – ဦးမောင်မောင်လွင်
ကဝိရတနာပုံနှိပ်တိုက်
၂၀၄၊လမ်း၃၀၊ရန်ကုန်။

**ပုံနှိပ်ခြင်း** – ပထမအကြိမ်
၂၀၀၄–ခုနှစ်၊ဖေဖော်ဝါရီလ

**အုပ်ရေ** – ၁၀၀၀

**တန်ဖိုး** – ၄၅၀ကျပ်

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ တာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက် သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

## လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ညီသစ်

# စိတ်ဓာတ်ခွန်အားကိုပေးသော စာစုများ

(စတုတ္ထအုပ်)

# Chicken Soup for the Soul

**Edited By**

Jack Canfield

Mark Victor Hansen

Patty Hansen

Irene Dunlzp

## မာတိကာ


၁။ သင်လည်း လုပ်နိုင်ပါတယ် ၅

၂။ အခြားသောနည်းလမ်း ၁၁

၃။ နှလုံးသားပေါ်က ခြေရာများ
၂၁

၄။ လူတိုင်းမှာ အရည်အချင်းရှိတယ် ၃၃

၅။ စပ်စုလေးများနှင့် မစ္စစ်ဘတ်ဂ် ၄၁

၆။ ရှုးဖိနပ်များ ၅၃

၇။ စာကလေးတွေ
ဘယ်မှာ သွားသေကြသလဲ ၆၅

၈။ သူလိုကိုယ်လို ၇၃

၉။ ခဏလောက် အချိန်ယူပါ ၈၃

၁၀။ ဘဝလမ်းမှာ
အခွင့်အလမ်းတွေရှိတယ် ၉၃
၁၁။ မတိုက်ခိုက်ချင်တဲ့သတ္တိ ၁၀၃
၁၂။ မေတ္တာတရားဝေမျှသူ ၁၂၁
၁၃။ ဆန္ဒ၏အားအင် ၁၂၇
၁၄။ ဆန်းကြယ်သော လျှို့ဝှက်ချက် ၁၃၃

# သင်လည်း လုပ်နိုင်ပါတယ်

Yes You Can By Jack Canfield and Mark V. Hansen

အတွေ့အကြုံဟူသည် လူတစ်ယောက်ထံ
ပေါ်ပေါက်လာသောအရာမဟုတ်။
မိမိထံပေါ်ပေါက်လာသည်များအား လုပ်ဆောင်ခြင်းကို
အတွေ့အကြုံဟု ဆိုခြင်းဖြစ်သည်။
အားလ်ဒိုးစ်ဟာ့ဇ်လေ

အကယ်၍ ၄၆ နှစ်အရွယ်ရှိသော အချိန်တွင် လုံးဝယုံစား ထင်မှတ်မရနိုင်သော မော်တော်ဆိုင်ကယ် တိမ်းမှောက်မှု ဖြစ်ခဲ့လျှင်၊ ထိုမှတစ်ဖန် နောက် ၄ နှစ် အကြာတွင် လေယာဉ်ပျက်ကျရသည့်အထဲမှာပါပြီး ခါးအောက်ပိုင်းတစ်ခုလုံး အကြောဆိုင်းသွားသည်ရှိသော် ဘာဆက်ဖြစ်လာနိုင်စရာ အကြောင်းရှိတော့မည်နည်း။ ထိုကဲ့သို့သော အခြေအနေမျိုးနှင့် မိမိကိုယ်မိမိ သန်းကြွယ်သူဌေးတစ်ယောက် ဖြစ်လာနိုင်မည်ဟု စိတ်ကူးနိုင်ပါ့မလား။ လူအများကလေးစားသည့် လူထု စည်းရုံးရေး

**ရွှေဝံစာအုပ်တိုက်**

သမားကောင်း ဖြစ်လာနိုင်မည်ဟု စိတ်ကူးနိုင်ပါ့မလား။ ပျော်ရွှင်သော သတို့သားအသစ်ကလေးအဖြစ်၊ အောင်မြင်သော စီးပွားရေးသမားတစ်ယောက်အဖြစ် စိတ်ကူးနိုင်ပါ့မလား။ မိမိကိုယ်မိမိ ဖောင်ဖြူဖြူကြီးဖြင့် ရေထဲမှာ သွားလာနိုင်လိမ့်မည်ဟု ထင်မြင်နိုင်ပါ့မလား။ ကောင်းကင်ပေါ်ကနေ ဒိုင်ဗင်ထိုးချဖို့ စိတ်ကူးမျိုး ရှိနိုင်ပါတော့မလား။ နိုင်ငံရေးနှင့် ပတ်သက်သည့် ရှုံးကိစ္စတွေ ထမ်းဆောင်လာနိုင်လိမ့်မယ်ဟု အိပ်မက်နိုင်ပါ့မလား။

ဒဗလျူမစ်ချယ်ဆိုသူသည် ထိုအရာများထက်မကသော လုပ်ဆောင်မှုများကို လုပ်နိုင်ခဲ့ပါသည်။ သူသည် ကြောက်စရာ အက်ဆီးဒင့်အဖြစ်ဆိုး ၂ ကြိမ်ဆုံတိုးဖူးပြီးနောက် စုတ်ပြတ်သွားသော မျက်နှာကို အခြားအသွေးအရောင် အစားထိုး ပြုပြင်ခံရခြင်း လက်နှစ်ဖက်စလုံးမှ လက်ချောင်း၊ ခြေချောင်းများ မရှိတော့ခြင်း၊ သူ့ခြေထောက်များ သေးသွယ်ပိန်ကျသွားရပြီး ဘီးတပ်ထိုင်ခုံနှင့် သွားလာရခြင်း စသည့် အရှုံးလက္ခဏာ အမျိုးမျိုးကို ခံစားခဲ့ရသည်။

ဒပ်လျူမစ်ချယ်သည် ကြောက်မက်ဖွယ်ရာကောင်းလှသော မော်တော်ဆိုင်ကယ် မတော်တဆမှုအဖြစ်ဆိုးကြောင့် သူ့ခန္ဓာကိုယ်၏ ၆၅ ရာခိုင်နှုန်း ကျော်ကျော်သည်မီးလောင် ပျက်စီးသွားခဲ့ရသည်။ ထို့ကြောင့် ခွဲစိပ်ဆရာဝန်ကြီး ၁၆ ယောက်နှင့် အရေးပေါ် ကုသရသည့်အဖြစ် ရောက်ခဲ့ရသည်။ အဆုံးတွင် ခက်ရင်းကို

ပင်ကိုင်၍ မစားနိုင်သည့်အဖြစ်မျိုး၊ အကူအညီမပါလျှင် တယ်လီဖုန်းဒိုင်ခွက်ကို မလှည့်နိုင်သည့် အဖြစ်မျိုး အိမ်သာကိုပင် မသွားရောက်နိုင်အဖြစ်မျိုးဖြင့် နေခဲ့ရသည်။ သို့သော် ရေကြောင်း မာရိန်းတပ်သားဟောင်း ဖြစ်ခဲ့ဖူးသော မစ်ချယ်သည် ထိုသို့သော အကြောင်းများသည် သူ့အတွက် အနှုံးပေးစရာများဟု လုံးဝ လက်မခံသောသူဖြစ်သည်။ "ကျွန်တော့်ရဲ့ အာကာသယာဉ်ထဲမှာ ကျွန်တော်က ပဲ့ကိုင်ပဲ။ အတက်တစ်လှည့်၊ အကျတစ်လှည့် ရှိနေမှာပဲပေ့ါ။ အခု အခြေအနေမျိုးကို ကျွန်တော့်အနေနဲ့ ခရီးအစတစ်ခုအဖြစ်၊ ပြင်ဆင်ချိန်တစ်ခုအဖြစ် ရွေးချယ်လို့ ရနေတာပဲ"ဟု သူက ဆို သည်။ ထိုသို့ဖြစ်ပြီး နောက် ၆ လအကြာတွင် သူသည် လေယာဉ်မောင်းနိုင်သည့် အခြေအနေ ပြန်ရောက်လာသည်။

ကော်လိုရာဒိုမြို့မှာပင် ဝိတိုရိယ အဆောက်အဦးတစ်ခု ဝယ်ယူပြီးနောက် လေယာဉ်ပျံ တစ်စင်းနှင့်အတူ ဘားဆိုင်ခန်းတစ်ခန်းကိုပါ မစ်ချယ်က ဝယ်ယူလိုက်ပြန်သည်။ နောက်ပိုင်းတွင် မိတ်ဆွေနှစ်ဦးနှင့်အတူ ဗားမွန့်မြို့မှ ဒုတိယမြောက် အကြီးမားဆုံး ကိုယ်ပိုင်လုပ်ငန်းဖြစ်သော ထင်းမီးချက်မီးဖိုလုပ် စက်ရုပ်လုပ်ငန်းကို မစ်ချယ်က ရှယ်ယာဝင်ခဲ့သည်။

မော်တော်ဆိုင်ကယ် မတော်တဆ ဖြစ်မှုကြုံပြီးနောက် ၄ နှစ်အကြာတွင် မစ်ချယ်ကိုယ်တိုင် မောင်း

သော လေယာဉ်ပျံသည် ပြေးလမ်းက အထွက်မှာပင် ပျက်ကျခဲ့၍ ကျောရိုးနှင့်ဆက်နေသော ရင်ပတ်ရိုး ၁၂ ချောင်း ကျိုးအက်သွားခဲ့ရပြီး ခါးအောက်ပိုင်းတစ်ခုလုံး ဆိုင်းသွားသည့် အဖြစ်ကို ရောက်သွား၏။

"ဒီလိုအဖြစ်ဆိုးတွေက ကျွန်တော့်ကျမှ ဘာကြောင့် ဖြစ်နေရသလဲဆိုတာ ကျွန်တော် တွေးနေမိတယ်။ ကျွန်တော် ဘာတွေလုပ်လို့များ ဒီလောက်ခံနေရတာလဲ မသိဘူး"

သူသည် သတ္တိကြောင်သူ မဟုတ်။ လွတ်မြောက်မှု တစ်ခုခုကို ရစေရမည်ဟူသော ဇွဲဖြင့် နာလန်ပြန်ထလာနိုင်ရန် နေ့ရောညပါ အရှုံးမပေးဘဲ ကြိုးစား၏။ ကော်လိုရာဒိုနိုင်ငံ ကရက်စ်တက်ဘတ်တီမြို့မှ မြို့တော်ဝန်အဖြစ် ဝင်အရွေးခံသည်။ သတ္တုမိုင်း၏ ပတ်ဝန်းကျင်နှင့် အလှအပတို့ကို ပျက်စီးစေမည့် ဘေးအန္တရာယ်မှ ထိုမြို့ကို ကယ်တင်ဖို့ အားထုတ်သည်။ ထို့နောက်များ မကြာမီ မစ်ချယ်သည် ကွန်ဂရက် ညီလာခံတွင် ဝင်အရွေးခံဖို့ ကြိုးစားပြန်၏။ သူ၏ ထူးဆန်းဂွကျလှသော ပုံပန်းသဏ္ဌာန်ကြောင့် သူလုပ်ကိုင်နေသော အရာများကို ဗန်းစကားတို့နှင့်ပင် ကင်ပွန်းတတ်လာကြသည်။ "သူ့လောက်ချောမယ့်လူ နောက်တစ်ယောက် မရှိနိုင်" ဆိုသော အပြောမျိုးတွေ . . . ။

သူ၏ ထိတ်လန့်ကြောက်မက်ဖွယ် ပုံသဏ္ဌာန် အသွင်အပြင်၊ စိမ်ခေါ်နေသော ကိုယ်ကာယပုံစံနှင့်ပင်

မစ်ချယ်သည် ဖောင်ကိုပါ စီးပြလိုက်သေးသည်။ ထို့နောက် ချစ်ရမည့်သူနှင့်တွေ့ပြီး အိမ်ထောင်ပင် ပြုလိုက်သေးသည်။ သူသည် ပြည်သူ့စီမံခန့်ခွဲရေး ဌာနတွင် မာစတာဘွဲ့ပါ ရယူခဲ့ပြီး လေယာဉ်ပျံကို ဆက်လက်မောင်းနှင်ပျံသန်းနေမြဲပင် ဖြစ်သည်။ ထို့အပြင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး လှုပ်ရှားမှုများတွင် စင်မြင့် ဟောပြောပွဲများမှာပါ တက်ရောက်ပြောကြားခြင်းများ ပြုလုပ်သည်။

မစ်ချယ်၏ မတုန်လှုပ်သော "အကောင်းမြင်သည့် စိတ်နေသဘောထား" သည် Today show ရုပ်မြင်သံကြားနှင့် Good Morning America ရုပ်သံတွေပေါ်မှာ ထင်ဟတ်လာရုံမျှမက ပဲရေ့ စာစောင်မဂ္ဂဇင်း၊ တိုင်းမ်မဂ္ဂဇင်း၊ သည် နယူးယောက် တိုင်းမ်တို့နှင့်အတူ အခြားလူထုထုတ် စာစောင်များမှာပါ တစ်ခမ်းတစ်နားရေးသားဂုဏ်ပြုခံလာရသည်။

"ကျွန်တော့်ရဲ့ အကြောတွေ ဆိုင်းမသွားခင်တုန်းက ကျွန်တော်လုပ်နိုင်တဲ့ အလုပ်တွေက အမျိုးအစား တစ်သောင်းလောက်ရှိတယ်" ဟု မစ်ချယ်က ဆိုရင်း တစ်ဆက်တည်းပင် "အခုတော့ ကိုးထောင်လောက်ပဲရှိတော့မယ်။ ဒါတောင် ကျန်ကိုးထောင်အပေါ်မှာ အာရုံစိုက်နေတဲ့အတွက် ကျန်တဲ့ တစ်ထောင်က ဆုံးရှုံးသွားရတာမျိုး ဖြစ်လိမ့်မယ်။ ကျန်တစ်ထောင်ကိုလည်း ကျွန်တော် ပြန်ပြီး ရယူနိုင်ပါလိမ့်

မယ်။ ကျွန်တော့်ဘဝမှာ အကြီးမားဆုံး တိုက်ခိုက်မှုကြီး နှစ်ကြိမ်ဖြစ်ခဲ့ဖူးတာကို လူတွေဆီ အသိပေးထားပြီးပါပြီ။ အဲဒီ ကျိုးပဲ့သွားရတဲ့ အစိတ်အပိုင်းတွေကိုတော့ အနား ပေးလိုက်ပြီ ဖြစ်သလို ထပ်ပြီးတော့လည်း အသုံးမပြု တော့ပါဘူး။ တစ်ဖက်က နောက်ဆုတ်သွားရတဲ့ အကြောင်းမျိုးတွေရှိပေမယ့် အမြင်သစ်တစ်ခု တည် ဆောက်ယူပြီး အခြားအတွေ့အကြုံတွေ ဖန်တီးယူလာ နိုင်ပါလိမ့်မယ်။ မိတ်ဆွေတို့ရဲ့ ခြေလှမ်းကို နောက်ဆုတ် ထားလိုက်ပြီး အမြင်ကျယ်ကျယ်ဖွင့်၊ ပြီးတော့ ဒီစကား မျိုး ပြောနိုင်ဖို့ အခွင့်အလမ်းရှာကြပါ။ ဖြစ်ပြီးတဲ့ ကိစ္စဟာ အကြီးအမားဆုံး အကြောင်းကြီး မဟုတ်လောက်ပါဘူး" ဟု ဆက်ပြောသည်။

ကိုင်း၊ စာရှုသူ၊ တစ်ခုပဲ မှတ်သားထားလိုက်ပါ။

"ဖြစ်လာတဲ့ အကြောင်းဟာ အရေးမကြီးဘူး။ ဖြစ်လာတဲ့ အပေါ်မှာ ကိုယ်လုပ်ဆောင်နိုင်မှုကသာ အရေးကြီးတယ်"

◆ ◆

ရွှေဝံစာအုပ်တိုက်

# အခြားသော နည်းလမ်း

Another Way By Terry Dobson

ထိုင်းမှိုင်းရီဝေလှသော နွေဦးရာသီဥတု၏ မွန်းတိမ်းချိန်၌ ရထားကြီးသည် ဂျုံးဂျုံးဂျက်ဂျက် မြည်သံများနှင့်အတူ တိုကျိုမြို့၏ ဆင်ခြေဖုံးဘူတာမှထွက်ခွာစပြုလာသည်။ ကျွန်တော်တို့၏ တွဲများသည် အခြားတွဲများနှင့်စာလျှင် ခရီးသည် နည်းလွန်းလှသည်။ အိမ်ရှင်မအချို့ ချီပွေ့ထားသော ကလေးများနှင့် ဈေးဝယ်ထွက်လာသော သက်ကြီးရွယ်ကြီးများလောက်သာ ရှိသည်။ ကျွန်တော်သည် ရထားပြူတင်းပေါက်မှတစ်ဆင့် ညှိုးမှိုင်းမှိုင်းအိမ်ကြီးများ၊ ဖုန်တွေ လိမ်းကျံနေသော ခြံစည်းရိုးများတို့ကိုသာ အမှတ်တမဲ့ ငေးမောကြည့်နေမိသည်။

နောက်တစ်ဘူတာသို့ ဆိုက်သောအခါ တွဲတံခါးများ ပွင့်သွားကြသည်။ ထိုဘူတာရောက်မှပင် အသံကျယ်ကျယ်နှင့် ဆဲရေးတိုင်းထွာပြီး တက်လာသော လူတစ်ယောက်ကြောင့် တိတ်ဆိတ်ငြိမ်သက်နေသော မွန်း

ရွှေဝံစာအုပ်တိုက်

တိမ်းချိန်လေးသည်လည်း တစ်စစီ ပျက်စီးသွားရတော့သည်။ ထိုသူသည် တွဲထဲသို့ ဒယီးဒယိုင်ဖြင့် တက်လာ၏။ သူ့ ကိုယ်ပေါ်က အဝတ်အစားများမှာ အလုပ်သမားအဝတ်အစားများဖြစ်သည်။ လူပုံက ထွားထွား ကျိုင်းကျိုင်း။ တစ်ကိုယ်လုံး ညစ်ပတ်ပေရေနေပြီး အရက်တွေသောက်ထားသည်။

အသက်ကြီးကြီး ဇနီးမောင်နှံသည် ထိုဖြစ်ရပ်ကြောင့် ကြောက်ကြောက်လန့်လန့်နှင့်ပင် ရထားထောင့်ဆီသို့ အလုအယက် ထပြေးကြသည်။ ထိုသို့ပြေးနေခိုက် အမူးသမား လူထွားကြီးက အဘွားကြီး၏ နောက်ကျောကို ကန်ကျောက်ဖို့ ပြင်လိုက်သည်။ သို့သော် အဘွားကြီးက သိုးသိုးသွက်သွက် ရှိသွားသည်မို့ ကန်ချက်မှ လွတ်သွားရသည်။ အမျက်ဒေါသကြီးနေသော အမူးသမားသည် ရထားအလယ်တွင် ရှိနေသော သံတိုင်ကြီးအား အားကုန်လိန်လှည့်ဆွဲဖြုတ်နေသည်။ သူ၏ လက်တစ်ဖက်တွင် သွေးများပင် ထွက်လာသည်ကို ကျွန်တော် လှမ်းမြင်လိုက်ရသည်။ ရထားတိမ်းစောင်းသလို ရှိသွား၍ ခရီးသွားအချို့မှာ သွေးမှာခဲလောက်အောင် ကြောက်လန့်ခြောက်ခြား သွားရကြသည်။ ကျွန်တော်ကိုယ်တိုင် မတ်တပ်ရပ်သွားမိသည်အထိပါပင်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကတော့မူ ကျွန်တော်သည် ငယ်ရွယ်သူတစ်ဦးဖြစ်၍ ကိုယ်လုံးကိုယ်

ပေါက် ကြည့်ကောင်းသူ ဖြစ်သည်။ အိုက်ကီဒိုသိုင်းပညာကို တစ်နေ့ ၈ နာရီ မှန်မှန် လေ့ကျင့်လာသည်မှာ ခုနှစ်တိုင်တိုင် ကြာမြင့်ခဲ့ပြီ။ ထို့ကြောင့် ကန်ကျောက်ချင်စိတ် တိုက်ခိုက်ချင်စိတ်တွေသာ များနေသည်။ ကျွန်တော့်ကိုယ် ကျွန်တော် အားမာန်ကြီးမားသူဟု ထင်နေသည်။ သို့သော် တစ်ခုခက်နေသည်က သိုင်းပညာ၏ စည်းမျဉ်းတွင် ရန်ရှာပြီး စမ်းသပ်မကြည့်ရ။ ကိုယ့်ဖက်မှ စတင်ပြီး မတိုက်ခိုက်ရ စသည့် ပြဋ္ဌာန်းချက်တွေ ရှိနေသောကြောင့် ငြိမ်နေရခြင်းဖြစ်သည်။ အိုက်ကီဒို သင်တန်းသားတိုင်း ရန်ဖြစ်ပွားမှုကို တားမြစ်ပိတ်ပင်ထား၏။

အိုက်ကီဒိုပညာဆိုတာ သင်တန်းဆရာသည် အလျဉ်းသင့်တိုင်းပင် ပြောလေ့ရှိသည့်အတိုင်း "ရန်ပွဲကို ငြိမ်းစေတဲ့ ပညာသာဖြစ်တယ်။ စကြဝဠာတစ်ခုလုံးမှာ ရှိနေတဲ့ လူသားတိုင်း အဲဒီစိတ်သာ ညီတူညီမျှရှိနေရင် ရန်ဆိုတာ ပြိုကွဲမှာ ကျိန်းသေတယ်။ မင်းတို့တတွေဟာ တစ်ဖက်သားပေါ် အနိုင်ယူစိုးမိုးနိုင်လာဖို့ ကြိုးစားရင် မင်းတို့တတွေပဲ ရှုံးနိမ့်ရမယ်မှတ်။ တို့ အခုပညာသင်နေကြတာ ရန်ပွဲကို ငြိမ်းသတ်နိုင်ဖို့ပဲ ဖြစ်တယ်။ တို့တတွေ ဖက်က စတင်ဖို့ မဟုတ်ဘူး" သတိချပ်ရသည်။

ကျွန်တော်သည် ဆရာ၏ စကားလုံးများကို မြေဝယ်နားမကျ နားထောင်သည်။ အရာရာတိုင်း၌ သည်းညည်းခံနိုင်ဖို့ အားထုတ်သည်။ သို့ဖြင့် အားကစား

လေ့ကျင့်ခန်းမ ရုံးဝန်းကျင်တွင် **ချင်းမ်ပိုင့်ရှာ** ပလီလုံးဖြင့် ပစ်ကစားရသော တုတ်ကစားသမားတို့၏ ကလေကချေဟန် ရန်စခြင်းကို ရှောင်တိမ်းလိုသည့်အတွက် ခပ်ဝေးဝေးက ရှောင်သွားသည်။ ကျွန်တော်၏ သည်းညည်းခံနိုင်အားကို ကျွန်တော့်ဘာသာ ဘဝင်မြင့်မိ၏။ ထိုအခါ သန်မာမှုရှိသလို ခံစားရပြီး မြင့်မြတ်မှုရှိနေသည်ဟုပါ ခံစားနေရသလို ဖြစ်နေသည်။ မည်သို့ရှိစေ ကျွန်တော်၏ အသည်းနှလုံးထဲတွင်မူ အပြစ်မဲ့သူများကို အနိုင်ကျင့်ရန်စ ဖျက်ဆီးလာသူမျိုးကို ပြဋ္ဌာန်းစည်းမျဉ်းထဲမှပင် ဝင်ရောက်ဆုံးမယူဖို့ အခွင့်အလမ်းကိုသာ ရှာနေမိသည်မှာ အမှန်ပင်ဖြစ်သည်။

"အင်း အခုတွေ့နေတာ မတရားမှုပဲ" တီးတိုးရေရွတ်မိလိုက်ပြီး အလိုလို ရပ်မိပြီးသား ဖြစ်သွားရ သည်။ "အခု အဖြစ်က လူတွေအားလုံး အန္တရာယ်ရှိ တော့မယ့်ကိစ္စကြီးတစ်ခုပဲ။ ငါသာ တစ်ခုခု အမြန်ဝင်ပြီး မလှုပ်ရှားနိုင်ရင်တော့ တစ်ယောက်ယောက် ထိခိုက်နာကျင်ရတော့မှာ အမှန်ပဲ"

ကျွန်တော် ရုတ်တရက် မတ်တတ်ရပ်လိုက်ခြင်းသည်ပင် အမူးသမားအဖို့ သူတိုက်ခိုက်ရမည့် လူအပေါ် အာရုံရောက်သွားသလို ဖြစ်သွားရသည်။

"ဩော် . . ." သူက ကျယ်လောင်စွာ အော်လိုက်ရင်း "နိုင်ငံခြားသားကြီးပါလား၊ ဂျပန်နိုင်ငံအတွက် သင်ခန်းစာတစ်ခု လိုနေလို့ ထင်ပါရဲ့"

ကျွန်တော်က ခရီးသွားများ ကိုင်တွယ်ရန် တပ်ဆင်ထားသော ဦးခေါင်းတည့်တည်းနားက သားရေကြိုးပြားကို အသာကိုင်ထားလိုက်သည်။ သည်ကြက်ဆင်ကောင်ကို မနှောင့်ယှက်နိုင်အောင် ခွာထုတ်ဖို့ ကြံစည်နေမိသည်။ ကျွန်တော်သည် သူ့အား စက်ဆုပ်ရွံရှာစွာဖြင့် အသာတကြည့်ကြည့်နေမိသည်။ သို့သော် သူက မလှုပ်ရှားသရွေ့ ကိုယ်က စပြီးမလုပ်ပါ။ ကျွန်တော် သူ့ကို ဒေါပွသွားအောင် လုပ်ချင်လာသည်။ နှုတ်ခမ်းကို စူစူလေး လုပ်ပြလိုက်ပြီး ဖူးကနဲမှုတ်ပြလိုက်ကာ အနမ်းပျံ တစ်ချက်ပေးလိုက်သည်။

"ဩော်၊ ကောင်းပြီ" သူက အသံကျယ်လောင်စွာ ရေရွတ်လိုက်ပါသည်။ "မင်း ငါ့ဆီက သင်ခန်းစာ ယူချင်နေတာ သေချာသွားပြီ" သူက ကိုယ်ဟန်ချက်ကို ထိန်းလိုက်ပြီးနောက် ကျွန်တော့်ရှေ့သို့ ကမူးရှူးထိုး ပြေးဝင်လာသည်။

သူ မလှုပ်ရှားမီ စက္ကန့်အပိုင်းအစ အကြား၌ "ဟေး" ဆိုသော လှမ်းအော်သံတစ်ခု တစ်စုံတစ်ဦးထံမှ ကြားလိုက်ရသည်။ ထိုအော်သံသည် နားစည်ကို လာထိသည်။ ထိုအသံ၌ ရန်စောင်မှုမပါ။ ပျော်ရွှင်မြူးထူး သံမျိုးလို ဖြစ်နေသည်မို့ ယခုတိုင်အမှတ်ရနေဆဲ။ တစ်ခုသောအရာကို သူငယ်ချင်းနှစ်ယောက် ရှာဖွေရာမှ ရုတ်တရက် ရှာတွေ့လိုက်ရသည့် အသံမျိုးပါပင်။ "ဟေး" ဟူသောအသံ ထပ်မံထွက်လာပြန်၏။

ကျွန်တော်က ဘယ်ဘက်ကို လှည့်ကြည့်လိုက်သလို ကျွန်တော့်အား သင်ခန်းစာပေးချင်သည့် ငနဲသားက ညာဘက်သို့ ကြည့်သည်။ ကျွန်တော်တို့ နှစ်ဦးစလုံး၏ အကြည့်များထဲ၌ ဂျပန်အဘိုးအို ခပ်သေးသေးတစ်ဦးအား မြင်တွေ့နေရသည်။ အနည်းဆုံး အသက် ၇၀ အတွင်း ရှိလိမ့်မည်။ သေးသေးသွယ်သွယ် လူကြီးလူကောင်းတစ်ယောက် ဖြစ်သည်။ ဂျပန်ကီမိုနို အင်္ကျီအား သေသပ်စွာ ဝတ်ဆင်ထားသူ ထိုအဘိုးအိုလေး ထိုင်လျက်ရှိနေသည်ကို တွေ့ရသည်။ သူက ကျွန်တော့်အပေါ်မှာ သတိထားဟန်မရှိ။ အလုပ်သမား ဝတ်စုံနှင့် အရက်သမားကြီးထံသို့မူ ချစ်ခင်သော အရောင်များနှင့် ကြည့်နေသည်။ သူ့ပုံစံက အမူးသမားအား အလွန်အရေးကြီးသည့် လျှို့ဝှက်ချက်တစ်ခုကို မျှဝေပေးချင်နေသည့် ဟန်မျိုး။

"ဒီကိုလာစမ်းပါဦးကွဲ့" ဖရုသဝါသာ ချိုသာစွာ ခေါ်ရင်းက အမူးသမားအား လက်ဟန်ဖြင့် လှမ်းခေါ်၏။ "ဒီမှာထိုင်ပြီး ကျုပ်နဲ့ စကားပြောစမ်းပါလားကွဲ့" သူ့၏ လှုပ်ရှားမှုကပါ ညင်သာလွန်းသည်။

အမူးသမား လူထွားကြီးသည် ရုပ်သေးရုပ်ကြိုးဆွဲလိုက်သလို နာခံသွားသည်ကို တွေ့ရ၏။ သူက စစ်မိန့်နာခံသူကဲ့သို့ လူကြီးလူကောင်း အဘိုးကြီးရှေ့ သွားရပ်ရင်း ဆူညံသော ရထားဘီးပွတ်သံများ အကြားမှ အော်ပြော၏။ "ကျွန်တော် ဘယ်လိုရှင်းပြရမလဲ

တောင် မသိတော့ပါဘူး" ဟု ဆိုလာသော အမှုးသမား သည် ကျွန်တော့်အား ကျောပေးသွားပြီ ဖြစ်ပါသည်။ တစ်ရာပုံတစ်ပုံမိတာလောက်သာ လှုပ်ရှားနိုင်သော သူ့တံတောင်ဆစ်ကိုသာ ကျွန်တော် တိုက်ခိုက်လိုက်ပါက ယခုလောက်ဆိုလျှင် ကျွန်တော်သည် သူ၏ တိုက်ခိုက်မှုကို တွန်းလှဲပြီးနေလောက်ပြီ ဖြစ်သည်။

ဂျပန်အဘိုးကြီးလေးက နူးညံ့မှုပါသော အရောင်နှင့်ပင် အမှုးသမားအား ဆက်ပြောသည်။ "မင်း အခု ဘာတွေသောက်လာသလဲကွယ့်"။ ထိုအခါ အမှုး သမား၏ မျက်လုံးများ အရောင်တောက်လာသည်။ "ကျွန်တော် ဆာကေးအရက် သောက်လာတာပါ" ထို့နောက် လက်ဟန်ပြ၍ "အဲဒါ ခင်ဗျားကြီးနဲ့ မပတ်သက်ပါဘူး"ဟု ဆိုလိုက်ရာ တံတွေးမှုန်များ လွင့်ပါး၍ အဘိုး ကြီးလေးထံ သွားစင်သည်။

"အို အံ့သြစရာပါလားကွယ့်" အဘိုးကြီးလေး က ဆက်လက်၍ "တော်တော့်ကို အံ့သြစရာပဲ။ မင်းကို ပြောပြရဦးမယ်။ ကျုပ်လည်း ဆာကေး ကြိုက်တတ်တဲ့ လူတစ်ယောက်ပဲကွယ့်။ ညနေတိုင်း ကျုပ်နဲ့ ကျုပ်ဇနီး (သူ၏ဇနီးမှာ အသက် ၇၆ နှစ်ရှိပြီ) ဆာကေးပုလင်း လေးကိုကိုင်ပြီး ပန်းခြံထဲဆင်း၊ အဲဒီမှာရှိနေတဲ့ သစ် သားခုံတန်းရှည်ဟောင်းကြီးမှာထိုင်၊ ဆာကေး မော့တာ ပေါ့ကွာ။ အဲဒီကနေ နေလုံးကြီး အနောက်ဘက် ဝေါ ယာစွန်းဆီ ဝင်သွားတာကြည့်နဲ့။ ပြီးတော့ တစ်ခါ သစ်

မာပင်ကြီး ဘယ်အခြေအနေ ရောက်နေပြီလည်းဆိုတာ လေ့လာပေ့ါ။ အဲဒီအပင်က တို့အဘိုးရဲ့ အဖေကိုယ်တိုင် မျိုးစေ့ချပြီး စိုက်ခဲ့တာလေ။ ပြီးခဲ့တဲ့ ဆောင်းရာသီ ကုန်ဆုံးခါနီးက တိုက်ခိုက်လာတဲ့ နှင်းမုန်တိုင်းတွေ အောက်ကနေ ပြန်မှနာလန်ထူလာနိုင်ပ့ါမလားလို့တောင် အဲဒီ အပင်ပေါ် စိတ်ပူပန်လိုက်ရတာလေ။ တို့အပင်ကြီး ကတော့ တို့မျှော်လင့်နေတာထက်တောင် ပိုပြီးကောင်း နေပါရောလား။ ဒါတောင် မြေခွေးတွေက ဘယ် လောက်ညံ့သလဲဆိုတာ မင်းသိနိုင်တယ်။ အဲဒီညနေ ကလေးဟာ အပင်ကြောင့်ကော ဆာကေးကြောင့်ပါ စိတ်ကျေနပ်နိုင်စရာအတိ ဖြစ်လာရတယ်။ အဲ မိုးတွေရွာ နေတာတောင် ပျော်နိုင်တယ်" သူက အကြွမ်းဖက် သမားကြီးထံ အရောင်တဖျတ်ဖျတ် မျက်လုံးတွေနှင့် ကြည့်လိုက်၏။

ထိုသူသည် အဘိုးကြီး၏ စကားအာရုံတွေဆီ နားစိုက်နေရင်းကပင် တင်းမာနေသော မျက်နှာထားက တဖြည်းဖြည်း ပျော့ကျလာသည်။ ဆုပ်ထားသော လက် သီးတွေ တဖြေးဖြေး လျော့သွားသည်။ "ဟုတ်ကဲ့ ကျွန်တော်လည်း အဲဒီအပင်မျိုးကို ကြိုက်ပါတယ်" သူ့ အသံတွင် ရန်စောင်မှု အလျဉ်းပါမလာတော့ပြီ။

အဘိုးကြီး ပြုံးလျက်က ပြောသည်။

"အင်း ငါအသေအချာ ပြောရဲတယ်။ မင်းဆီ မှာ အံ့သြစရာကောင်းတဲ့ ဇနီးမယားရှိရမယ်"

ရွှေဝံစာအုပ်တိုက်

"မရှိတော့ပါဘူး" အမူးသမားက ဆိုသည်။ "ကျွန်တော့်မိန်းမ သေသွားပါပြီ" အတန်ငယ် ယိမ်းလှုပ်လာသော တွဲ၏ လှုပ်ရှားမှုအကြားတွင် လူထွားကြီးထံပါးမှ ရှိုက်သံကြားလာသည်။ "ကျွန်တော့်အဖို့ မိန်းမနဲ့အတူ မနေရတော့ပါဘူး။ ပြီးတော့ အိမ်မရှိ အလုပ်မရှိတဲ့ ဘဝမျိုးပါ။ ဒီအတွက် ကျွန်တော့်ကိုယ်ကျွန်တော်လည်း ရှက်မိပါရဲ့" ဟုဆိုပြီး သူ့ပါးပြင်တွင် မျက်ရည်ပေါက်များ ကျဆင်းလာသည်။ စိတ်ပျက်ညှိုးငယ်လှသော ခံစားချက်များက သူ့တစ်ကိုယ်လုံးကို ပျံ့သက်လာဟန် ရှိသည်။

ကျွန်တော်က အပြစ်မရှိသည့် လူငယ် တစ်ယောက်လို ဘာသိဘာသာ ရပ်နေမိသည်။ ကျွန်တော်သည် မှုမှုတတ စဉ်းစားကြည့်လိုက်သောအခါ မိမိသည် အဘိုးကြီးထက်ပင် ပိုမိုနိမ့်ကျသွားသလို ခံစားရသည်။

ထိုမှ နောက်ရထားကြီးသည် ကျွန်တော် ဆင်းရမည့် ဘူတာသို့ ဆိုက်လာ၏။ ရထားတံခါးများ ဖွင့်နေစဉ် အဘိုးကြီးလေး၏ ကြင်နာသော စကားသံများ လေတွင် ဝဲပျံ့လာသည်။ "အင်း . . . အင်း၊ မောင်ရင့်အဖြစ်က တကယ့်ဘေးကျပ်နံ့ကျပ်ကြီးပါပဲလား။ ကဲ ထိုင်ပြီး အဲဒီအကြောင်းတွေကို ရှင်းပြပါဦးလား"

ကျွန်တော်က မဆင်းမီ နောက်ဆုံးအဖြစ် တစ်ချက်လှည့်ကြည့်လိုက် ဖြစ်သည်။ အမူးသမားသည်

ထိုင်ခုံတွင် ထိုင်ရင်း သူ့ကိုယ်ကို ရှေ့သို့ လှဲချလိုက်ပြီး နောက် အဘိုးကြီး၏ ပေါင်ပေါ်တွင် ခေါင်းကိုမှေးတင် ထားလေတော့သည်။ အဘိုးကြီးကလည်း အမူးသမား ၏ ကျောပြင်ကို ပွတ်သပ်လိုက်၊ ဆံပင်ကို ဖွကိုင်လိုက် လုပ်ပေးနေသည်။

ကျွန်တော် ရထားပေါ်မှ ဆင်းလိုက်သည်။ ထို့နောက် ရထားထွက်သွားသောအခါ ခုံတန်းရှည်တစ်ခု မှာ ကျွန်တော် သွားထိုင်နေလိုက်သည်။ ယခုအချိန်မှာ တော့ ကျွန်တော့် ကြွက်သားများနှင့် လုပ်ချင်ခဲ့သည့် အရာသည် ကြင်နာသော စကားလုံးများဖြင့် ပြီးပြည့်စုံ စေခဲ့လေပြီ။ ကျွန်တော်သည် စောစောက ကြင်နာနူးညံ့ သော စကားလုံးများဖြင့် ဖြေရှင်းရမည့်အရာကို အကီဒို သိုင်းပညာနှင့် ဖြေရှင်းဖို့ စိတ်ကူးမိခဲ့သည် မဟုတ်ပါ လား။ ကျွန်တော့် အနေနှင့် သိုင်းပညာကို လုံးဝခြားနား သော စိတ်မျိုးဖြင့် လေ့ကျင့်ရပါတော့မည်။ ရန်စကို ငြိမ်း စေသည့် နည်းလမ်းအကြောင်း ကျွန်တော် ပြောနိုင်လာ သည့် အချိန်သည် အတော်ပင် နှောင်းခဲ့လေပြီ။

◆ ◆

# နှလုံးသားပေါ်က ခြေရာများ

Footprints on My Heart By Laura D. Norton

အချို့သော လူသားတို့သည် ကျွန်တော်တို့၏ နေ့ထိုင်မှု
ကမ္ဘာအတွင်းသို့ ဝင်ရောက်လာ၍ လျင်မြန်စွာပင် ပြန်လည်
ထွက်ခွာသွားကြ၏။ ကျွန်တော်တို့တတွေက တူညီသော
အကြောင်းတစ်ခုကို တစ်ခါမျှ မပြုပါလျှက် တချို့ကမူ
နေထိုင်သော ကာလအတွင်းမှာပင် နှလုံးသားမှာ ခြေရာများ
ထင်ကျန်သွားအောင် ပြုသွားတတ်သေးသည်။
အမည်မသိ

ခါးသက်စွာ အေးခဲလှသော ဇန်နဝါရီလ တစ်ရက်တွင် ကျွန်တော် စာပြနေသော ပဥ္စမတန်းထဲသို့ မဖွံ့ဖြိုးသည့် စာသင်သား တစ်ယောက်အဖြစ် ကျောင်းသား တစ်ယောက် ရောက်လာကာ ကျွန်တော်၏ နှလုံးသားပေါ်၌ ခြေရာများထင်ကျန်အောင် ပြုသွားခဲ့သော အဖြစ်နှင့် ကြုံခဲ့ဖူးသည်။

ထိုကျောင်းသား၏အမည်မှာ ဘော်ဘီဖြစ်

**ရွှေဝံစာအုပ်တိုက်**

သည်။ သူ့ကို ပထမဆုံးတွေ့ကာစက အပေါ်အင်္ကျီကျပ်ကျပ်၊ အောက်က ဘောင်းဘီကလည်း သေးသေးကျပ်ကျပ်နှင့် ဖြစ်သောကြောင့် သူနှင့် မလိုက်ဖက်လှ။ သူ့ပုံစံမှာ အေးချမ်းလှသော ရာသီဥတုကို မမှုသလိုပင်။ ဖိနပ်ကြိုးတစ်ခုမှာ ပါမလာသောကြောင့် သူ လမ်းလျှောက်သည့်အခါ ဘတ်လပ်ဘတ်လပ် ဖြစ်နေပါသည်။ ထိုပုံစံမျိုးမဟုတ်ဘဲ သင့်တင့်လျောက်ပတ်အောင် ဝတ်သော်မှပင် ဘော်ဘီပုံစံက ပုံစံမှန်တွင်မရှိ။ တစ်စုံတစ်ရာ၏ အခြောက်အလှန့်ခံနေရသူလို အရာအားလုံးကို အရှုံးပေးနေသည့်ပုံစံဖြင့် ကိုယ့်ကိုကိုယ် ဥပက္ခာရှုနေသလိုမျိုး။ သူ့လိုပုံစံဟန်ပန်မျိုးကို ကျွန်တော်အရင်က တစ်ခါမှ မမြင်ဖူးသလို နောက်လည်း မြင်ဖူးဖို့ မမျှော်လင့်တော့။

ဘော်ဘီသည် ဝတ်ပုံစားပုံသာလျှင် မဟုတ်။ သူ့အပြုအမူ ပုံစံတွေကပါ မှုမှန်ခြင်းမရှိသည်ကို မြင်နေရသည်။ ထို့ကြောင့် သူ့အတန်းကို ပိုင်ဆိုင်ထားသူ တစ်ဦးအနေဖြင့် သူ့အား နေထိုင်ဆက်ဆံမှုပညာ ကျွမ်းကျင်လာစေအောင် သင်ပေးဖို့ပါ တာဝန်ရှိလာပြီကို ကျွန်တော် သဘောပေါက်လာရသည်။ ကျောင်းခန်းမထဲရှိ လက်ဆေးအင်တုံကို ဘော်ဘီက သူ အပေါ့သွားရန် လုပ်ပေးထားသည့် နေရာဖြစ်မည်ဟု ထင်နေရှာ၏။ သူ့ပုံမှန်အသံကို ဟစ်အော်လိုက်သည့်အခါ ကမ္ဘာကျော် ဝေါ့လ်ဒစ္စနေကာတွန်းထဲက ဘဲဇာတ်လိုက် ဒေါ်နယ်

ဒတ်ခ်၏ အသံမျိုးပေါက်သွားရသည်။ ထို့ပြင် သူသည် အခြားမည်သူ တစ်စုံတစ်ရာနှင့်မျှ မျက်လုံးချင်း မဆိုင်မိအောင် နေထိုင်တတ်သူမျိုး ဖြစ်နေသည်။ ပြီးတော့ သူထင်တာတွေကို အတန်းချိန်အတွင်း အဆက်မပြတ်ပြောတတ်၏။ ပီ-အီးဆရာက သူ့ကိုယ်ပေါ်တွင် အနံ့ဆိုးထွက်နေ၍ အနံ့ပျောက်ဆေးရည် ဆွတ်ခိုင်းသည်ကိုပင် သူက ကျောင်းသားအားလုံးရှေ့မှာ ဂုဏ်ယူဝံ့ကြွားသလို ပြောတတ်တာမျိုးလည်း ရှိပြန်၏။

သူသည် လူမှုရေးကျွမ်းကျင်ပိုင်းတွင်သာ လိုအပ်နေသည်မဟုတ်ဘဲ စာဖက်တွင်လည်း အလားအလာ မရှိအောင် ညံ့ဖျင်းလှသူတစ်ယောက် ဖြစ်နေသေး၏။ ဘော်ဘီ အသက် ၁၁ နှစ်ပြည့်လာသည်အထိ ဘာစာကိုမှ မဖတ်တတ်၊ မရေးတတ်ဘဲ ရှိနေသည်မှာ အမှန်ပင်။ အက္ခရာစာလုံး အဆုံးအထိပင် ရေးပြတတ်ခြင်း မရှိ။ သူ့ကို ကျွန်တော် သင်ကြားနေသော ကျောင်းသားများနှင့် လုံးဝ အံ့ဝင်ခွင်ကျမှု မရှိဟုသာ ပြောရဖို့ ကျန်တော့သည်။

မှန်သည်။ ဘော်ဘီသည် ကျွန်တော့် အတန်းထဲသို့ နေရာမှား၍ ရောက်လာသူသာတည်း။ သူ့စာရင်းအမှတ်များကို စစ်ဆေးကြည့်သောအခါ သူ၏ ဉာဏ်အသုံးပြုမှု အိုင်ကျူမှာ ပုံမှန်အတိုင်းရှိနေသည်ကို သိလိုက်ရ၍ အတော်ထိတ်လန့်သွားမိ၏။ သူ၏ ပုံမှန်မရှိသည့် အပြုအမူအား မည်သို့ ကောက်ချက်ချ မှတ်ယူ

ရပါလိမ့်။ ထိုကိစ္စကို ကျောင်းအတိုင်ပင်ခံ လူကြီးထံ ကျွန်တော် တင်ပြဖြစ်သည်။ သူက ဘော်ဘီ၏ မိခင်နှင့် ဆုံဖူးသည်ဟု ပြောထားဖူးသည်။ ထိုအခါ သူက "ဘော်ဘီဟာ သူ့အမေထက်တောင် အများကြီး ပုံမှန်ပိုင်းကို နီးစပ်တယ်ဆိုတာ သိရတယ်" ဟူ၍ ပြောသည်။ ကျွန်တော်က ဘော်ဘီ၏ နောက်ကြောင်းမှတ်တမ်းများကို ထပ်မံအကျယ်ချဲ့လိုက် ကြည့်သည်။ ထိုအခါ ဘော်ဘီ၏ ဘဝအစ ပထမသုံးနှစ်ကို အထိန်းဌာနတွင် ကုန်ဆုံးသွားမှန်း အဖြေရလာသည်။ အဲသည်နောက် သူ့မိခင်ထံ ပြန်ရောက်လာသည့်အခါ နေရာတစ်နေရာစီတွင် တစ်နှစ်သာနေထိုင်ပြီး ပြောင်းရွှေ့သည့် အလေ့အထများ ရှိသည်ကိုပါ သိရှိလာ၏။ ထိုမျှလောက်ပင် ဖြစ်သည်။ ဘော်ဘီသည် ထူးဆန်းပြီး ခွတီးခွကျ ပုံစံများ ပြမူတတ်ပေမယ့်လည်း ဉာဏ်ရည် ပုံမှန် ရှိ၏။ သူ့အား ကျွန်တော့်အနေဖြင့် လက်ခံထိုက်မည်သာ။

ကျွန်တော့်အနေဖြင့် သူ့အား ကျွန်တော့် အတန်းတွင် ရောက်ရှိနေသည်ကို မခံစားနိုင်ကြောင်း ရင်နာစွာဖြင့် ဝန်ခံလိုသည်။ ကျွန်တော့် အတန်းမှာ ကျောင်းသားအပြည့်။ ပြီးတော့ အလားအလာကောင်းသော စာသင်သားတွေများသည်။ ကျွန်တော့် ဘဝ၌ ပုံမှန်အနေအထားထက် စွမ်းအားအရာ နိမ့်ကျသောသူ တစ်ဦးတစ်ယောက်မျှပင် မသင်ဖူးပြီ။ သူ နားလည်ဖို့ သင်ခန်းစာများ စီစဉ်ရသည်ကပင် ပိုမိုအားထုတ် လုပ်

ကိုင်နေရသည်။ သူရောက်လာပြီး ပထမပတ် အနည်းငယ်တွင် ကျွန်တော်သည် အိပ်ရာက ထလေတိုင်း ဗိုက်တွင် အခဲကြီးဖြစ်သလို ခံစားရပြီး ကျောင်းသို့ သွားရမည်ကိုပင် ခြောက်ခြားသလို ဖြစ်နေမိသည်။ တစ်နေ့နေ့ တစ်ချိန်ချိန် ကျောင်းတွင် သူရှိမလာသည့် ရက်ကိုသာ မျှော်လင့်ရင်း အားတင်းထားလာရသည်။ ကျွန်တော်သည် ဆရာကောင်းအဖြစ် အသိအမှတ် ပြုခံရမည်ကိုသာ ဂုဏ်ယူဝင့်ကြွားလိုသည်။ ထိုအခါ သူ့အား မကြိုက်ချင်စိတ်နှင့်အတူ ကျွန်တော် အတန်းထဲတွင် မထားချင်စိတ် ဖြစ်မိသည်ကိုပင် မိမိဘာသာ စက်ဆုပ်မိသွား၏။

သူက ရူးမတတ် ခေါင်းစားစေသော်လည်း ကျွန်တော်သည် အခြားကျောင်းသားတွေလို ရှုပ်ရှုပ်ချွန်ချွန် ရှိလာအောင် သူ့အား ပြုပြင်ယူမည်ဟု ကြိုးစားကြည့်ဖို့ ဆုံးဖြတ်လိုက်သည်။ ကျွန်တော့် အတန်းထဲ တွင် အခြားကျောင်းသားများ သူ့ကို အနိုင်မကျင့်ရ အောင်ပါ ကာကွယ်ဖို့ ဖြစ်သည်။ သို့သော်လည်း အတန်းအပြင်ရောက်လျှင်မူ ကျောင်းသားတွေက သူ့ကို အရူးလုပ်ချင်ပက်များ ပြနေကြသည်။ သူတို့တတွေက တစ်ယောက်ယောက်အား နာကျင်အောင် ညှိုးနွမ်းအောင် ဖန်တီးလာသူတစ်ယောက်အား ဝိုင်း၍တိုက်ခိုက်ရန်စောင့်ကြလေမည့် တိရိစ္ဆာန်အုပ်များနှင့်မခြား ရှိကြသည်မှာ အမှန်။

ရွှေဝံစာအုပ်တိုက်

ကျွန်တော့် အတန်းသို့ ဝင်ရောက်ပြီး တစ်လခန့်အကြာတွင် ဘော်ဘီသည် စုတ်လန်နေသောအကျီ၊ နှာခေါင်းပေါက်များမှ ယိုစီးကျရောက်နေသော သွေးတို့နှင့်အတူ အခန်းထဲသို့ ဝင်လာသည်။ ကျွန်တော့် အတန်းသားတို့၏ အုပ်စုလိုက် အနိုင်ကျင့်မှုကို ခံလိုက်ရခြင်းပင်။ ဘော်ဘီသည် ဘာမျှဖြစ်မလာသကဲ့သို့ပင် သူ့စာရေးစားပွဲနောက်၌ ဟန်မပျက်ပင် ထိုင်နေ၏။ သူ စာအုပ်ကိုဖတ်ဖို့ စာမျက်နှာများ အလှန်မှာပင် မျက်ရည်များနှင့် ရောယှက်နေသော သွေးစများက စာရွက်ပေါ်ကျလာ၏။ ကျွန်တော့်သည် တဆတ်ဆတ် တုန်သွားကာ ဘော်ဘီအား သူနာပြုတစ်ဦးထံသို့ ပို့လိုက်သလို၊ ကျောင်းသားတွေပေါ် လည်း ဆဲဆိုသော စကားလုံးများ အထိန်းအချုပ်မရှိ ပြောဆိုမိလိုက်သည်။ သူ့လို ဉာဏ်ရည်နည်းလှသော သူတစ်ဦးအပေါ် မုန်းစိတ်တစ်ခုထားရှိသော သူတို့ကိုယ်သူတို့ ရှက်သင့်ကြောင်း ကျွန်တော် ဆုံးမရသည်။ ထိုစကားလုံးများဖြင့် ကြိမ်းမောင်းအော်ဟစ် ပြောဆိုမိသည်မှာလည်း သူ၏ ဆန်းပြားနေပုံအပြုအမူတွေအပေါ် သူတို့တတွေဘက်မှ ကြင်နာစိတ်များ သမ်းလာစေချင်သော ဆန္ဒစိတ်ကြောင့်လည်း ဖြစ်သည်။ စကားလုံးဖြင့် ထိုးနှက်နေမိသော ကျွန်တော်သည် ကိုယ်ပြောနေသော အကြောင်းအရာများထဲမှာပင် ကျွန်တော့် အတွေးများကို ပြောင်းလဲစေသော စကားများ ပါလာနေ၍ နောင်တွင် သူ့အပေါ် မှာပါ ပြောင်းလဲ

ဆက်ဆံဖို့ စိတ်ပိုင်းဖြတ်မိလိုက်သလို ခံစားမိသည်။

ထိုအချိန်က ကြုံလာသော အကြောင်းမှ အစပြု၍ ဘော်ဘီအပေါ် နားလည်မှုထားသော ကျွန်တော်၏ ခံစားချက်များပါ ပြောင်းလဲသွားရသည်ဟု ဆိုရမည်။ ထိုမှစ၍ နောက်ဆုံး ကြုံလာသော မှုမမှန်သည့် အပြုအမူလေးကို ကျွန်တော်သည် ကလေးတစ်ယောက်၏ မသိနားမလည်မှုမျိုးနှင့် လူတွေ၏ ဂရုစိုက်မှုကို လိုနေသေးသော ကွက်လပ်တစ်ခုအဖြစ် ဘော်ဘီအပေါ် စိတ်ထားပြောင်းလဲလာရသည်။ ကျောင်းဆရာ တစ်ယောက်၏ အမှန်တကယ် ဆန်းစစ်မှုတွင် ကျောင်းစာတစ်ခုတည်းသာ မဟုတ်ဘဲ ထိုကလေး၏ လိုအပ်နေသော ဖြည့်ဆည်းမှုကိုပါ ဆန်းစစ် ဖြည့်ဆည်းဖို့ တာဝန်ရှိနေကြောင်း ကျွန်တော် အသိတရားရလာသည်။ ထိုအထဲမှာ ဘော်ဘီသည် အားလုံးထက် လိုအပ်နေမှုများသူတစ်ယောက်သာတည်း။

သို့ဖြင့် ကျွန်တော်သည် ကယ်တင်ခြင်းတပ်၏ အရောင်းဆိုင်မှ ဘော်ဘီအတွက် အဝတ်အစားတွေ စတင်ဝယ်တော့သည်။ ဘော်ဘီ့ထံပါး၌ ရှပ်အင်္ကျီသုံးထည်သာ ရှိနေသည်ကို တစ်နေ့နေ့မှာ ကျောင်းသားများ လှောင်ပြောင်လာကြမည်မှန်း ကျွန်တော်သိသည်။ ကျွန်တော်က သူ့ကိုယ်နှင့် ပုံစံကျ၍ ကြည့်ကောင်းလေမည့် အဝတ်တွေကို သတိထား၍ ရွေးရသည်။ ကျွန်တော့်ထံမှ လက်ခံရယူလာရသောအခါ သူသည် အထူး

တုန်လှုပ်သွားသလို ဘဝင်လေးပါ အတော်ခိုက်သွားရကြောင်း တွေ့ရသည်။ သူ့အား အတန်းဝင်လေတိုင်း အနိုင်ကျင့်မည်ဟု စိုးရိမ်စိတ်ဝင်မည့်အဖြစ်မှ လွတ်ကင်းအောင် ကျွန်တော်ကပင် စောင့်ကြပ်၍ သူနှင့်အတူ လိုက်ဝင်သည်။ ပြီးနောက် ကျောင်းခန်းမဝင်မီနှင့် အိမ်မပြန်ခင်စပ်ကြား သူနှင့်သာ အတူနေ၍ အချိန်ဖြုန်းသည့်ရက်များ များလာသည်။

ဘော်ဘီသည် အဝတ်အစား သစ်လွင်လာခြင်းနှင့်အတူ အတော်ဂရုစိုက်ခံရခြင်း အကြားမှာပင် မထင်မှတ်လောက်အောင် ပြောင်းလဲလာသည်။ သူ သည် ဥခွံထဲ ဝင်အောင်းနေရသည့်အဖြစ်က လွန် မြောက်ပြီ။ ဘော်ဘီသည် ကျွန်တော့်အတွက် ချစ်ခင်စရာကောင်းသော ကလေးတစ်ယောက်လို ဖြစ်လာသည်။ ပထမဦးဆုံး တိုးတက်လာသည့် သူ့အပြုအမူ ထဲ၌ ကျွန်တော့်မျက်နှာဆီ ဖျတ်ကနဲ ကြည့်တတ်လာ သည့် ပြောင်းလဲမှုလေးပါ ပါသည်။ ကျွန်တော်သည် လည်း ကျောင်းအတန်းထဲ ဝင်ရောက်ဖို့ ယခင်အချိန် ကလို မခြောက်ခြားရတော့ပြီ။ ထို့ပြင် သူခန်းမထဲ ဆင်းလာမည့်အချိန်ထိ ကျွန်တော့်ဘက်မှ နံနက်တိုင်း မျှော်ကြည့်လာတတ်ပြီ။ သူပေါ်မလာသောအခါ ကျွန်တော့်ရင်မှာ ပူပန်မှုပါ ဖြစ်နေရသည်။ သူ့အပေါ် ထားလာသည့် ကျွန်တော့် စိတ်ထားများ ပြောင်းနေပြီကိုပါ ကျွန်တော့် ဘာသာပင် သတိထားလာဖြစ်သည်။ ထို့

အတူ အခြားကျောင်းသားတွေကပါ ဘော်ဘီအပေါ် အပြောင်းလဲကြီး ပြောင်းလဲနေသည်ကိုပါ မြင်လာမိသည်။ သူတို့တတွေက ဘော်ဘီကို စောင့်၍ခေါ်ပြီး သူတို့၏ သူငယ်ချင်းလိုပင် သဘောထားလာသည်။

တစ်နေ့တွင်တော့မူ ဘော်ဘီသည် နောက်နှစ်ရက်အကြာတွင် ဤကျောင်းမှ အပြီးအပိုင် ထွက်ခွာသွားတော့မည်ဆိုသော အသိပေးစာကို ယူလာပါတော့ သည်။ ထိုအခါ အသည်းကွဲရသူမှာ ကျွန်တော်ပင် ဖြစ် သည်။ ကျွန်တော် ဆင်ပေးချင်နေသော အဝတ်အစား များပင် သူ့ကိုယ်ပေါ် မစုံလင်ချင်သေး။ ထို့သို့ဖြင့် ကျွန်တော်သည် အချိန်အား ရရချင်း စတိုးဆိုင်တစ်ခုဆီသို့ ထွက်သွားရာမှ သူ့အတွက် အဝတ်အစားများ ဝယ်ယူရသည်။ ထို့နောက် သူနှင့် ခွဲခွာခြင်း အမှတ်တရပစ္စည်း အဖြစ် သူ့အား ပေးလိုက်သည်။ သူက အဝတ်တွေပေါ်တွင် ပါလာသောတံဆိပ်များကို ကြည့်ရှု၍ "ကျွန်တော်တော့ အခုလို သစ်သစ်လွင်လွင်တွေမျိုး ဘဝမှာ တစ်ခါမှတောင် ဝတ်ဖူးမယ် မထင်ပါဘူး" ဟု ရေရွတ်၏။

ကျွန်တော့် ကျောင်းသားတချို့ကလည်း နောက်နှစ်ရက်တွင် ဘော်ဘီသည် ဤကျောင်းနယ်မြေမှ အပြီးအပိုင် ထွက်ခွာသွားတော့မည်ကို သိသွားကြသောကြောင့် ကျောင်းအဆင်းတွင် အားလုံးက ဘော်ဘီအတွက် ခွဲခွာခြင်း အထိမ်းအမှတ်ပွဲလေး ကျင်းပရ

မလားဟု ဝိုင်းပြီး မေးကြသည်။ "လုပ်သင့်တာပေါ့ကွာ" ဟု ကျွန်တော့် ပါးစပ်က ပြောလိုက်ရသော်လည်း စိတ်ထဲမှာတော့ "ပါတီပွဲလုပ်ဖို့ ခွင့်ပြုလိုက်တာနဲ့ သူတို့ရဲ့ အိမ်စာတွေ ပြီးမှာ မဟုတ်တော့ဘူး။ သူတို့တတွေကို မနက်ဖြန်မှာ ပါတီပွဲလုပ်ခွင့် မပေးနိုင်ဘူး" ဟု တွေးနေမိသည်။ ကျွန်တော်သည် သူတို့အားလုံး ပါတီပွဲကို တကယ်ပင် ကျင်းပလုပ်ဆောင် လာသောကြောင့် တအံ့တသြ ဖြစ်ရသည်။ နောက်တစ်နေ့မနက်တွင် သူတို့အားလုံးသည် ကိတ်မုန့်များ၊ အလှချိတ် ကြိုးများ၊ ပူဖောင်းများနှင့် ဘော်ဘီအတွက် လက်ဆောင်များကို ဝယ်ယူလာကြ၏။ ဩော် . . . သူ့ကို အလူးအလဲ နာကျင်အောင် လုပ်ခဲ့သူတို့ကပင် သူ့အပေါ် မိတ်ဆွေရင်းချာ တစ်ယောက်လို ဆက်ဆံလာကြပါလား။

ဘော်ဘီ၏ နောက်ဆုံးရက်တွင် ဘော်ဘီသည် ကြိုးချည်ထားသော ကလေးဖတ်စာအုပ် တစ်ထုပ်သယ်လာသည်ကို တွေ့ရသည်။ ကျောင်းသားများ ဝိုင်းဝန်း ကျင်းပပေးသော ပါတီပွဲတွင် သူ ပျော်မြူးနေသည်ကို တွေ့လိုက်ရသည်။ ပါတီပွဲ ပြီးသောအခါ သူ ဘာကြောင့် ကလေးဖတ်စာအုပ်တွေ ယူလာခဲ့ရတာလဲဟု သူ့ကို မေးမိသည်။ ထိုအခါ သူက . . .

"ဒီစာအုပ်တွေက ဆရာ့အတွက်ပါ။ ကျွန်တော့်မှာ စာအုပ်တွေ အများကြီးရှိတယ်လေ။ ဒါကြောင့် ဒီစာအုပ်တွေ ဆရာ့ကိုပေးဖို့ စိတ်ကူးမိလို့ပါ" ဟု

သူကဆိုသည်။ သူ့အနေနှင့် ထိုသို့ ပြောနေသော်လည်း သူ့အိမ်မှာ စာအုပ်တစ်အုပ်တလေမျှပင် ကျန်တော့မှာ မဟုတ်ဘူးဆိုတာကို ကျွန်တော် သိနေသည်။ သူ့လို ကလေးတစ်ယောက်အဖို့ နောက်ထပ် စာအုပ်များများ စားစား ရှိနိုင်ပါ့မလား။

ကျွန်တော် စာအုပ်တွေကို လှန်ကြည့်လိုက်သောအခါ ထိုစာအုပ်များမှာ သူနေထိုင်ရာ ရပ်ကွက်ရှိ စာကြည့်တိုက်မှ စာအုပ်များ ဖြစ်နေသည်ကို တွေ့လိုက်ရသည်။ တချို့စာအုပ်များတွင် "ဆရာ ဆရာမများအတွက် ကိုယ်ပိုင်စာအုပ်" ဟု ရေးသားထားသည်များကိုလည်း တွေ့ရသည်။ ထို့ကြောင့် ထိုစာအုပ်များမှာ ဘော်ဘီ၏ စာအုပ်များ ဖြစ်နိုင်စရာ လုံးဝမရှိ။ သူ့အနေနှင့် အကျိုးအကြောင်း ခိုင်လုံစွာ တင်ပြပြီး တောင်းယူလာသော စာအုပ်များဖြစ်ဖို့ များသည်။ သို့ရာတွင် သူက ထိုစာအုပ်များသည် ကျွန်တော့်အတွက် ဟု ဆိုနေသည်။ ကျွန်တော့်ကို ယခုလို ဆန်းပြားလှသော လက်ဆောင်ပစ္စည်းမျိုးပေးဖို့ မည်သူမျှ စိတ်ကူးမရခဲ့ဖူးကြပါ။ သူသည် ကျွန်တော်ပေးထားသော အဝတ်အစားများနှင့် တခြားအဝတ်အစားများမှလွဲ၍ ဘာမျှချန်မထားတော့ဘဲ စာအုပ်တွေ အားလုံးကို ကျွန်တော့်အား ပေးနေလေပြီ။

ဘော်ဘီက ထွက်ခွာကာနီးတွင် သူ့ကို ရဲဘော်တစ်ဦးအဖြစ်သဘောထား၍ စာရေးဖို့ ကျွန်တော့်ကို မေတ္တာရပ်ခံသည်။ သူသည် ကျွန်တော့် လိပ်စာကိုယူ၍

အခန်းထဲမှ ထွက်ခွာသွားသည်။ သို့ရာတွင် သူ၏ခြေရာများကိုတော့ သူ့စာအုပ်များနှင့်အတူ ကျွန်တော့်နှလုံးသားပေါ်တွင် ထာဝရ ချန်ရစ်ထားခဲ့လေသည်။

◆◆

# လူတိုင်းမှာ အရည်အချင်းရှိတယ်

Everybody Can Do Something By Jack Canfield

သာမန်လူနှင့် စစ်သည်ရဲမက်တို့၏ အခြေခံခြားနားချက်မှာ
စစ်သည်ရဲမက်တို့က အရာခပ်သိမ်းကို စိန်ခေါ်မှုရှိနေပြီး
သာမန်လူတို့ကတော့ မေတ္တာပို့ခြင်း၊ ကျိန်ဆဲခြင်းတို့ကိုသာ
တတ်နိုင်စွမ်းခြင်း ဖြစ်သည်။
ဒွန် ဂျူအန်း

ရော်ဂျာကရောဖို့ဒ်ထံတွင် လက်နှစ်ဖက်နှင့် ခြေတစ်ဖက် လိုအပ်နေသည်မှလွဲ၍ တင်းနစ်ကစားရန်အတွက် အဖက်ဖက်မှ ပြီးပြည့်စုံနေပြီဖြစ်သည်။

ရော်ဂျာ၏ မိဘများသည် သားဦးဖြစ်သည့် ရော်ဂျာကို ဖွားမြင်ခဲ့စဉ်က ရော်ဂျာ့၏ လက်တစ်ဖက်စီတွင် လက်မတစ်ချောင်းစီသာ ပါလာခဲ့သည်။ သူ့တွင် ညာဖက်လက်မောင်းနှင့် တန်းဆက်နေသည့် လက်မတစ်ချောင်းနှင့် ဘယ်ဖက်လက်မောင်းမှ ထွက်နေသည့် လက်မတစ်ချောင်းတို့သာ ပါလာခဲ့၏။ သူ့တွင် လက်

**ရွှေဝံစာအုပ်တိုက်**

ဖဝါး လုံးဝ မပါရှိခဲ့ပေ။ သူ၏ လက်မောင်းများနှင့် ခြေထောက်များသည် ပုတိုတိုလေးတွေ ဖြစ်နေခဲ့၏။ သူ၏ တွန့်ရှုံ့နေသော ညာခြေတွင် ခြေချောင်းလေး သုံးခုသာ ပါလာသည်။ သူ၏ ဘယ်ဖက်ခြေထောက်မှာ တွန့်ရှုံ့ပျက်စီးနေပြီး မကြာမီမှာပင် ဖြတ်တောက်ရတော့မည့် သဘောမှာ ပြနေ၏။ ဆရာဝန်က ရော်ဂျာသည် အမေရိကန်နိုင်ငံ၌ အယောက်ကိုးသောင်းမှာ တစ်ယောက် သာ ပါလာနိုင်သော ရှားပါးလှသည့် မွေးဖွားမှုတစ်ခုထဲမှ အမည်မဖော်နိုင်သော ရောဂါဆိုး ဝေဒနာသည် တစ်ယောက်ဟု မှတ်ချက်ချခဲ့သည်။ ဆရာဝန်က ရော်ဂျာသည် လုံးဝ လမ်းလျှောက်နိုင်တော့မည်မဟုတ်ဟု ထင်ကြောင်း၊ အထူးဂရုစိုက်နိုင်လွန်းမှသာ တောကာကျမည် ဖြစ်ကြောင်း ပြောခဲ့သည်။

ထိုဆရာဝန်၏ အဆိုပြုချက်ကို ရော်ဂျာ၏ မိဘများက မယုံနိုင်ဖြစ်ခဲ့သည်ကပင် ကံကောင်းသလို ဖြစ်လာခဲ့သည်။

ရော်ဂျာက . . .

"ကျွန်တော့် မိဘတွေက အမြဲသင်တယ်။ ကျွန်တော်စွမ်းဆောင်နိုင်သလောက် ဖြစ်လာမှာပဲတဲ့။ သူတို့က ကျွန်တော့်ကို ဘယ်တော့မှ အားငယ်ဝမ်းနည်း စိတ်မျိုး အဝင်အခံဘူး။ ကျွန်တော့်ရဲ့ ကိုယ်အင်္ဂါချို့တဲ့မှုကြောင့် သူတစ်ပါးအပေါ် အားကိုးတာမျိုး အဖြစ်မခံခဲ့ဘူး။ ကျွန်တော့်ရဲ့ အဖြေလွှာတွေက အမြဲနောက်ကျ

နေတာမို့ ကျောင်းမှာ ဒုက္ခတော့ ကောင်းကောင်းရောက်ခဲ့ဖူးတယ်" ဟု ရှင်းပြသည်။ ရော်ဂျာသည် စာရေးရာတွင် သူ့ လက်နှစ်ဖက်စလုံးကို အသုံးပြုရ၍ လက်ရေးအလွန်ညံ့ခဲ့ရသည်။

"ကျွန်တော့်ရဲ့ အိမ်စာတွေနဲ့ ပတ်သက်ပြီး နှစ်ရက်ပိုပြီး အချိန်ပေးဖို့ ဆရာမဆီ စာရေးပေးပါလို့ ဖေဖေ့ကို ပြောကြည့်ဖူးတယ်။ ဒီတော့ ဖေဖေက မရေးပေးတဲ့အပြင် အိမ်စာတွေကို နှစ်ရက်စောပြီး အောင်လုပ်လို့ ပြောခဲ့တယ်" ဟု ရော်ဂျာက ဆိုသည်။

ရော်ဂျာ၏ မိဘများက သူ့ကို အားကစားတွေ လုပ်ဖို့ အမြဲ တိုက်တွန်းအားပေးခဲ့သည်။ ဘော်လီဘော ဖမ်းပုံဖမ်းနည်းနှင့် ပစ်ပုံပစ်နည်းတို့ကိုလည်း သင်ကြားပေးသည်။ ကျောင်းဆင်းသောအခါ အိမ်နောက်ဖေးခြံထဲတွင် ဘောလုံးကန်တတ်အောင်ပါ သင်ပေးသည်။ သူ့အသက် ၁၂နှစ်၌ ကျောင်းဘောလုံး အသင်းတွင် အောင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ကစားကွင်း မဝင်မီ ရန်သူ့နောက်တန်းကို ဝင်၍ ဂိုးသွင်းယူဖို့ အမြဲစိတ်ကူးယဉ် အိပ်မက်မက်လေ့ရှိစမြဲ။ သို့နှင့် တစ်နေ့ သူ့ဆန္ဒ အခွင့်အလမ်းပေါ်လာရသည်။ ဘောလုံး သူ့လက်မောင်းပေါ် ပိုက်လာမိသည်နှင့် သူ၏ ခြေထောက်အတုကြီးကို အားထုတ်နိုင်သမျှ အားထုတ်၍ ဂိုးဝင်ပေါက်ဖက်သို့ ပြေး၏။ သူ့ဆရာနှင့်အတူ သူ၏ ကစားဖော်၊ ကစားဖက်များက

လိုက်လိုက်လှဲလှဲ အားပေးကြသည်။ သို့တိုင် ၁၀ ကိုက်ခန့် အရောက်၌ ပြိုင်ဘက်အသင်းက တစ်ယောက်သောသူက ရော်ဂျာ၏ လက်ဝဲဖက် ခြေမျက်စေ့ကို လှမ်းဆွဲ၏။ ရော်ဂျာက သူ၏ခြေတုကို လွတ်မြောက်အောင် အတင်းရုန်း၏။ သူက ရုန်းထွက်နိုင်မည့်အစား ခြေတုကြီး ပြုတ်ထွက်ခံရ၍ အဆုံးသတ်သွားခဲ့ရသည်။

"ဒါပေမဲ့ ကျွန်တော်ဟာ မတ်တပ်ရပ်နေတဲ့ အနေအထားက ဘုန်းဘုန်းလဲမသွားသေးဘူး။ ဘာလုပ်လို့ ဘာကိုင်ရမှန်း အကြံအိုက်ပြီး ဖြစ်ချင်တာဖြစ်ဆိုပြီး ဂိုးပေါက်ဆီ ခုန်လိုက်မိတယ်။ ပြိုင်ဘက်ကပြေးပြီး သူ့လက်တွေနဲ့ ဝဲနေတဲ့ ဘောလုံးကို ဖျက်ဖို့ကြံတယ်။ ဂိုးပေါက်ထဲဝင်သွားရတယ်။ ကျွန်တော့် ခြေတုကြီးကို ကိုင်ထားတဲ့ ပြိုင်ဖက်ရဲ့ မျက်နှာကြီးကို မြင်ရတာဟာ ၆ မှတ်လောက်သာအောင် ဂိုးရသလို ခံစားလိုက်ရ တယ်"ဟု သူက ပြောလာသည်။

ရောဂျာ၏ အားကစားပေါ် ချစ်သည့် စိတ်ဓာတ်သည် ကြီးမားလာသလိုပင်။ ကိုယ့်ကိုကိုယ် ယုံကြည်အားကိုးသည့် စိတ်ကလည်း တိုးပွားလာရသည်။ သို့သော် သူ့ဆုံးဖြတ်ချက်တိုင်း၌ အပိတ်အဆို့ အဆီးအတား မှန်သမျှ မခံချင်ခြင်းမှအစပြုရ လာခြင်းဖြစ်သည်။ သူ့ကို စောင့်ကြည့်နေကြသော အခြားချာတိတ်များနှင့်အတူ နေ့လည်စာ စား၏။ စမ်းစမ်းဝါးဝါးနှင့် အားထုတ်စားသောက်နေရသော သူ့အဖြစ်ကို ဝိုင်း

အကြည့်ခံရ၍ ရင်ထဲ နာကျင်မိသလိုတော့ ရှိသည်။ ထိုကဲ့သို့ အမှားမျိုးကိုပင် လက်နှိပ်စက်ရိုက် သင်တန်းတွင်ပါ ထပ်မံမှားလာ၏။

"လက်နှိပ်စက်ရိုက်သင်တန်းကနေ ကျွန်တော် အကောင်းဆုံး သင်ခန်းစာတစ်ခု ရယူလာရပြန်တယ်" ရော်ဂျာကဆိုလျက် "လူတစ်ယောက်ဟာ ကိုယ်လုပ်ချင်တာ မှန်သမျှပေါ်မှာ လုပ်ချင်တိုင်း မရနိုင်ဘူး။ ဒါကြောင့် မို့ အကောင်းဆုံးသော စူးစိုက်မှုကို ရနိုင်တာဟာ ကိုယ်လုပ်နိုင်တဲ့ အလုပ်မှာပဲ ရှိတယ်ဆိုတာကိုပါ"

ရော်ဂျာအဖို့ တစ်ခုစွမ်းလာသည်မှာ တင်းနစ်ရိုက်ဘက်တံကို လွှဲရိုက်လာနိုင်ခြင်းပင် ဖြစ်ပါသည်။ သို့သော် အရမ်းလွှဲ၍ ရိုက်မည်ဟု ကြံဆတိုင်းမှာ အားဖျော့သော အကိုင်အတွယ်ကြောင့် လွတ်ကျချင်ချင် ဖြစ်နေတတ်သည်။ ကံကောင်းချင်တော့ မမျှော်လင့်ဘဲနှင့် အားကစားပစ္စည်းဆိုင်ထဲမှ ရက်ကက်ဘတ်တံကို လက်ကိုင်အရစ်ကြောင်း နှစ်တန်းဖြင့် သွားတွေ့ရ၍ ညှပ်ကိုင်ကြည့်လိုက်ရာ အဆင်ပြေပြေ ရှိနေသည်။ လက်ဆ၍ လွှဲရိုက်ကြည့်လိုက်ရာတွင် သက်တောင့်သက်သာ ရှိလွန်းလှသည်။ ဘောလုံးက ရိုက်အားရှိလှသူ၏ လက်မှ ပြေးထွက်သွားသော ရိုက်ချက်လို ရှိနေ၏။ သူက နေ့စဉ်ပုံမှန် လေ့ကျင့်ရင်းနှင့်ပင် မကြာမီ ပုံမှန်ရိုက်ချက်ကိုပါ ရိုက်လာနိုင်သည်။ ပြီးတော့ နှုံးတစ်ခါ၊ နိုင်တစ်လှည့် နှင့် မပြတ်လေ့ကျင့်သည်။

ရော်ဂျာသည် စွဲမြဲစွာ လေ့ကျင့်မှုရှိသူမျိုး ဖြစ်သည်။ လေ့ကျင့်ရင်း လေ့ကျင့်လိုက်၊ ကစားရင်း ကစားလိုက်နှင့်။ နောက်ထပ်လက်နှစ်ချောင်းကို ဘယ်ဘက်၌ ခွဲစိပ်၍ တပ်ဆင်လိုက်ခြင်းဖြင့် ရော်ဂျာသည် အထူးလူတော်တစ်ဦး ဖြစ်လာကာ ကစားပွဲတွင် အောင်နိုင်သူတစ်ဦး ဖြစ်လာရတော့သည်။ သို့သော် သူ့ကို သင်ကြားပြသပေးမည့်သူ တစ်ဦးမျှပင် မရှိဘဲ ဖြစ်နေသည်။ မည်သို့ရှိစေ သူသည် တင်းနစ်ဘတ်တံကို နိုင်နင်းစွာ ကိုင်နိုင်လာရာက အစပြု၍ အောင်နိုင်သူတစ်ဦးဘဝကို စတင်ရောက်သွား၏။

တက္ကသိုလ်၏ တင်းနစ်ရိုက်ပြိုင်ပွဲတွင် ရော်ဂျာသည် ၂၂ ပွဲအနိုင်ရ၍ ၁၁ပွဲ ရှုံးလေသည်။ သို့နှင့် မကြာမီမှာပင် ယူနိုက်တက်စတိတ် ပရော်ဖက်ရှင်နယ် တင်းနစ်အသင်းကြီး၏ မသန်မစွမ်းသူများ ပြိုင်ပွဲပထမ ဆုရမှတ်တမ်းလွှာကို ရော်ဂျာ အချိတ်ခံ၊ ဂုဏ်ပြုခံလာရတော့သည်။ ယခုအခါ ရော်ဂျာသည် မြို့အနှံ့အပြားသို့ ခရီးလှည့်လည်ပြီး ရောက်သည့်အရပ်တွင် သူ မည်သို့မည်ပုံဖြင့် အောင်ပွဲခံလာနိုင်ပုံတို့ကို လူအများအား ရှင်းလင်းဟောကြားခြင်း၊ မည်သူမည်ဝါမခွဲ ပြောပြခြင်း များ ရှိလာ၏။

"ခင်ဗျားတို့အားလုံးနဲ့ ကျွန်တော်ဟာ ခြားနားတာဆို တစ်ခုပဲရှိနေတယ်။ ခင်ဗျားတို့တတွေဟာ ကျွန်တော့်ရဲ့ မသန်မစွမ်းရှိမှုကို မြင်လို့ရကြပေမယ့် ကျွန်

တော်ကတော့ ခင်ဗျားတို့ကို အဲသည်အဖြစ်နဲ့ မမြင်ရတဲ့ အဖြစ်ပါပဲ။ အောင်နိုင်မှုကို ကျွန်တော်တို့အားလုံး ပိုင်ဆိုင်ရယူနိုင်တယ်ဆိုတာ သိကြဖို့ပါပဲ။ လူတွေက ကျွန်တော့်ကို မေးလာကြလိမ့်မယ်။ ကျွန်တော့်ရဲ့ မပြည့်မဝတဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို ဘယ်လိုလွှမ်းမိုးမှု အင်အားနဲ့ ကျွန်တော် ချုပ်ကိုင်ခဲ့သလဲ ဆိုတာမျိုးပေါ့။ ဒီတော့ ကျွန်တော်ဟာ ဘယ်လိုအရာနဲ့မှ မထိန်းချုပ် ဘူးဆိုတာ ရှင်းပြလိုက်ရတယ်။ အရိုးသားဆုံးပြောရရင် ကျွန်တော် မစွမ်းဆောင်နိုင်တဲ့ ကိစ္စကို ရအောင် လုပ်ကြည့်တယ်။ ဥပမာ ပီယာနို တီးတာမျိုး၊ အစာကို တူနဲ့ကိုင်စားကြည့်တာမျိုးတွေ။ ဒါပေမဲ့ ပိုပြီး အရေးကြီးတဲ့အရာ တစ်ခုကတော့ ကျွန်တော် လုပ်နိုင်တာကိုပဲ ရအောင်သင်ကြားယူနေတာ ဖြစ်တယ်။ ဒါကြောင့်လည်းပဲ ကျွန်တော့်ရဲ့ အသည်းနှလုံးနဲ့ကော မနောဝိဉာဉ်နဲ့ပါ ကျွန်တော် အားစိုက်ပြီး လုပ်ဆောင်လာနိုင်တာ ဖြစ်ပါတယ်"

◆ ◆

# ဝပ်ရုလေးများနှင့် မဟွစ်ဘာတက်

It's a House, It's a Cow, It's Mrs. Burk By April Burk

ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီဟု ဝမ်းဆွဲလက်သည်ဆီမှ ကြားရစဉ်က ကျွန်မသည် စတုတ္ထအဆင့်ရှိ ကျောင်းခန်း တစ်ခုတွင် ဆရာမ၏ အကူအဖြစ် တာဝန်ထမ်းဆောင် နေချိန် ဖြစ်သည်။ ကျွန်မက ရှောင်လွဲ၍ မရနိုင်သော မေးခွန်းတံတိုင်းများကို ရှောင်တိမ်းဖို့ ကြိုးစားသည်။ ကျွန်မမှာ ကိုယ်ဝန်ရှိနေပြီဆိုသည့် သတင်းကို တတ်နိုင် သလောက် ကျောင်းသားတွေ သိမသွားအောင် ထိန်ချန် ထားဖို့ အားထုတ်ရသည်။ သို့သော် ဝက်တစ်ကောင် အင်ဥကို ရှာဖွေသလို အမြစ်ကစ၍ လှန်ရှာတတ်သော နာ့တာလ်ရီကိုတော့ ကျွန်မ ကွင်းရှောင်၍ ရမည် မထင်ပါ။

**ရွှေဝံစာအုပ်တိုက်**

မကြာသေးခင်ကမှ အစ်မကြီးဖြစ်လာရသော နာတာလ်ရီသည် သူ့ကိုယ်သူ ကိုယ်ဝန်ကိစ္စများတွင် ကျွမ်းကျင်သူဟု ထင်နေရှာသည်။ သူ့မေမေ ကိုယ်ဝန်မဆောင်နိုင်တော့ကတည်းက သူ့တို့ကိုယ်သူတို့ ကိုယ် ဝန်ရှိတာ ဘယ်သူမှ မသိနိုင်ဟု ထင်နေသော မိန်းမ များထံသို့ သူ့အာရုံက ရောက်သွားသည်။ ပိန်သွယ်လှ သော ဆရာမလေးကို သူ ဘေးတစောင်း အနေအထား က အကဲခတ်စိုက်ကြည့်ရင်း ပြောသည်။ "မစ္စစ်ဒေလီမှာ ကိုယ်ဝန်ဆောင်နေရတာကို ငါ အတတ်ပြောရဲတယ်" ထိုသတင်းစကားက ချက်ချင်းပျံ့နှံ့သွား၏။ နောက်ဆုံး ကျောင်းဆရာမလေး မစ္စစ်ဒေလီထံ ထိုသတင်းစကား ရောက်လာပြီး အမေးခံလာရသမျှကို မဟုတ်ကြောင်း ပြောင်ပင် ငြင်း၏။ ထိုမှတဖန် နာတာလ်ရီ၏ စူးစမ်း တတ်သော မျက်လုံးတွေက ကိုးနှစ်ရွယ်ကျောင်းသား လေးတွေ၏ ဝမ်းပမ်းတသာ အကြိုအဆိုခံနေရသော မစ္စစ်စကော်ဖီးလ်ပေါ် ကျရောက်သွားရာမှ ကောလာ ဟလ စကားသံများကပါ အသံထပ်လာသည်။ နောက် ဆုံး သူ့အကြည့်ခံလိုက်ရသည့် ကျွန်မ အလှည့်ရောက် လာသည်။ သူ၏ အနံ့အသက် ခံတတ်သောနှာခေါင်း ကျွန်မဆီရောက်လာမည့် အချိန်အား ပြောင်မငြင်းသည့် နည်းဖြင့် လိမ္မာပါးနပ်စွာ ဖြေဖို့ ကျွန်မ ကြံထားပြီးနေပြီ။ ကျွန်မ ပြောင်တော့မညာချင်။

သူက အခြားကောင်မလေး ၃ ယောက်၏ နောက်လိုက်ခြံရံမှုနှင့်အတူ ကျွန်မ၏ အပါးသို့ ချဉ်း

ကပ်လာပြီး မေးသည်။ (ပြောလာသည်ဆိုက ပိုမှန်ပါမည်) "မစ္စစ်ဘတ်ဂ်ရဲ့ ကလေးက ဘယ်တော့ လောက်မှ မွေးမှာလဲ။ ဘာကြောင့်လဲဆိုတော့ မစ္စစ်ဘတ်ဂ်ဟာ မိခင်လောင်းအဖြစ် မျှော်လင့်လို့ ရနိုင်ပြီဆိုတာ ကျွန်မ အတတ်ပြောနိုင်လို့လေ"ဟုဆို၏။ ကျွန်မက သူ့စကားကို အပြောင်အပျက်လုပ်၍ ဖြေသည်။ "အို နာတာလ်ရီရယ် မင်းဟာလေ လူတိုင်းကို ကိုယ်ဝန်ဆောင်ချည်းပဲ ကောက်ချက်ချနေတာကိုး"။ ကျွန်မ၏ အပြောကို သူဖွဲ့ မလျှော့ချင်သေးဟန် မရှိ။ နံနက်တိုင်း မျက်နှာပြုံးဖြီးဖြီး လေးလုပ်၍ သူ၏ အဆွဲဆောင်နိုင်ဆုံးသော အပြုံးနှင့် မေးလာတတ်ပြန်၏။ "ကျွန်မကို ပြောပြလို့ ရပါတယ်။ မစ္စစ်ဘတ်ဂ်မှာ ကိုယ်ဝန်ရှိနေပြီ မဟုတ်လားဟင်" ကျွန်မက သူ့ကို ဂရမ္မာသင်ခန်းစာ (ဝါ) သဒ္ဒါနည်းဖြင့် ပြန်ပြောလိုက်သည်။ "ဟုတ်တယ် မဟုတ်လားဆိုတာမှာ မဟုတ်ဆိုတာ ပါနေတယ်လေ"

သူကတော့ သူဆုပ်ကိုင်ထားသည့် အယူအဆဘာသာရပ်ကို ကျွန်မ မဖုံးသာသည်အထိ အားထုတ်နေဆဲပင်။ ကျွန်မ လှီးလွှဲစကားဆိုလိုက်သည်။ "မင်းက ဘာကိုကြည့်ပြီး ဒါလောက် သေချာတတ်အပ်စွပ်စွဲနေရတာလဲ။ ဘာလဲ တို့များ ကိုယ်လုံးအဝ ပျက်လာလို့လား" ဘာပဲပြောပြော အဆုံးမှာတော့ သူ့ဖွဲ့ကို ကျွန်မဖက်ကသာ လက်မြှောက်အရှုံးပေးလိုက်ရပြီး ဇွန်လထဲမှာ မွေးဖို့သတ်မှတ်ရက်ရထားသည့်အကြောင်း

ဖြေလိုက်ရသည်။ နောက်ထပ် ၆ လတိုင်တိုင် လိုသေးသည်။ နာတာလီရီ တုန်လှုပ်သွားဟန်ရှိသည်။ သူ့ကိုယ်သူ ကိုယ်ဝန်ဆောင် မိန်းမတွေအပေါ် ဩဇာလွှမ်းမိုး စိုးစံနိုင်သော နတ်ဘုရားမလို ထင်မှတ်လိုက်ဟန်။ သူ ကျွန်မဆီမှာ ခြောက်ကြိမ်လောက် စူးစမ်းပြီးမှ ရှေ့တံဆိပ် ဆွတ်ခူးသွားနိုင်ခြင်း ဖြစ်သည်။

နံနက်ခင်းတွင် မအီမသာဖြစ်ခြင်းသည် ကိုယ်ဝန်ဆောင်တိုင်းလိုလို အခံရခက်လှ၏။ သို့သော် ကိုယ်ဝန်လွယ်ပိုက်ထားသော ဆရာမများအား ရေရာသေချာသော အနာဂတ်နှင့် အလှမ်းဝေးနေသေးသည့် ကိုးနှစ်ရွယ် ကလေးလေးများကဲ့သို့ ရေချိုးအိပ်သာ သီးသန့်လုပ်ပေးထားသည်မှာ အထူးနာကျင်စရာ အချက်လို ဖြစ်နေသည်။ ကျွန်မ ကိုယ်ဝန်ရိပ်ပြလာချိန်တွင် ကျောင်းရုံးခန်းထဲရှိ လူငယ်နားနေခန်းအား အသုံးပြုခွင့်ရရန် ကြိုးစားအားထုတ်နိုင်ဖြစ်၍ ကျွန်မအဖို့ လုံလောက်သော ကျေနပ်မှုရသည်။

ကျောင်းဖွင့်ချိန်ကာလအတွင်း ကျွန်မအား မေးလာသော မေးခွန်းများကိုသာ ရင်ဆိုင်နေရသည်။ "ဆရာမရဲ့ ဝမ်းဗိုက်ထဲက ကလေးက ဆရာမ ချဉ်သီးစားတာကို ကြိုက်နိုင်ပါ့မလား" ဆိုသော အမေးမျိုးတွေ။ "ကလေးတစ်ယောက် လေလည်ရင် အသံဘယ်လို ထွက်သလဲ" ဆိုသည့် ပေါက်ပေါက်ရှာရှာ မေးခွန်းတွေ။ ကျွန်မ ကျောင်းသားကောင်လေးတွေ၊ ကျောင်းသူ

ကောင်မလေးတွေနှင့် ပျော်နိုင်နေသည်ကို မီလ်တန်က ထိတ်လန့်ဟန်ရှိသည်။ "အို . . . မစ္စစ်ဘတ်က် မိန်းကလေးတစ်ယောက် မွေးလာရင် ဘယ်လိုလုပ်မလဲ။ မိန်းကလေးတွေဟာ သိပ်အမြင်ကပ်ဖို့ ကောင်းတာ။ အဲခင်ဗျားက လွဲရင်ပြောတာနော်" ဟု ဆိုလာသည်။

ကလေးမလေးနှစ်ယောက်က နေ့စဉ်ပင် ကျွန်မအား ကလေးတစ်ယောက်သဖွယ်နမ်း၍ လာနှုတ်ဆက်လေ့ရှိသည်။ ကောင်လေးတစ်ယောက်၊ နှစ်ယောက်က သူတို့လေးတွေကို "ဟုပ်နဲ့ရှိနီကာတို့က ဆရာမကို ချစ်နေကြတယ်ပေါ့" နောက်ပြောင် ကျီစယ်ကြသည်။ မာန်လေးတွေ တင်းထားသည့် ကလေးမလေးတွေက နောင်ပြောင်သူတွေအား အဖတ်တောင်လုပ်မပြဘဲ ကျွန်မ ဗိုက်ဆီကုန်း၍ပင် နမ်းပြလိုက်သေး၏။ ကျွန်မ အိမ်ကို ပြန်ရောက်ချိန်တွင်တော့မှ အဝတ်ပေါ်က ခါးရိုးကြောင်းက စပျစ်ချိုရည် အနမ်း၏ စွန်းထင်းမှုတွေ၊ ပစ်ဇာမုန့် အဆီလူးသည့် လက်ချောင်းတွေဖြင့် အကိုင်ခံလိုက်ရသည့် အစွန်းကွက်တွေကို ပြောင်အောင် လျှော်ရဖွတ်ရပါတော့သည်။

နှင်းခါးများ အဆက်မပြတ် ကျရောက်နေသည်ကို ကြည့်နေမိသည်။ ကင်န်ဒယ်လ်သည် တစ်နေ့တွင်သင်္ချာသင်ခန်းစာ ပြနေသော ကျွန်မအား ကြားဖြတ်၍ မေးလာပြန်၏။ "မစ္စစ်ဘတ်ဂ်မှာ ကိုယ်ဝန်ရှိနေလားဟင်" သူ့ထံပါးမှ အမြင်တစ်ခုကို ရလိုက်သည့်အခါ

ကျွန်မ အတော်လန့်သွားရသည်။ ရှစ်လတိုင်လာသော အခါ ကျွန်မသည် ဘလောက်စ်အင်္ကျီများ၏ ချုပ်ရိုး ကြောင်းတွေကို သီတင်းပတ်ပေါင်း အတော်ကြာသည် အထိ ဖြေလိုက်ချုပ်လိုက် လုပ်ရသည်။ ဖရက်ဒ်ဒီဆို သည့် ကောင်လေး စကားသံပြတ်ပြတ်နှင့် အော်သည့် အသံက ကျွန်မအတွေးထဲ ရောက်နေသည်။ "ကိုယ့်လူ ရေ မင်းဘယ်ရောက်နေသလဲ။ မင်းကို ဆောင်ထားတဲ့ သူကတော့ အိမ်လောက်ကြီးကို ကြီးလာပြီ"

ကီကီသည် ကျွန်မအား အခွင့်အလမ်းရသည့် မေးခွန်းဟူသမျှ ထုတ်လေ့ရှိသူမျိုး၊ ပြီးတော့ ပြောတတ် သူမျိုး ဖြစ်သည်။ "မစ္စစ်ဘတ်က်တော့ တကယ့်ကို နာနေအောင် ခံစားရမှာ အမှန်ပဲ။ ငိုတောင်ငိုမိသွား မလားပဲ" ဟုဆိုသည်။ သူက နိမိတ်ဖတ်ဆရာ ယီးရှွန်း ၏ စိတ်အာရုံများ ရသွားသလား မသိ။ ကျွန်မ မွေးဖွား နေပုံဆို၍ ရေးဆွဲကာ လာပြ၏။ ကျွန်မ၏ ဒူးနှစ်ခုက လေထဲမှာ ထောင်နေသည်။ ကျွန်မ၏ ပါးပြင်က ပေါက် ပေါက်ကျနေသော မျက်ရည်တို့ဖြင့် မိချောင်းမျက်ရည် အလား ချောင်းပင် စီးနေသည့်ပုံ။ ကျွန်မ ခေါင်းထက် တွင် ပူပေါင်းပုံတစ်ခု ရေးဆွဲထားပြီး အပေါ်တွင် စာ တန်းရေးထားပုံက "အိုး" ဟု အသံထွက်နေဟန်။

ကစားကွင်းတွင် လူရှင်းလင်းနေခိုက် ဝီလာက ကျွန်မ ဝမ်းဗိုက်ဆီ ထိုးပြလာပြီး မေး၏။

"ကလေးက ဘယ်နေရာကနေ အပြင်ကို ထွက်လာနိုင်မှာလဲဟင်။ ဟိုနေရာက . . . အဲ" ဟုဆိုပြီး

သူကလေးက လက်ကလေးကို ကွေးထားရင်း ဟိုဟိုဒီဒီ ထိုးပြနေသည်။ "ကလေးအောက်ကို ဆင်းရင်ရော သိရမှာလားဟင်" ဟု ထပ်မေးပြန်သည်။ ကျွန်မသည် ဘဘာဝတရားက ပေးသော ကလေးမွေးခြင်းကိစ္စကို ဖြစ်စေ၊ ကလေးမွေးရသည့် နေရာနှင့် ပတ်သက်၍ မေးမြန်းလာသည်ဖြစ်စေ ဖြေရမှာကို အလွန် စိတ်ကုန်လှသည်။ သူကလေးသည်လည်း စကားပြောလျှင် ညစ်တီးညစ်ပတ်လေး မပါလျှင် မပြောတတ်သလိုပင်။

ကျွန်မ ရေအိမ်သို့ အကြိမ်ကြိမ် သွားနေရသည်ကို တွေ့လိုက်သောကြောင့် ဗိုက်ထဲက ကလေး ဆီးအိမ်ကို ရောက်နေပြီဟု ဂျွန်က ပီအီးအတန်းကို သွားပြော၏။

ကျွန်မ ရိုးရိုးသားသား ရှက်မိနေတာလားဟု တွေးနေမိသည်။ မွိုင်ရာက ကျောင်းအုပ်ကြီးထံ သတင်းသွားပို့သည်မှာ ကျွန်မမွေးဖွားပြီးသည်နှင့် "နို့ထွက်ကောင်းမည်။ နွားတစ်ကောင်လို နို့ထွက်လိမ့်မည်" ဆိုသောစကားမှာ မှားများမှားနေမည်လား။

ကျွန်မ၏ မွေးဖွားရက်သည် နွေရာသီအထိ ကြာမြင့်မည် မဟုတ်။ ကလေးတွေက ဗိုက်ထဲက ကလေးအတွက် ကျောင်းပိတ်ရက်မတိုင်မီမှာ လက်ဆောင်တွေ ပေးချင်နေကြသည်။ ဤသို့ဖြင့် မိုးရွာသော တစ်နေ့တွင် ကျွန်မသည် မဂ္ဂဇင်းထဲမှာပါသည့် ညွှန်ကြားမှုများကို လုပ်ဆောင်သည်။ ကျွန်မသည် စက္ကူပန်း

ကန်ချပ်များကို ယူရသည်။ ထိုပန်းကန်တွေထဲတွင် ဘာ အစွန်းအထင်းမှ မရှိ။ မဂ္ဂဇင်း၏ ညွှန်ကြားချက်က ထိုပန်းကန်တွင် အရုပ်လှလှလေး ရေးဆွဲထားပါက မွေး လာသည့်ကလေးသည် သဘာဝအတိုင်း မွေးဖွားလာ လိမ့်မည်ဟု ဆိုထားသည်။ ကျွန်မက ကျောင်းသားတွေ ကို စက္ကူပန်းကန်ချပ်များ ပေး၍ ရုပ်ပုံတွေ ရေးခိုင်း သည်။ တစ်ချိန်ကျလျှင် ကျွန်မ၏ ရင်သွေးငယ်အား ထို ပန်းကန်ချပ်များပြ၍ ကျွန်မ သင်ကြားခဲ့ရသော ကျောင်းသားတို့၏ အံ့သြစရာ အစွမ်းများကို ဂုဏ်ယူ ဝံ့ကြွားပြချင်သည်။ သူတို့ ကျွန်မကို ရေးဆွဲပေးသည့်ပုံ တွေက ငိုအားထက် ရယ်အားသန်စရာကောင်းလှ သည်။ နှာခေါင်း ပုတိုတိုပုံများ၊ သွားခေါခေါနှင့် ပြုံးနေ ပုံများ ဖြစ်ကြသည်။ ပုခက်အတွင်းက ကလေးကို ပြရ မည့်ရုပ်ပုံများထက် သည်းထိတ်ရင်ဖို စာအုပ်တွေရေး သည့် စတီဖင်ကင်း၏ စိတ်ကူးယဉ်အိပ်မက်ထဲက ကြောက်စရာ အရုပ်များနှင့် ပိုပြီး တူနေသည်။ ခရမ်း ရောင် သွားရည်များ လျှာကြီးပေါ်က တန်းလန်းကျနေပုံ တွေ၊ အစိမ်းရောင် အစေးအပျစ်များ နှာခေါင်းထဲက ထွက်ကျနေပုံတွေနှင့် တကယ့်ကို ကြောက်စရာ ကောင်း လှသည်။

ကျွန်မမှာ ချိုမြိန်ဖွယ်ရာ အမှတ်ရမှုလေးတစ်ခု ရှိသည်။ ပယင်းဆိုသည့် ကောင်မလေးသည် စာဆိုခိုင်း

လျှင်တောင် လူကြားထဲတွင် ကျယ်ကျယ် မဆိုရဲပါ။ စာဖတ်အုပ်စုထဲ ရောက်လျှင်လည်း အသံမထွက်။ ထိုင်တော့လည်း နောက်ဆုံးတန်း။ နေ့လည်စာ စားချိန်တွင် သူသည် စာအုပ်ကလေးနှင့် အတန်းထဲရောက်လာပြီး အသံထွက်ဖတ်ပြသည်။

"ကလေးလေးသို့" ဟုအစချီရင်း ကျွန်မ၏ ဗိုက်ပေါ် ကုန်းကိုင်းလိုက်ရင်း နားနှင့် ကပ်ပြီး နားထောင်နေ၏။ ပြီးတော့ ကလေးအသံကို အကျယ်ကြီး ကြားနေရကြောင်း တိုးတိုးလေးနှင့် "ခုန်ပျံနိုင်တဲ့ ကြောင်လေး တစ်ကောင်လောက်တောင် ရှိနေပြီပဲ။ ဆရာမရော သူ့အသံ ကြားရလားဟင်" ဟု ကျွန်မကို မေးသည်။

သတ်မှတ်သည့်ရက်ထက် သုံးပတ် ပိုစောပြီး ကျောင်းမပိတ်မီ ကာလတွင် မွေးသော ရင်သွေးလေးသည် အလွန်ပင် ချစ်စရာကောင်းလှသည်။ နောက်တစ်ဖန် စာသင်နှစ်အတွက် ကျောင်းတွေ ပြန်ဖွင့်သောအခါ ကျွန်မ၏ သမီးလေးကို ကျောင်းသို့ အလည်ခေါ်သွားပြီး ကျောင်းသားများ၏ မုန့်စားဆင်းချိန်ကို အတန်းဟောင်းတွင် စီစဉ်ပေးလိုက်ပါသည်။ ကလေးများက ကျွန်မသမီးလေးကို ဝိုင်းအုံလာ၏။ သမီးက သူတို့တတွေကို စိတ်ရှုပ်သည့် ပုံမျိုးနှင့် ပြန်ကြည့်သည်။ နောက်ပြောင်တတ်သည့် ကလေးတစ်ယောက်က

ရွှေဝံစာအုပ်တိုက်

ပြောင်လှောင်သည့် အသံဖြင့် "အိုး၊ သိပ်ချစ်စရာကောင်းတဲ့ ကလေးလေးပါလား" ဟု ဆိုလိုက်ရာ အားလုံးက ဝိုင်းရယ်ကြသည်။ ထိုအခါမှပဲ သမီးလေး ကေလာပါ ရယ်ဖော်ရလာ၏။

"ဒီကလေးကို ပီဇာမုန့် ကျွေးလို့ရမလားဟင်၊ မစ္စစ်ဘတ်ဂ်"

"ကျွန်မ မေးမိတုန်းကလို အရမ်းနာသွားလား ဟင် ဆရာမ။ ငိုသံထွက်မိသေးလား"

"ဒီကလေးက ဘာအရောင်ကြိုက်လဲဟင်။ ကျွန်တော် သူ့ကို ပုံတစ်ပုံ ဆွဲပြရမလား"

"သူလေးက မိန်းကလေးတစ်ယောက်အနေနဲ့ တော်တော် ဉာဏ်ကောင်းမယ့်ပုံပဲနော်"

ကလေးတွေက နှုတ်ဆက်ပြီး သူတို့ အတန်းအသီးသီးသို့ ပြန်ရောက်သွားချိန်တွင် သူတို့တတွေ၏ ဆရာမက သူသည်လည်း မိခင်လောင်းဘဝ ရောက်နေပြီဖြစ်ကြောင်း၊ ကျွန်မ ကိုယ်ဝန်ရှိစဉ်ကာလကလို လက်ဖက်ရည်ဆိုင်သို့ နေ့စဉ်သွားပြီး နွားနို့ ဝယ်နေရပြီဖြစ်ကြောင်း ပြောပြသည်။ သူ့ကျောင်းသားလေးတွေ ထိုအကြောင်းကို သိနေပြီလားဟု ကျွန်မက သူ့ကို မေးမိသည်။ သူက နောက်လအနည်းငယ်ကြာမှသာ အသိပေးတော့မည်ဖြစ်ကြောင်း ကျွန်မကို ပြောပြသည်။ ကျွန်မသည် သမီးကေလာကို ကားပေါ်တင်၍

မောင်း ထွက်လာသည်အထိ အပြုံးကို မရုပ်သိမ်းနိုင်ဘဲ ဖြစ်နေမိသည်။

"အင်း၊ စပ်စုမ နာတာလီရှိကိုတော့ သတိထားပေါ့" ဟု ကျွန်မ တွေးနေမိသည်။

◆ ◆

# ရှုးဖိနပ်များ

The Shoes By Paul E. Mawhinney

ဘဝမှာ တစ်ယောက်နှင့်တစ်ယောက် အဆင်မပြေမှုလေးတွေ မရှိနေပါက ဘာအတွက် အသက်ရှင်ရတော့မည်နည်း။
ဂျော့ချ် အီးလီးယော့

၁၉၃၀ခုနှစ်ကာလများတွင် မိုင်းတူးလုပ်ငန်းနယ်မြေနှင့် စက်မှုလက်မှု လုပ်ငန်းနယ်မြေတိုင်းလိုလိုတို့သည် အခက်အခဲ အမျိုးမျိုးနှင့် အမှန်တကယ် ရင်ဆိုင်နေရချိန်ဖြစ်သည်။ ကျွန်တော်၏ ဇာတိမြေဖြစ်သော အနောက်ပိုင်း ပင်န်ဆီလ်ဗေးနီးယားမြို့မှ လူထောင်ပေါင်းများစွာတို့မှာ အလုပ်တစ်ခု ရရှိရေးအတွက် လမ်းလျှောက်ရင်း အလုပ်ရှာနေရချိန်ဖြစ်သည်။ ထိုသို့ အလုပ်ရှာနေသူများထဲတွင် ကျွန်တော်၏ အစ်ကိုကြီးများလည်း အပ်အဝင်ဖြစ်သည်။ ကျွန်တော်တို့ မိသားစုမှာ လုံးဝ ငတ်ပြတ်နေသည်ဟု မဆိုသာသော်လည်း

**ရွှေဝံစာအုပ်တိုက်**

ဝမ်းအပြင် အိတ်မရှိသလို အပိုအလျှံရယ်လို့မရှိဘဲ စားဖြစ်ရုံအခြေအနေမှာသာ ရှိသည်။

ကျွန်တော်တို့၏ မိသားစုကြီးတွင် ကျွန်တော်သည် အငယ်ဆုံးဖြစ်သောကြောင့် ကျွန်တော့် အဝတ်အစားအားလုံးမှာ အစ်ကိုဖြစ်သူများ၏ လက်ကျများသာဖြစ်သည်။ ဘောင်းဘီရှည်တို့မှာ ဒူးလောက်သာ ရှိ၍ အလွန်ပင် ဖိုးယို့ဖားလျား နိုင်လှသည်။ ဘောင်းဘီခြေထောက်များမှာ ဖြတ်ထားသည်များလည်းရှိ၍ ဖာရာထေးရာများ ရှိနေသည့်အပြင် တချို့မှာ လိုအပ်သည်ထက် ပိုဖြတ်ထားထားသလို ရှိနေသည်။ အင်္ကျီများကလည်း ကိုယ်နှင့် မဆန့်မပြဲ ဖြစ်နေတတ်သည်။ သို့ရာတွင် ဖိနပ်များ၊ ဖိနပ်များကတော့ ခြားနားသော ဇာတ်လမ်းတစ်ပုဒ်ပင် ဖြစ်လာသည်။ ဖိနပ်များ ဟောင်းနွမ်းလာတော့မှ ကျွန်တော့်ခြေထောက်အောက်ကို ရောက်လာရသည့် အဖြစ်မျိုး။ ကဗျာဆန်အောင် ပြောရလျှင် ဟောင်းဖတ်နေပြီဟု ဆိုရမည်။ သားရေပြားတွေ စုတ်ပြဲသွားတော့မှသာလျှင် ဖိနပ်ကို လွှင့်ပစ်ရတော့မည့် အခြေအနေမျိုးမှာ ဖြစ်နေသည်။

အောက်စ်ဖို့ဒ် တက္ကသိုလ်သို့ မရောက်မီက ကျွန်တော်စီးခဲ့ရသော ရှူးဖိနပ်ကို ယနေ့တိုင် မမေ့နိုင်ဘဲ ဖြစ်နေသည်။ ဖိနပ်၏ ဘေးအစွန်းများမှာ စုတ်ပြတ်လျက်။ ရှေ့မှ အောက်ခံဖိနပ်သားမှာ လုံးဝ ကွာထွက်နေကာ လမ်းလျှောက်တိုင်း သံစုံထွက်နေသည်။ ဖိနပ်တွင်း

က သူ့နဂိုပြွန်ဟောင်း အခွေလေးနှစ်ခုအား ကျွန်တော့် လက်ဖြင့် ဖြတ်ထုတ်၍ ခြေဖျားပိုင်းနှင့် ရှေ့မှ အောက်ခံ သားရေကို အသံမမြည်အောင် ဖိနင်းလျှောက်ရသည့် အဖြစ်မျိုး။

ကျွန်တော့်မှာ အစ်မတစ်ယောက် ရှိသေးသည်။ အစ်မနှင့် သူ့ခင်ပွန်းက အနောက်အရပ်မှ ကိုလိုရာဒိုပြည်နယ်သို့ ပြောင်းရွှေ့ပြီးထိုအရပ်မှာပင် အပြီးတိုင် အခြေစိုက် နေကြသူများဖြစ်သည်။ သူတို့ တတ်နိုင်သည့်အခါတိုင်း သူတို့ဝတ်ပြီးသားဖြစ်သည့် အဝတ်အစားအကျများကို ပေးပို့တတ်သည်။

ကျေးဇူးတော်နေ့ မတိုင်မီက သူတို့ဆီမှ ပစ္စည်းများ သေတ္တာလိုက် ပေးပို့သည်ကို လက်ခံရရှိသည်။ သေတ္တာထဲမှာ ဘာတွေများ ပါလာမလဲဟု ကျွန်တော်တို့တတွေ ဝိုင်းအုံကြည့်ကြသည်။ သေတ္တာထောင့်မှာ ရှိနေသည့် အရာတွေကတော့ ရှူးဖိနပ်များပင် ဖြစ်လေသည်။ ထိုအချိန်အထိ ဘာဖိနပ်အမျိုးအစားလဲ ဆိုတာ ကျွန်တော် ခွဲခြားမသိတတ်သေးပါ။ ကျွန်တော့်အမေကလည်း မသိ။ ကျွန်တော့်အဖေကလည်း မသိ။ ကျန် ကလေးတွေ အားလုံးကလည်း ဘာတွေမှန်းမသိကြ။ ကျွန်တော်တို့အားလုံး သိကြတာကတော့ ကျွန်တော့်အစ်မသည် သူမစီးချင်တော့သော ဖိနပ်တွေကို ကျွန်တော် ကြိုက်လိမ့်မည်ဟူ၍ပင်။ စီးနေသည့် ဖိနပ်တွေထဲမှ ပေါက်ထွက်နေသော ကျွန်တော့်ခြေထောက် ၏

ဖြစ်ပုံကို မေမေက ငုံ့ကြည့်သည်။ ပြီးမှ အစ်မပို့လိုက်သော သေတ္တာကြီးထဲကို ငုံ့ကိုင်းကြည့်ပြီး ကျွန်တော့်အတွက် ဖိနပ်တစ်ရံ ရွေးယူပေးသည်။ ကျွန်တော်သည် မိသားစုဝင်အားလုံးကို ကြည့်ပြီး လက်နောက်ပစ်လျက် နေမိသည်။ ထို့နောက် စိတ်ထဲမှ ကြိတ်ငိုမိသည်။ တစ်ခုအံ့သြစရာကောင်းသည်က ကျွန်တော် မျက်ရည်လည်နေသည့် အဖြစ်ကို အစ်ကိုတွေက လှောင်ပြောင်ရယ်မောခြင်းမရှိသလို ကလေးငိုနေတယ်ပေါ့ဟု မစကြခြင်းပင်ဖြစ်သည်။

ထို အနှစ်သုံးဆယ်ကျော်အချိန်က အဖြစ်ကို ပြန်ပြောင်းတွေးမိလေတိုင်း ယခုတိုင် အနာမကျက်သေးသလို ခံစားနေရသည်။ မေမေက ကျွန်တော့်ကို တစ်နေရာသို့ ခေါ်လာရင်း သူကိုယ်တိုင်လည်း ဝမ်းနည်းနေမိကြောင်း၊ သို့သော် ယခုလာမည့် ဆောင်းရာသီတွင် ကျွန်တော်စီးဖို့ဖိနပ် အမှန်ပင် လိုအပ်နေပြီဖြစ်ကြောင်း ပြောပြသည်။ ကျွန်တော့် ဖေဖေကမူ ကျွန်တော့်အား ကျေသပ်၍ ပုတ်ရုံသာပုတ်ပြီး စကားတစ်ခွန်းမှ မပြောပေ။ ကျွန်တော့် အချစ်ဆုံးအစ်ကို 'မိုက်'ကတော့ ကျွန်တော့်ဆံပင်ကို ဖွပြီး အရာရာ အဆင်ပြေသွားမှာပါဟု ဆိုသည်။

အဆုံးတော့ ကျွန်တော်တစ်ယောက်တည်း ရှိချိန်မှာ အစ်မ၏ ဖိနပ်တစ်ရံကို ကောက်စွပ်ကြည့်သည်။ ဖိနပ်က အညို ရောင်။ ထိပ်ကချွန်သည်။



စာအုပ်များ ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးကို ကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ)

ထောက်မြင့်မြင့်မို့ စီးလို့ကောင်းသည်။ ကျွန်တော် မျက်ရည်တွေ ဝေဝါးနေသည့်ကြားမှပင် ဖိနပ်ကို ငိုးတိုး ဝါးတား ကြည့်နေမိသည်။ ထို့နောက် ခပ်တိုးတိုး ငိုရှိုက်မိသည်။

နောက်တစ်နေ့ ကျောင်းတက်ရန် အဝတ်လဲနေချိန်၌ ကျွန်တော်က တတ်နိုင်သမျှ အချိန်ဆွဲနေမိသည်။ ထိုဖိနပ်ကို စီးပြီးကျောင်းသွားရမှာ ဖြစ်သည့်အတွက် ကျောင်းခန်းထဲဝင်ချိန် နောက်ကျရန် အချိန်ဆွဲနေခြင်းဖြစ်သည်။ စိတ်ထဲမှာ မျက်ရည်ဝဲချင်သလိုလိုဖြစ်လာသည်။ သို့ရာတွင် မျက်ရည်မကျမိအောင် အစွမ်းကုန် အားတင်းခဲ့သည်။ ပြီးမှ ကျောင်းသို့ ခြေလှမ်းလှမ်းဖြစ်သည်။ လမ်းမှာ တစ်ယောက်နှင့်မှ ရင်ဆိုင်မတိုးမိရန်အတွက် နောက်ဖေးလမ်းတွေမှ ရှေးလျှောက်ခဲ့သည်။ မကြာမီမှာပင် ကျောင်းဝင်းထဲသို့ ခြေချမိသည်။ ဖြစ်ချင်လာတော့ ကျွန်တော်၏ ရန်သူတော်တစ်ဦးဖြစ်သည့် တင်မီအိုတူးလ်နှင့်မှ သွားထိပ်တိုက် တိုးနေသည်။ သူက ကျွန်တော့်လိုပင် မစ္စစ်မီလ်လာ၏ အတန်းမှာပင် သင်ယူနေ၍ ကျွန်တော့်ထက် အသက်ကြီးသလို အရပ်ကလည်း ရှည်သေးသည်။

သူက ကျွန်တော် စီးထားသော အစ်မ၏ ဖိနပ်ကို တစ်ချက်ငုံ့ကြည့်လိုက်ရင်း ကျွန်တော့် လက်မောင်းကို ဆွဲကိုင်လာရာမှ အသံကျယ်ကြီးနှင့် အော်ပါလေတော့သည်။ "အီးဗန်ကို ကြည့်ပါဦး။ မိန်းမဖိနပ်ကြီး

စီးလာတယ်ဟေ့။ မိန်းမဖိနပ်ကြီး စီးလာတယ်" အို ဖြစ်များ ဖြစ်နိုင်လျှင် ကျွန်တော် သူ့အား ပိတ်ထိုးလိုက် ချင်မိတော့သည်။ သို့သော် သူက ကျွန်တော့်ထက်ပင် အသက်ကြီး၍ သန်မာသူတစ်ယောက် ဖြစ်နေသည် မဟုတ်ပါလား။ သူက ကျွန်တော့်ကို အမြန်ပြန်လွှတ် မပေးဘဲ ရှိနေသည်။ အခြားကျောင်းသားတွေ လာ ရောက်စုဝေး လာသည်အထိ အတင်းဖမ်းဆွဲထား၏။ ကျွန်တော် ဘာလုပ်လိုက်မိသည်ကို မမှတ်မိတော့။ ရုတ် ချည်းမှာပင် ကျောင်းအုပ်ကြီး အောလ်မင်းနီဗီတာ ရောက်လာသည်ကိုသာ တွေ့လိုက်ရသည်။

"ကဲ အထဲဝင်ကြ" ဟု သူက လှမ်းဆော်လာရင်း "အခု နောက်ဆုံးခေါင်းလောင်းထိုးတော့မယ်လေ" ကျွန် တော်က ကျောင်းတံခါးဝကနေ အမြန်ပင် ခြေလှမ်းဝင် လာပြီး ကျွန်တော့် အတန်းထဲအရောက် သွက်သွက်ပင် ဝင်ခဲ့သည်။ တင်မှီထံမှ နောက်ထပ်နောက်ပြောင်လာ ခြင်းကို ရှောင်ရှားလာသည့် သဘောဖြစ်သည်။

ကျွန်တော်သည် ငြိမ်သက်စွာထိုင်၍ အောက် ကို ငုံ့ထားသော်လည်း တင်မီသည် သူ၏နောက်ပြောင်မှု ကို လျှော့မသွား။ အောက်ကကုန်း၍ ခြေထောက်ကိုလှမ်းဆွဲသည်။ ဖိနပ်ကို မိအောင်ဆွဲပြီးရင်း ဆွဲယူနေပြန် သေး၏။ ခဏခဏပင် သူ ကျွန်တော့် စားပွဲအနီး လာရပ် လေ့ရှိပြီး ဒန့်စ် ကဟာန်ပုံစံနှင့် အသာအယာ လှုပ်ရှားပြ လာရင်း "အက်တ်နာ" ဟူ၍ ကျွန်တော့်ကို မိန်းမ အမည်နာမပေါ် တပ်ခေါ် လာနေပြန်၏။ သူသည် ကျွန်

တော့်အား မိန်းမဖိနပ် စီးထားခြင်းနှင့်စပ်လျဉ်း၍ တစ်မျိုး မဟုတ် တစ်မျိုး ပြောင်လှောင်နိုင်ရန် စတန့်ထွင်နေသည်။

နံနက်ခင်းနှင့် နေ့လည်အကြားမှာပင် မစ္စစ်မီလ်လာက အနောက်ဝက်စ်မြို့မှာ လူသားတွေ၏ အောင်ပွဲခံကြသည့် အကြောင်းအရာတွေကို ပြောပြနေသည်။ ကင်းဆက်မြို့ ကော်လိုရာဒိုနှင့် တကက်ဆက်အရပ်တွေမှ ရှေးအကျော်အမော်ကြီးတွေနှင့် အခြားသော မြို့တွေမှ လူတွေအကြောင်း ရာဇဝင်လှန်ပြ၏။ ထိုအချိန်၌ပင် ကျောင်းအုပ်ကြီးအောလ်မင်းနဲ့ ဝီဘာ ကျွန်တော်တို့၏ အခန်းဆီ ရောက်လာပြီး အခန်းထဲမှာ ရပ်နေရာမှ ငြိမ်သက်စွာပင် နားထောင်၏။

ထိုမနက် မတိုင်မီက ကျွန်တော်သည်လည်း တခြား ကျောင်းသားတွေလို စိတ်မျိုး ထားရှိနေဆဲ။ ကျောင်းအုပ်ကြီး အောလ်မင်းဝီဘာကို မကြိုက်သူတွေထဲတွင် ကျွန်တော်တစ်ယောက်လည်း အပါအဝင် ဖြစ်နေဆဲ။ ကျောင်းအုပ်ကြီးသည် သူ့ကိုယ်သူ အလွန်အရေးပါသည့်သူတစ်ယောက်ဟု အထင်တခွဲသား ရှိနေသူတစ်ယောက် ဖြစ်သည်။ သူသည် အလွန်ဒေါသကြီးသူတစ်ယောက်ဖြစ်ပြီး မိန်းကလေးတွေကိုတော့ မျက်နှာသာ ပေးလွန်းသည်။

ယခု သူသည် ကျွန်တော်တို့ အတန်းထဲတွင် ရပ်နေလေပြီ။ သူသည် တစ်ချိန်တစ်ခါက အိုကလာ

ရွှဝံစာအုပ်တိုက်

ဟိုးမား ပြည်နယ်ရှိ မြင်းစားကျက်တွင် ကျက်စားခဲ့ဖူးသည်ကို ကျန်သူတွေ အားလုံး မသိကြသေးသလို မစ္စစ်မီလ်လာလည်း သိမည်မထင်ပါ။ ဆရာမ မစ္စစ်မီလာက ကျောင်းအုပ်ကြီးဖက်သို့ လှည့်၍ အကြောင်းအရာ ဆွေးနွေးပွဲထဲသို့ ဝင်ရောက်ဆွေးနွေးမလားဟု ဖိတ်ခေါ်သည်ကို ဆရာကြီးက ခေါင်းညိတ်ပြသည်။ ကျောင်းသားတွေအားလုံး တအံ့တသြ ဖြစ်ကုန်ကြသည်။ ကျောင်းအုပ်ကြီးသည် ပြောနေသည့် အကြောင်းအရာမျိုးတွေကို ပြောမည့်အစား အင်ဒီးယန်း လူရိုင်းတွေဆီမှ ကောင်းဘွိုင်တို့၏ ဘဝအကြောင်းကို အစပြု၍ ပြောသည်။ ထိုမျှသာမက ကောင်းဘွိုင်တို့၏ သီချင်းတွေကိုပါ သီဆိုပြလိုက်သေးသည်။ ကျောင်းအုပ်ကြီးသည် မိနစ်လေးဆယ်ကြာသည်အထိ စကားတွေ ပြောသည်။

ဤသို့ဖြင့် နေ့လည်စာ ထမင်းစားချိန် နီးကပ်လာသည်။ သူသည် စကားပြောနေရင်းဖြင့် လျှောက်လာရာ ကျွန်တော့် ခုံတန်းအနီးရောက်သောအခါ ရုတ်တရက် ရပ်သွား၏။ ကျွန်တော် ကျောင်းအုပ်ကြီးကို မော့ကြည့်လိုက်သောအခါ ကျောင်းအုပ်ဆရာကြီးသည် ကျွန်တော်စီးထားသည့် ကျွန်တော့်အစ်မ ဖိနပ်အား ငုံ့ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ကျွန်တော့် မျက်နှာတစ်ခုလုံး ထူပူရှိန်းဖိန်းသွားသလို ခံစားလိုက်ရသည်။ ထို့အပြင် ဖိနပ်ကိုပင် ချွတ်မိတော့မတတ် ဖြစ်သွားရသည်။ ကျွန်တော့်စိတ်

တွေ ဂဏှာမငြိမ် ဖြစ်နေစဉ်မှာပဲ ကျောင်းအုပ်ကြီးက လေသံလေးဖြင့် . . .

"ဟာ၊ မင်းဖိနပ်က ကောင်းဘွိုင် အောက်စဖို့ဒ် ဖိနပ်ပါလားကွ ပော" ဟု ဆိုသည်။

ကျွန်တော့်မှာလည်း "ခင်ဗျာ" ဟု သာ ပြန်ပြောလိုက်နိုင်သည်။

"ကောင်းဘွိုင် အောက်စဖို့ဒ်လေ" ဟု သူက ကျေနပ်အားရသံဖြင့် ထပ်ပြောသည်။ ကျောင်းသားအားလုံး၏ အကြည့်သည် ကျောင်းအုပ်ဆရာကြီး ဘာကိုဆိုလိုသလဲဆိုတာ ရိပ်မိဟန်ဖြင့် ကျွန်တော့် ခြေထောက်ကို သူတို့၏ အကြည့်အာရုံများ အလျှင်အမြန် ရောက်လာသည်။

"အီဗန်ရေ၊ ဘယ်လိုလဲကွ။ မင်း ဒီလို ကောင်းဘွိုင်အောက်စဖို့ဒ်ဖိနပ်မျိုးရအောင် ဘယ်နေရာက ရှာခဲ့တာလည်းကွ" ဟု ဆိုကြသည်။

ပြောစရာအချိန်လည်း သိပ်မကျန်တော့ပါ။ ကျောင်းအုပ်ကြီးရော ဆရာမကပါ ကျွန်တော့်ကို အားပေးစကား ဆိုလာရုံမျှမက ကျောင်းသားအားလုံးအနေနှင့်လည်း ယခုလို ဖိနပ်အစစ်မျိုး ရှာဖွေစီးသင့်ကြောင်းကိုပါ ပြောသွားသည်။ ဆိုရလျှင် ကျွန်တော့်အား နောက်ပြောင်ခဲ့သော တင်မီလ်အိုတူး ကိုယ်တိုင်ကပါ ကျွန်တော့် စားပွဲကို ရောက်လာပြီး ကျွန်တော့် ဖိနပ်ကို လှပသော ဖိနပ်လေးအဖြစ် လာကြည့်သည်။ ကြီးမားလှစွာသော

ခံစားမှုနှင့်အတူ ကျွန်တော် ဂုဏ်ယူမိသော်လည်း ဘယ် တော့မှ စိတ်ကြီးမဝင်မိစေနဲ့ဟု မေမေက မှာထားသော ကြောင့် ကျွန်တော့်မှာ ဘဝင်မြင့်ဟန်မပြဘဲ ငြိမ်ငြိမ်လေး ထိုင်နေမိဖို့သာ ကြိုးစားရတော့သည်။ နောက်ဆုံးတော့ နေ့လည်စာ စားချိန်ရောက်လာပါသည်။

ကျွန်တော့်အနားမှာ သူများတွေ ကပ်လိုက် လာမှာစိုး၍ ကျွန်တော့်မှာ အပြင်မထွက်ရဲလောက် အောင် ဖြစ်နေမိသည်။ အကြောင်းမှာ တစ်ယောက် ယောက်က ကျွန်တော့်ဖိနပ်အား လုယူဖို့ကြံစည်မည်ကို စိုးရိမ်နေသောကြောင့် ဖြစ်သည်။ ထိုကိစ္စအတွက်လည်း သေသေချာချာ စဉ်းစားရဦးမည်။

ထိုနေ့ မွန်းလွဲပိုင်းတွင် မစ္စစ် ဝီဘာကို ကျွန် တော် မေးကြည့်မိသည်။ ကျောင်းသားတိုင်း ဘာကြောင့် ကောင်းဘွိုင်အောက်စဖို့ဒ်ဖိနပ်ကို စီးသင့်သလဲဟု မေးရာ ဆရာမသည်လည်း တွေးတွေးဆဆ လုပ်နေ သည်ကိုသာ တွေ့ရသည်။ နောက်ဆုံးမှ ထိုဖိနပ်မျိုးကို ကျောင်းသားများအနေနှင့်သာ ရှာဖွေစီးသင့်ပြီး ကျောင်း သူများအနေနှင့်တော့ မစီးသင့်ဟု ဆရာမက ဆိုသည်။ အကြောင်းမှာ ယခင်က ထိုဖိနပ်မျိုးကို မိန်းမသားများ စီးလေ့စီးထ မရှိ၍ ဖြစ်ကြောင်း ပြောပြသည်။ ထို အချက်ကိုတော့ ကျွန်တော်နှင့် မစ္စစ်ဝီဘာ အတွေးချင်း တူသည်။

ထို့ကြောင့် ကျွန်တော်က အစ်မ၏ ဖိနပ်ကို ကျောင်းသားတစ်ယောက်ချင်းစီအား စီးကြည့်ခိုင်းသည်။

တင်မီအိုတူးလ်ကိုတော့ နောက်ဆုံးကျမှသာ စီးကြည့်ခိုင်းသည်။ ပြောရလျှင် ထိုဖိနပ်သည် ကျွန်တော်မှ လွဲ၍ စီးလို့ရသူတွေထဲမှာ တင်မီအိုတူးလ် တစ်ယောက်သာရှိသည်။ သူက ကျွန်တော့် အစ်မဆီ စာရေး၍ သူ့အတွက် ဖိနပ်တစ်ရံ မှာပေးဖို့ တောင်းပန်သည်။ သို့ရာတွင် ကျွန်တော်သည် သူ့ဆန္ဒကို မဖြည့်ဆည်းပေးနိုင်ခဲ့ပါ။ ယခုလို ကောင်းဘွိုင်ဖိနပ်မျိုးကို ဤမြို့တွင် ကျွန်တော် တစ်ယောက်သာလျှင် မောင်ပိုင်စီးထားချင်သောကြောင့် ဖြစ်ပါသည်။

◆ ◆

# စာကလေးတွေ ဘယ်မှာသွားသေကြသလဲ

Where do the Sparrow Go When They Die By Casey Kokoska

ကျွန်မသည် ကလေးငယ်လေးတစ်ဦးလိုပင် မကြာခဏ မေးခွန်းတွေ မေးလေ့ရှိသည်။ ထိုမေးခွန်းမှာ "စာကလေးတွေ သေခါနီးကျရင် ဘယ်မှာ သွားသေကြလဲ" ဆိုသော မေးခွန်းဖြစ်သည်။ ထိုအဖြေကို ယနေ့တိုင် မသိရသေးသည်မို့ စိတ်ထဲမှာ ဆန်းပြားနေဆဲပင် ဖြစ်သည်။ ဟော ယခုဆိုလျှင် တစ်ခုခုထိမှန်ခံရပြီး သေငယ်ဇောဖြင့် ငြိမ်သက်နေသည့် ငှက်ကလေးတစ်ကောင်ကို တွေ့နေရပြီ။ ဒီအကောင်လေး သေဦးမှာ မဟုတ်ဘူးဆိုတာ ကျွန်မ သိပါသည်။ သေခြင်းတရားက ငှက်ကလေးအား လာရောက် ငြိမ်းသတ်ပေးပေလိမ့်မည်။ ထိုအခါ တစ်စုံတစ်ရာက ငှက်လေးထံမှ တစ်စုံတစ်ရာကို ထုတ်ယူသွားပေလိမ့်မည်။ ထိုတစ်စုံတစ်ရာသည် ဝိညာဉ်ဆိုလျှင် ညဉ့်ယံတွင် ပျောက်ဆုံးသွားမှာ သေချာပါ သည်။

ရွှဝံစာအုပ်တိုက်

ကျွန်မ ခြောက်နှစ်သမီး အရွယ်က ကျွန်မ အခင်မင်ဆုံးသော သူငယ်ချင်းသည် ကျွန်မတို့၏ လမ်းတွင် နေထိုင်ဖူးသည်။ ကျွန်မတို့နှစ်ယောက်သည် သံပုံးကြီးတစ်ခုထဲတွင် ဝင်ကစားလေ့ရှိပါသည်။ အသက်ကြီးသူများပင် ကြာမြင့်စွာ မေ့နေသော အကြောင်းအရာတွေကို ကျွန်မတို့တတွေ ပြောကြသည်။ အိပ်ရာအောက်တွင် မကောင်းဆိုးဝါးတစ်ကောင်ကောင် ရှိနေသည်ဆိုသည့် လူကြီးတွေမကြိုက်သည့် အကြောင်းတွေ၊ အဝတ်ထည့်သည့် ဘီရို၏ အမှောင်ခန်းထဲတွင် ထိုကြောက်စရာကောင်းသည့် အကောင်များ ပုန်းအောင်းနေတတ်သည် ဆိုသော အကြောင်းများကို ပြောဖြစ်ကြသည်။ ကျွန်မ၏ သူငယ်ချင်းလေး၏ နာမည်မှာ တွမ်မီဖြစ်သည်။ သူသည် အသက်နှင့် မမျှအောင် သေးကွေးလွန်းလှသောကြောင့် ကျွန်မက သူ့ကို စာကလေးဟု နာမည်ပေးထားသည်။ ထိုနာမည်သည် သူ့ကို ထေ့ငေါ့သလိုများ ဖြစ်နေလားဟု တွေးနေမိခဲ့သေးသည်။ အကြောင်းမှာ တွမ်မီဆိုသော စာကလေး သေသွားသောကြောင့် ဖြစ်သည်။

တွမ်မီတစ်ယောက် သေငယ်ဇောနှင့် မြောနေပြီဆိုသည့်အကြောင်း စသိလိုက်ရသည့်အချိန်ကို ယနေ့တိုင် ကျွန်မ မမေ့နိုင်သေးပါ။ ထိုစဉ်က တွမ်မီနှင့် ကျွန်မသည် တစ်ဝက်တစ်ပျက်သာ ဆောက်လုပ်ရသေးသည့် သဲပုံရဲတိုက်အနားမှာ ထိုင်စောင့်နေခဲ့ကြသည်။ ထိုသဲပုံ

ရဲတိုက်လေးကို တမြန်နေ့ကတည်းက ကျွန်မတို့ အတူ ဆောက်ထားခြင်းဖြစ်သည်။ တွမ်မီက ပေါ်မလာ သောကြောင့် ကျွန်မမှာ ဆောက်လက်စ တန်းလန်းနှင့် သူ့ကို စောင့်နေကြရသည်။ သူပေါ်မလာသောကြောင့် ကျွန်မ စောင့်ရသည့်အချိန် ပိုပြီး ကြာညောင်းလာသလို လို ခံစားနေရသည်။ ထိုအချိန်မှာပဲ မိုးက စတင်ရွာချလာ သည်။ ထို့နောက် ခပ်လှမ်းလှမ်းဆီမှ ခေါင်းလောင်း မြည်သံကို ကြားလိုက်ရသည်။ ဆယ်မိနစ်ခန့်အကြာ တွင် မေမေ အပြင်ဘက်သို့ ထွက်လာသည်ကို တွေ့ လိုက်ရသည်။ မေမေသည် ထီးကို ဆောင်းထားသော် လည်း မေမေ့မျက်နှာမှာ မိုးလိုပင် စိုစွတ်နေသည်။ မေမေနှင့်ကျွန်မ အိမ်ဆီသို့ လျှောက်လာသည်။ အိမ်ထဲ သို့ မရောက်ခင်မှာ တွမ်မီနှင့်ကျွန်မ၏ ဆောက်လက်စ ရဲတိုက်လေးသည် မိုးရေကြောင့် ပြိုပျက် ပျောက်ဆုံး သွားတာကို နောက်ဆုံးအကြိမ်အဖြစ် လှမ်းကြည့်မိလိုက် သည်။

မေမေက အိမ်ထဲရောက်ရောက်ချင်း စားပွဲမှာ ထိုင်ခိုင်းသဖြင့် ချောကလက်ပူပူတစ်ခွက်ကို သောက် လိုက်ရသည်။ မေမေက ကျွန်မလက်တွေကို အုပ်မိုး ဆုပ်ကိုင်ထားသည်။ မေမေ့လက်တွေ တုန်ယင်နေ သည်ကို ကျွန်မ ချက်ချင်းသတိပြုမိသည်။ တစ်ချိန် တည်းမှာပဲ တွမ်မီတော့ တစ်ခုခု ဖြစ်နေပြီဆိုတာကို ကျွန်မ အတပ်သိလိုက်သည်။ မေမေက ဆရာဝန်များ

သည် တွမ်မီကို သွေးစစ်ပြီး သွေးသွင်းဖို့ လုပ်နေကြပြီဟု ကျွန်မကို ပြောပြသည်။ ဆရာဝန်တွေ သွေးစစ်ပြီး ရလာသည့် ရလဒ်သည် အကောင်းဘက်မှာ မရှိဟု ဆိုသည်။ ပြောရမည်ဆိုလျှင် တွမ်မီမှာ သွေးကင်ဆာ ဖြစ်နေပြီဆိုသည့် အဖြေ ထွက်နေသည်။ ထိုရောဂါသည် မည်သည့် အခြေအနေအထိ ဆိုးဝါးသွားနိုင်သလဲဆိုတာ ကျွန်မမသိပါ။ သို့ရာတွင် မေမေ့မျက်နှာမှာ စိတ်ရှုပ်ထွေးနေသည့် အရိပ်များ ထင်ဟပ်နေသည်ကို တွေ့လိုက်ရသည်မို့ တစ်ခုခုတော့ ဖြစ်နေပြီဆိုတာကို ရင်လေးစွာ သိနေမိသည်။ မေမေက တွမ်မီဖြစ်သောရောဂါမှာ လူများစွာတွင် ဖြစ်လေ့ဖြစ်ထရှိသော ရောဂါမဟုတ်ဟု ဆိုသည်။ အခု တွမ်မီမှာ ရှိနေသည့် ရောဂါက သူ့အသက်ကိုတောင် ဆွဲခေါ်သွားတော့မည် ဆိုပါလား။ ကျွန်မ သူနှင့် မခွဲခွာနိုင်ပါ။ ကျွန်မ သူ့ကို ရှင်သန်နေစေချင်သည်။ ကျွန်မနှင့်အတူ ရှိနေစေချင်သည်။

မနက်ကျမှပဲ တွမ်မီအခြေအနေ သွားကြည့်တော့မည်။ မေမေပြောတဲ့အတိုင်း ဟုတ်မှ ဟုတ်ပါရဲ့လားဟု ကျွန်မ ကြည့်ချင်သေးသည်။ ထို့ကြောင့် ဘတ်စ်ကားဒရိုင်ဘာအား ကျွန်မ၏အိမ်ကို မောင်းပို့ရမည့်အစား တွမ်မီ၏ အိမ်သို့ မောင်းခိုင်းလိုက်သည်။ တွမ်မီတို့ အိမ်တံခါးဝသို့ ရောက်သောအခါ သူ့မေမေက တွမ်မီသည် ကျွန်မကို မတွေ့ချင်ကြောင်းဆီးပြောသည်။ ထို

အမျိုးသမီးကြီး အခုလိုပြောလိုက်သည့်အတွက် ငယ်ရွယ်သေးသည့် ကလေးတစ်ယောက်အနေနှင့် မည်မျှခံစားသွားနိုင်သည်ကို သိမှသိတတ်ပါလေစ။ ထို စကားလုံးတွေက ကျွန်မကို အပေါ်စားမှန်တစ်ချပ်လို အစိတ်စိတ်အမွှာမွှာ ကွဲကြေသွားစေခဲ့ပါသည်။ ကျွန်မသည် မျက်ရည်တွေကို အဖော်ပြုရင်း အိမ်ဆီသို့ တန်းပြေးလာမိသည်။ ကျွန်မ အိမ်ရောက်ပြီးလို့ သိပ်မကြာ တွမ်မီ့ဆီမှ ဖုန်းမြည်လာသည်။ ကျွန်မတို့၏ မိဘတွေအားလုံး အိပ်ပျော်သွားတဲ့ အချိန်ကျမှ သူ သဲပုံကြီးဆီ ကျွန်မကို လာတွေ့မည်ဟု ပြောသည်။ သူချိန်းတာကို ကျွန်မက သဘောတူလိုက်သည်။

တွမ်မီရောက်လာသည့်အခါ အနည်းငယ်သွေးရောင် ဆုတ်ယုတ်နေသည်မှအပ သိပ်အပြောင်းအလဲမရှိကြောင်း ကျွန်မ တွေ့မြင်နေရသည်။ သူကလည်း ကျွန်မကို တွေ့ချင်နေသည်။ လူကြီးသူမတွေ သဘောမပေါက်နိုင်သော အကြောင်းအရာများကို ကျွန်မတို့ ပြောဆိုကြသည်။ ထိုသို့ ပြောနေရင်းနှင့် ကျွန်မတို့သည် သဲပုံရဲတိုက်လေးကို ပြန်ဆောက်ကြသည်။ တွမ်မီက ထိုသဲပုံရဲတိုက်လေးထဲတွင် ဘယ်တော့မှ မဖွံ့ထွားသော ခန္ဓာကိုယ်နှင့် နေသွားချင်သည်ဟု ဆိုသည်။ သူသည် ထိုစကားကို သူ့ရင်ထဲက ခံစားချက် အစစ်အမှန်နှင့် ပြောနေခြင်းဖြစ်ကြောင်း ကျွန်မ သိနေသည်။ သဲများဝန်းရံနေသည့် သဲပြင်နွေးနွေးပေါ်မှာ သဲ

ရဲတိုက်လေးကို ကြည်နူးစွာ စိုက်ကြည့်နေရင်း ကျွန်မတို့နှစ်ယောက်သား လုံးဝ အိပ်မောကျသွားသည်။

အရုဏ်ကျင်းသည့် အလင်းရိပ်မသန်းခင်မှာ ကျွန်မ နိုးလာသည်။ ကျွန်မတို့၏ သဲပုံလေးသည် အထီးတည်းရှိနေသော ကျွန်းကလေးသဖွယ် ဖြစ်နေသည်။ သဲပုံးတစ်ဝိုက်ကို မြက်ပင်လယ်ကြီးက ဝန်းရံထားသည်။ တစ်ခုကွာခြားသည်က အနောက်ဖက်မှ လေးထောင့်မြေကွက်နှင့်အတူ လမ်းရှိနေခြင်းပင်။ ကလေးတစ်ယောက်၏ အတွေးစိတ်ကူးဆိုသည်မှာ ပြီးဆုံးသည်မရှိပါ။ နှင်းစက်ကလေးများ ကျနေသည့်ကြားမှ အရောင်တစ်လက်လက် တောက်ပနေသော ပင်လယ်ပြင်ကိုကြည့်ရင်း စိတ်ကူးယဉ်နိုင်သည်။ နှင်းတွေကို မြင်ချင်ဇောကြောင့် လက်များဖြင့် လိုက်ဖမ်းဖူးသည်ကို ယခုတိုင် ပြန်လည်အမှတ်ရနေဆဲဖြစ်သည်။ ကျွန်မ လိုက်ဖမ်းသည်မှာ နှင်းကျသံသည် လက်ပေါ်ကို ရေစက်ကျသံလို ကြားရလေမလားဟု သိချင်စိတ်ဖြင့် လိုက်ဖမ်းခြင်းဖြစ်သည်။ တွမ်မီက နိုးနေတာကြာပြီ။ သူ့မျက်လုံးက သဲပုံရဲတိုက်လေးဆီကို ငေးစိုက်ကြည့်နေဆဲ။ ကျွန်မ သူနှင့်အတူ သွားထိုင်လိုက်သည်။ ကျွန်မတို့ကလေးနှစ်ယောက်၏ စိတ်ကူးထဲမှ ပေါ်ပေါက်လာသော ရဲတိုက်ကလေးသည် ပဥ္စလက်ဆန်လွန်းလှစွာ အံ့သြစရာအသွင်ရှိနေ၍ ကျွန်မတို့မှာ မျက်စိ မလွှဲနိုင်အောင် ဖြစ်နေမိသည်။

**ရွှေဝံစာအုပ်တိုက်**

တိတ်ဆိတ်မှုကို တွမ်မီကစတင်ဖြိုခွဲလိုက်၏။

"ငါတော့ အခုပဲ ရဲတိုက်ထဲ ဝင်တော့မယ်"

ကျွန်မတို့၏ လှုပ်ရှားမှုသည် စက်ရုပ်ဆန်နေ၏။ ကျွန်မတို့ ဘာတွေဖြစ်နေသည်ဆိုတာကို အချင်း ချင်း သိနေကြသည်။ သူက ကျွန်မခေါင်းပေါ်မှာ ခေါင်း မှီရင်း . . .

"ငါ သဲရဲတိုက်ထဲ ဝင်တော့မယ်နော်။ ဒီတစ်ခါ တို့တစ်ယောက်တည်းပဲ နေရတော့မယ်။ နင် လာလည် ရမယ်နော် သိလား" ဟု ဆိုသည်။ ကျွန်မကလည်း လာ လည်မည်ဟု စိတ်လိုလက်ရပင် ကတိပေးလိုက်သည်။ ထို့နောက် သူ့မျက်လုံးတွေ မှိတ်သွားပါတော့သည်။ ထို အခိုက်အတန့်မှာပဲ စာကလေးများသည် သေချိန်ရောက် သည့်အခါ တစ်နေရာဆီသို့ ပျံသန်းသွားကြသလို ကျွန်မ ၏ သူငယ်ချင်း စာကလေးသည်လည်း တစ်နေရာဆီသို့ ထွက်ခွာသွားပြီဆိုတာ သဘောပေါက်လိုက်သည်။ ဩော် သူငယ်ချင်းရယ် . . . ကျွန်မထံပါးမှ ထွက်သွား ပါရောလား။ ကျွန်မသည် သူ၏ ခန္ဓာကိုယ်ကို ဆုပ်ကိုင် ထားမိသည်။ ကျွန်မ၏ အားအင်မဲ့နေပြီဖြစ်သော ငှက် ကလေးကို ကျွန်မ၏ လက်များဖြင့် ပွေ့ဖက်ထားလိုက် သည်။

နောင် နှစ်ပေါင်းနှစ်ဆယ် လွန်မြောက်ပြီး တော့မှပင် ကျွန်မသည် တွမ်မီ၏ အုတ်ဂူဆီသို့ ရောက် သွားကာ ရဲတိုက်အရုပ်ကလေးတစ်ခုကို အုတ်ဂူပေါ်

တင်ထားပေးလိုက်သည်။ ထို အရုပ်ကလေးပေါ်မှာ "တွမ်ဆိုတဲ့ ငှါရဲ့ စာကလေးသို့" ဟု ကျွန်မကိုယ်တိုင် စာလုံးထွင်းထားသည်။ ထို့နောက် "တစ်နေ့ကျရင်တော့ နင့်ရဲ့ ရဲတိုက်ဆီ ငါအမြဲတမ်းလာနေပ့ါမယ်" ဆိုသော ကတိစကားလေးပါ ရေးထိုးပေးလိုက်သည်။

ကျွန်မသည် အခွင့်သင့်တိုင်း ကျွန်မတို့ ကလေးဘဝက ပျော်မြူးနေခဲ့ဖူးသော သဲပုံနေရာလေး နှင့် သဲပုံရဲတိုက်ဆောက်ဖူးခဲ့သော နေရာလေးဆီ အရောက်သွားလည်ပါမည်။ ထို့နောက် ကျွန်မ၏ ဝိညာဉ်ပါ တွမ်မီကဲ့သို့ပင် စာကလေးအသွင်ပြောင်း သွားပြီး တွမ်မီနှင့် သဲပုံရဲတိုက်လေးဆီ၊ စာကလေးများ သေဆုံးရာဆီ ပျံသန်းသွားပါမည်။ ထို့နောက် ဘယ် တော့မှ အသက်ကြီးတော့မည် မဟုတ်သည့် ခြောက်နှစ် သမီးလေး ပြန်ဖြစ်သွားပါလိမ့်မည်။

◆ ◆

# သူလိုကိုယ်လို

I Know You, You're Just Like Me By Stan Dale

ကျွန်တော်နှင့် အတွဲအညီဆုံးသော မိတ်ဆွေများထဲတွင် စတဲန်းဒေးလ် တစ်ယောက်လည်း အပါအဝင်ဖြစ်သည်။ သူသည် အချစ်နှင့် အိမ်ထောင်ရေးခေါ် လိင်ဆက်ဆံမှု သဘာဝ၊ အချစ်သဘာဝနှင့်အတူ နေထိုင်မှု သဘာဝတို့ကို သင်ကြားနေသူဖြစ်သည်။ လွန်ခဲ့သည့် နှစ်များစွာက ရုရှားလူမျိုးတို့ နေထိုင်ရာ ဆိုဗီယက်ပြည်ထောင်စုသို့ သူနှင့်အတူ လူ ၂၉ယောက်ကိုပါ အတူခေါ်၍ နှစ်ပတ်ကြာ သွားဖူးသည်။ သွားရောက်ရသည့် အကြောင်းအရင်းကလည်း ထိုနိုင်ငံရှိ ပြည်သူတို့၏ အချစ်နှင့်ပတ်သက်၍ စိတ်ထိခိုက်ခံစားရပုံကို သုတေသနပြုရန်ဖြစ်သည်။ သူ၏ သတင်းစာစောင်တွင် သူ၏ အတွေ့အကြုံများကို ရေးသောအခါ သူ၏ အောက်ပါ အတွေ့အကြုံမှတ်စုလေးကြောင့် ကျွန်တော်တို့အားလုံး ထိထိ ရှရှ ခံစားလိုက်ရပါသည်။

ရွှဝံစာအုပ်တိုက်

ခါကော့ဗ်မြို့၏ စက်မှုဇုံထဲရှိ ပန်းခြံတစ်ခုထဲက ဖြတ်အသွားတွင် ကျွန်တော်သည် ဒုတိယကမ္ဘာစစ်က စစ်မှုထမ်းဟောင်းကြီးတစ်ဦးနှင့် ဆုံမိသည်။ သူသည် စစ်အတွင်းက ရထားသည့် တံဆိပ်တွေ၊ ဖဲကြိုးတွေကို လည်း ဂုဏ်ယူစွာနှင့် သူဝတ်သည့် ရှပ်အကျီတွေ၊ ဖျင် အကျီတွေမှာ အမြတ်တနိုး ချိတ်ဆွဲထားသောကြောင့် စစ်မှုထမ်းဟောင်းကြီးပါလားဟု အလွယ်တကူ သိနိုင်ပါ သည်။ သူ၏ အပြုအမူကို မာနထောင်လွှားသည်ဟု လည်း ယိုးစွပ်၍မရပါ။ ဂျာမန် နာဇီဘီလူးများ၏ ရက်စက်မှုကြောင့် ရုရှားလူမျိုး သန်း၂၀ခန့် အသတ်ခံခဲ့ ရသော်လည်း ကျန်သည့် ရုရှားလူမျိုးတွေကို မျိုးချစ် စစ်သည်များက တော်လှန်ကယ်တင်ခဲ့၍ ဂုဏ်ယူစရာ ကောင်းပါသည်။ ထို ဆုတံဆိပ်၊ ဖဲကြိုးများမှာ သူတို့၏ ဂုဏ်ပုဒ်တစ်ခုလိုပင်။ ကျွန်တော်သည် ဇနီးဖြစ်သူနှင့် တွဲထိုင်နေသည့် စစ်သည်ဟောင်းကြီးတစ်ယောက်ထံ ချဉ်းကပ်ပြီး "ဒရုဇ်ဘာ အီမီးရ်" နှုတ်ခွန်းဆက်လိုက်ပါ သည်။ ထိုအဓိပ္ပာယ်ကတော့ ခင်မင်ခြင်းနှင့် ငြိမ်းချမ်း ခြင်းဟူ၍ ဖြစ်သည်။ အဲဒီအခါ သူက ကျွန်တော့်ကို မယုံနိုင်သော အကြည့်မျိုးဖြင့် ကြည့်လာသည်။ ကျွန် တော်က ဒီခရီးကို ရောက်လာဖို့အတွက် ဆောင်လာတဲ့ ကြယ်သီးရယ်၊ အမေရိကန် မြေပုံတစ်ခုရယ်၊ ပြီးတော့ ရုရှားတို့၏ ချစ်ခြင်းအဓိပ္ပာယ်ပါသည့် လက်ချင်းနှုတ် ဆက်သည့်ပုံရယ်၊ မိတ်ဆွေအထိမ်းအမှတ် ဖြစ်လာတာ

ကို သိအောင်ပြရင်းနှင့် ဆက်ပြောလိုက်သည်။ "အမေရိကန် ဇကီး၊ ဒ့ါ . . . အမေရိကန်ဇကီး၊ ဒရုဇ်ဘာ၊ အီမိးရ်" ဟု ဆိုသည့်အခါ သူက ကျွန်တော်၏ လက်နှစ်ဖက်စလုံးကို သူ့လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ပါတော့ သည်။ သူ့ပုံက ပျောက်နေသော ညီအစ်ကိုတော် တစ်ယောက်ကို ပြန်ဆုံ၍နှုတ်ဆက်ပုံမျိုး။ ပြီးတော့ သူက ကျွန်တော့် စကားကို သံယောင်လိုက်သည်။ "အမေရိကန်ဇကီး"တဲ့။ ကြားရသည့် သူ့အသံထဲမှာ ရင်းနှီးမှုကို အသိအမှတ်ပြုသံပါလာသည်ကို တွေ့လိုက်ရသည်။

နောက်ထပ် မိနစ်အတန်ငယ်ကြာသောအခါ အဘိုးကြီးနှင့် အဘွားကြီးတို့သည် ကျွန်တော် ရုရှားစကားတစ်လုံးမကျန် သိနေသည်အထင်နှင့် ရုရှားလို ပြောဆိုလာကြတယ်သည်။ ကျွန်တော်ဘက်ကတော့ သူတို့ သိမည်အထင်နှင့် အင်္ဂလိပ်လို့ပဲ ပြန်ပြောဖြစ် သည်။ ကျွန်တော်တို့၏ အခြေအနေက ဘယ်လိုဆိုတာ နားလည်နိုင်ကြပါလိမ့်မည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး၏အဖြစ်မှာ တစ်ယောက်အပြောတစ်ယောက် နားမလည်နိုင်အောင် ဖြစ်နေကြသည်။ ဒါပေမဲ့ ကျွန်တော်တို့ကတော့ နှစ်ယောက်စလုံး နားလည်မည်ဟု အပိုင်တွက်ထားကြသည်။ ကျွန်တော်တို့သည် တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်လိုက်၊ ရယ်မောလိုက် လုပ်နေကြသည်။ ပြီးတော့ အားလုံး အော်ဟစ်သံနဲ့ "ဒရုဇ်ဘာ၊ အီမိးရ် . . . အမေရိကန်ဇကီး" ဟု တိုင်ပင်လိုက်သည်။အဓိပ္ပာယ်ကတော့

"ကျွန်တော် ခင်ဗျားကို ချစ်ပါတယ်။ ခင်ဗျားတို့ရဲ့ နိုင်ငံကို ဂုဏ်ယူမိပါတယ်။ ကျွန်တော်တို့ တတွေဟာ စစ်ကို မလိုချင်ကြဘူး။ ကျွန်တော် ခင်ဗျား ကို ချစ်တယ်" ဟူ၍ ဖြစ်သည်။

နောက် ၅ မိနစ်အကြာခန့်တွင် ကျွန်တော် တို့က နှုတ်ဆက်၍ ခွဲခွာလိုက်ကြသည်။ ထို့နောက် ကျွန် တော်တို့ ၇ ယောက် တစ်အုပ်စုသည် လမ်းကို ဆက်ပြီး လျှောက်လာကြသည်။ နောက် ၁၅ မိနစ်အကြာမှာပဲ စောစောက နှုတ်ဆက်ခွဲခွာလာသည့် ရုရှား စစ်သည် အိုကြီးသည် ကျွန်တော်တို့၏ ခြေလှမ်းကိုမီအောင် နောက်ကနေ လိုက်လာတာကို တွေ့လိုက်ရသည်။ သူ ကျွန်တော့် ရှေ့ရပ်လာပြီး သူ့ကိုယ်ပေါ်က "လီနင်ရဲ့ အမိန့်" ဆိုသည့် ဆုတံဆိပ်ကြီးကို ချွတ်ချလိုက်သည်။ ဒီတံဆိပ်ဟာ သူပိုင်ဆိုင်တဲ့ ဆုထဲမှာ အကောင်းဆုံးဆု တစ်ခု ဖြစ်ပါလိမ့်မည်။ သူက ကျွန်တော်၏ အင်္ကျီမှာ ပင်နှင့်တွဲချိတ်ပေးလာတယ်ပေါ့။ ထို့နောက် သူ့နှုတ်ခမ်း နှင့် ကျွန်တော့် ပါးစပ်ကို တေ့ပြီးနမ်းလိုက်ခြင်းသည် တစ်စုံတစ်ရာသော နွေးထွေးရင်ခုန်မှုကို ပေးလိုက် သလိုပင်။ ကျွန်တော် ရယူခံစားဖူးသည့် ချစ်ခင်မှုတွေထဲ မှာ အသာယာဆုံးဖြစ်မယ် ထင်ပါသည်။ နောက်တော့ ကျွန်တော်တို့ နှစ်ယောက်စလုံး ငိုမိကြသည်။ တစ် ယောက်မျက်လုံး တစ်ယောက် အတန်ကြာအောင် စိုက်ကြည့်နေမိပြီးမှ "ဒေါ့စ်ဗီးဒန်ယာ" ခွဲခွာနှုတ်ဆက်ခြင်း ဂွတ်ဘိုင်ဟု ရေရွတ်မိကြသည်။

ရှုဝံစာအုပ်တိုက်

အထက်ဖော်ပြပါ ဇာတ်လမ်း အဖြစ်အပျက်သည် ဆိုဗီယက်နိုင်ငံကို သွားရောက်ရသည့် နှစ်နိုင်ငံချစ်ကြည်ရေး ပုံစံခရီးအဖြစ်လည်း လုံးဝမှတ်ယူနိုင်သော အကြောင်းအရာလေး ဖြစ်သည်။ ကျွန်တော်တို့တတွေ နေ့စဉ်ပင် ထိတွေ့ဆက်ဆံနေရသော လူပေါင်းရာချီတို့အကြားတွင် ထိုသို့သောချစ်ခင်မှုကို တည်ဆောက်နိုင်လာဖို့ရာ မဖြစ်နိုင်သည့် အကြောင်းပင်ဖြစ်သည်။ ရုရှားပင်ဖြစ်စေ၊ အမေရိကန်ပင်ဖြစ်စေ ထိုလို ထပ်တူထပ်မျှသော ဆက်ဆံချစ်ကြည်မှုအားရရှိဖို့ရန် မမျှော်လင့်နိုင်။ ကျွန်တော်တို့သွားရောက်လည်ပတ်သော စာသင်ကျောင်း ၃ ကျောင်းမှာ ကျောင်းသား ရာပေါင်းများစွာ တွေ့ရသည်။ သူတို့တတွေထံပါးတွင် အမေရိကန်တစ်ဦးအားပြည်သူတစ်ယောက်အဖြစ် ချစ်ခင်ကြိုဆို လက်ကမ်းမှုအသင့်မရှိသေးသည့် အဖြစ် မျိုးနှင့်သာ တွေ့နေသည်။ အရွယ်မရွေးဘဲ ကျွန်တော်တို့ တတွေသူတို့လေးတွေနှင့်အတူ တွဲကခြင်း၊ သီချင်းဆိုခြင်း၊ ပွေ့ဖက်ခြင်း၊ နမ်းရှုံ့ခြင်း၊ လက်ဆောင်ပစ္စည်းဖလှယ်ခြင်းများ လုပ်ကြသည်။ သူတို့တတွေက ကျွန်တော်တို့အား ပန်းများ၊ မုန့်များ၊ ကြယ်သီးများ၊ ပန်းချီကားများ၊ အရုပ်များ ပေးလာကြသည်။ သို့သော် ထိုပစ္စည်းတွေထက်ပို၍ အရေးအကြီးဆုံးသော အရာကားသူတို့၏ နှလုံးသားများနှင့် သူတို့၏ ပွင့်လင်းသော

စိတ်ဓာတ်၏ ကြိုဆိုလက်ကမ်းမှုတို့ပင် ဖြစ်ပါတော့ သည်။

ဘဝတွင် တစ်ကြိမ်ထက်မကသော လက်ထပ်ညှိခံပွဲများသို့ ကျွန်တော်တို့တတွေ ဖိတ်ခေါ်ခံရဖူး သည်။ မည်သည့် သက်ရှိမိသားစုဝင်တို့ကပင် ကျွန် တော်တို့မျှော်လင့်သလောက် နွေးထွေးစွာလက်ခံခြင်း၊ တွေ့ဆုံခြင်း၊ ကျင်းပပေးခြင်းများ မရှိသည်ကို မတွေ့ရပါ။ ကျွန်တော်တို့ ပွေ့ဖက်လိုက်ကြ၊ နမ်းလိုက်ကြ၊ ကလိုက်ကြ ရှမ်ပိန်သောက်လိုက်ကြ ရှနက်ပ်နှင့် ဇော့ဒကာအရက်တွေကို သတို့သား သတို့သမီးတို့နှင့်အတူ သောက်လိုက်ကြ၊ ပြီးတော့တစ်ဖန် သူတို့ မိသားစု ဖက်ကပါလာသော အဘိုးကြီး အဘွားကြီးတွေနှင့်ပါ သောက်ကြစားကြ ရှိနေသည်။

ရုရှားနိုင်ငံ ကာ့စ်မြို့တွင် ရုရှားမိသားစု ၇ယောက်က အိမ်ရှင်အဖြစ် ကြိုဆို၍ ညနေစာကို အံ့သြစရာကောင်းသော အစားအသောက်များ၊ စကားဖလှယ်ခြင်းများ စသည်တို့ဖြင့် စေတနာ့ဝန်ထမ်း လုပ်သည်ကို ကြုံရဖူးသည်။ လေးနာရီတိုင်တိုင် ကြာလာသောအခါတွင်မူ ကျွန်တော်တို့ နှစ်ဖက်စလုံးသည် တစ်ဦးနှင့်တစ်ဦး မခွဲနိုင် မခွာနိုင်လောက်အောင်ပင် သံယောဇဉ်တွေ ရစ်ဖွဲ့လာကြသည်။ ကျွန်တော်တို့ အုပ်စုလေးသည် ရုရှားနိုင်ငံတွင် တကယ့် မိသားစုလေး တစ်ခုလို ဖြစ်လာတော့သည်။

'တို့မိသားစု' ဆိုသော တီးဝိုင်းလေးက နောက်တစ်နေ့ညမှာပင် ကျွန်တော်တို့မိသားစုကို ဖျော်ဖြေတင်ဆက်သည်။ ထိုတီးဝိုင်း ညသန်းခေါင်ကျော်သည်အထိ တီးမှုတ်ကြသည်ကိုသာ ကြည့်ကြပါတော့။ နောက်တစ်ကြိမ် စားလိုက်ကြ၊ သောက်လိုက်ကြ၊ ပြောလိုက်ကြ၊ ကလိုက်ကြ၊ ခွဲခွာချိန်ရောက်တော့ ငိုလိုက်ကြနှင့် ရှိနေတော့သည်။ ကျွန်တော်တို့ ကြုံရာတေးသွားနှင့် လိုက်၍ ကနေပုံများမှာ ဆန္ဒရမ္မက်နှင့်ယှဉ်သော ချစ်သူများသဖွယ် ခံစားနေကြရပါသည်။ တကယ့်ကိုပဲ ထိုသို့ ခံစားနေကြရသည်။

ကျွန်တော်တို့တတွေ ဆုံတွေ့လာကြရသည့်အကြောင်းသည် ရင်ထဲမှာ အစဉ်ကိန်းဝပ်နေပါတော့မည်။ မိတ်ဆွေဆီကိုတော့ ကျွန်တော် ခံစားနေရတာကို မျှဝေဖို့ နည်းလမ်း ရှာမတွေ့ပါ။ ဆိုကြပါစို့ မိတ်ဆွေသည် မော်စကိုမြို့ရှိ ဟိုတယ်တစ်ခုတွင် ရောက်ရှိနေလိမ့်မည်။ ထိုမှာပဲ တယ်လီဖုန်း အဆက်အသွယ်တစ်ခုက ဆီးကြိုနေလိမ့်မည်။ သို့မဟုတ် မစ်ခေး ဂေါ်ဗာချော့ဗ်၏ရုံးမှ ပေးပို့သည့် ရုရှားလို ရေးထားသောစာတွင် မိတ်ဆွေအား သီတင်းပတ် တစ်ပတ်ကြာသည့်အချိန်အထိ မတွေ့ဆုံနိုင်သေးသည့်အတွက် ဝမ်းနည်းမိကြောင်း တွေ့ရမည်ဆိုပါစို့။ ထိုသို့ မတွေ့နိုင်သေးခြင်းမှာ သူ့အနေနှင့် မြို့ပြင်တစ်နေရာရာသို့ ရောက်နေခြင်းဖြစ်မည်။ သို့မဟုတ် ခေါင်းဆောင်ကြီးက မိတ်ဆွေတို့

တစ်အုပ်စုလုံးကို ဗဟိုကော်မတီ၏ စားပွဲဝိုင်းဆီသို့ စေလွှတ်၍ နှစ်နာရီကြာ ဆွေးနွေးပွဲအတွက် စီစဉ်ပေးမည်ဆိုပါက မိတ်ဆွေအနေနှင့် မည်သို့ ခံစားရမည်နည်း။

အကယ်၍ တစ်ဒါဇင်ထက် မနည်းသော အဘွားအိုကြီးများက ဘာတူရှ်ကာ့စ် ဝတ်စုံများနှင့် သူတို့နေထိုင်ရာ လှေကားများမှ ဆင်းလာပြီး မိတ်ဆွေကို တွေ့သည်နှင့် ဖက်ရမ်းနမ်းရှုံ့ကြမည်ဆိုလျှင် မိတ်ဆွေမည်သို့ ခံစားရမည်နည်း။ မိတ်ဆွေ၏ လမ်းပြများဖြစ်သည့် တန်ယာနှင့် နာတာရှာတို့တတွေက မိတ်ဆွေတို့အုပ်စုလို လူမျိုးများနှင့် တစ်ခါမှ မတွေ့ဆုံးဖူးဘူး ဆိုလျှင်မည်သို့ ရှိမည်နည်း။ ကျွန်တော်တို့ အယောက် ၃၀မှာ ခွဲခွာရတော့မည်ဖြစ်၍ ငိုမိကြသည်။ အကြောင်းမှာ ကျွန်တော်တို့ မကြုံဖူးလောက်အောင် ဆန်းကြယ်လှသော အမျိုးသမီးများနှင့် သံယောဇဉ်ထား ခင်မင်မိခဲ့ကြပြီး သူတို့တတွေကလည်း ကျွန်တော်တို့ကို ချစ်ခင်နေကြသောကြောင့်ဖြစ်သည်။ ကဲ မိတ်ဆွေတို့အနေနှင့် ကျွန်တော်တို့လို အဖြစ်မျိုးကြုံလာပါက မည်သို့ ခံစားရမည်ဆိုတာကို စဉ်းစားတွေးကြည့်နိုင်ပါသည်။

ကျွန်တော်တို့မှာ ဇာတ်လမ်းကိုယ်စီ ပါလာကြပါသည်။ ဇာတ်လမ်းတွေအားလုံး ပေါင်းချုပ်လိုက်လျှင် တစ်ခုတည်းသော ရည်ရွယ်ချက် မွေးဖွားလာမည်မှာ မလွဲပါ။ 'တို့ မိသားစု' တီးဝိုင်းနာမည်လိုပင် ကမ္ဘာမြေ၏ လွင်ပြင်ပေါ်တွင် ငြိမ်းချမ်းမှုအတွက် အသေချာဆုံး သော

နည်းလမ်းမှာ ချစ်ခြင်းတံတား ပေါင်းဖွဲ့မှုတွင် တည်ရှိနေပါသည်။ ကျွန်တော်တို့တွေအားလုံး သူတို့ထံ သွားရောက်၍ တစ်ဦးနှင့်တစ်ဦး ပွေ့ဖက်ခြင်း၊ နမ်းရှုံ့ခြင်း၊ သူတို့နှင့်အတူ ကခုန်ခြင်း၊ ကစားခြင်း၊ ထို့နောက် အတူထိုင်၊ စကားပြော၊ လမ်းအတူလျှောက်၊ အတူငိုပွဲဆင်ကြ . . . စသည်တို့ကို ကြုံခဲ့ရသည့်အခါ တစ်ဦးမှာရှိနေသည့်အလှကို တစ်ဦးက အသေအချာ မြင်မိကြမှာ မလွဲပါ။ ဆိုရလျှင် လူတိုင်းတွင် အလှတရားကိုယ်စီ ရှိနေပြီးသားဖြစ်သည်။ ထိုအလှတရားသာ မရှိပါက လူသားအားလုံးသည် မွဲပြာကျနေကြမည်မှ မလွဲပေ။ ထပ်၍ ပြောရလျှင် "ခင်ဗျား ကျွန်တော့် အပေါ်မှာ မေတ္တာထားတာကို ကျွန်တော်သိပါတယ်။ 'တို့မိသားစု' ဆိုသည့် တီးဝိုင်းနာမည်လိုပင် မိသားစု စိတ်ဓာတ်ဖက်မှာပဲ ကျွန်တော် ရပ်တည်ဖို့ ယတိပြတ် ဆုံးဖြတ်ချက်ချလိုက်သည်"ဟုပဲ ဆိုချင်ပါတော့သည်။

◆ ◆

# ခဏလောက် အချိန်ယူပါ

Take a Moment to Really See By Jeffrey Thomas

"ရပ်နားပြီး နှင်းဆီပန်းတွေကို မွှေးကြူဖို့ သတိရပါ" ဆိုသည့် စကားမျိုးကို ကျွန်တော်တို့အားလုံး ကြားဖူးကြသည်။ သို့ရာတွင် နေ့စဉ် ပျပန်းခတ်အောင် လှုပ်ရှားနေရသော နေထိုင်မှုဘဝတွေထဲတွင် ကျွန်တော်တို့ အနေနှင့် မိမိတို့ ပတ်ဝန်းကျင်မှာရှိသည့် ကမ္ဘာလောကကြီးကို သတိပြုမိဖို့ မည်မျှ အချိန်ယူမိခဲ့ကြပါသနည်း။ ကျွန်တော်တို့သည် မိမိတို့၏ လုပ်ငန်းခွင်အချိန်ဇယားများ အလယ်တွင် မကြခဏ ပိတ်မိနေတတ်သည်။ လာမည့် အချိန်းအချက်များအတွက် တွေးပူရ၊ ဘဝ၏ အထွေထွေကိစ္စရပ်များအတွက် စဉ်းစားရနှင့် မိမိတို့၏ ပတ်ဝန်းကျင်မှာ တခြားသူတွေ ရှိနေပါသလားဆိုသည်ကိုပင် သတိမပြုမိနိုင်လောက်အောင် ဖြစ်နေမိသည်။

**ရွှေဝံစာအုပ်တိုက်**

ထိုအထဲတွင် ကျွန်တော်သည်လည်း အပြစ်ကင်းစင်သူတစ်ယောက်မဟုတ်ပါ။ ကျွန်တော်သည်လည်းကမ္ဘာ့အလယ်မှ လူသားတို့၏ အပြုအမူများနှင့်မခြားပါ။ အထူးသဖြင့် ကာလီဖိုးနီးယားပြည်နယ်၏ လူထူထပ်လှသော လမ်းများတွင် ကားမောင်းရသည့်အခါမျိုးတွင် ပိုဆိုးသည်။ သို့သော်လည်း လွန်ခဲ့သောခဏတာအချိန်လေးက ကျွန်တော်သည် မိမိ၏ ကိုယ်ပိုင်ကမ္ဘာလေးထဲတွင်ပိတ်မိနေပြီး ပြင်ပမှ ကမ္ဘာလောကကြီးကို သတိမပြုမိပါလားဆိုသည့် အချက်ကို သဘောပေါက်မိစေသည့် အဖြစ်အပျက်တစ်ခုကို မျက်ဝါးထင်ထင် တွေ့ခဲ့ရသည်။

ကျွန်တော်သည် ထုံးစံအတိုင်းပင် လုပ်ငန်းအတွက် ချိန်းဆိုထားသည့် ကိစ္စတစ်ခုအတွက် ကားမောင်း၍လာခဲ့သည်။ တွေ့လျှင် မည်သို့ ပြောဆိုရမည်ကို ကျွန်တော့်ခေါင်းထဲမှာ အစီအစဉ်ဆွဲနေမိသည်။ ဤသို့နှင့် ကျွန်တော်၏ကားသည် လူရှုပ်ထွေးလှသောလမ်းဆုံတစ်ခုသို့ ရောက်သွားသောအခါ မီးပွိုင့် မီးနီနေသည်နှင့် ကြုံသည်။ "အင်း၊ မီးစိမ်းလို့ကတော့ တခြားကားတွေကို ကျော်တက်သွားနိုင်ရင် ငါ နောက် တစ်ပွိုင့်မှာ မီးနီလွတ်မှာပါ" ဟု စိတ်ထဲမှာတွေးနေမိသည်။

ကားနှင့် ကျွန်တော် တစ်သားတည်းလိုဖြစ်နေသည်။ မီးစိမ်း၍ ကျွန်တော့်ကားကို မောင်းဖို့ အသင့်ပြင်လိုက်သောအခါ ကျွန်တော့်ရှေ့မှ ရုတ်တရက်ပေါ်လာ

သော မမေ့ရက်နိုင်စရာ မြင်ကွင်းကြောင့် ကျွန်တော့် စိတ်ကူးတွေ ပျက်ပြားသွားရသည်။ အရပ်လေးမျက်နှာမှ ကားတွေ တစ်ဝီဝီ ဖြတ်သန်းမောင်းနှင်နေသော လမ်းဆုံတွင် ငယ်ငယ်ရွယ်ရွယ် မျက်မမြင် စုံတွဲတစ်တွဲသည် တစ်ယောက်ကိုတစ်ယောက် လက်ချင်းချိတ်ပြီး လမ်းကူးနေသည်။ အမျိုးသားက ကလေးတစ်ယောက်ကို လက်နှင့် တွဲထားသည်။ အမျိုးသမီးက ကလေးငယ်လေးကို ရင်ခွင်မှာ ပိုက်ထားသည်။ သူတို့ နှစ်ယောက်စလုံး၏ လက်တွေမှာတော့ ကြိမ်တုတ်ဖြူဖြူတွေ ဆုပ်ကိုင်ထားကြသည်။ သူတို့သည် ထိုတုတ်များကို ထောက်ရင်း လမ်းအကူးမှာ လမ်းစရှာနေဟန်ရှိသည်။

အမှန်မှာတော့ ကျွန်တော်သည် ကားကို မောင်းထွက်သွားဖို့ဖြစ်သည်။ သို့ရာတွင် မျက်မမြင်များ၏ စိုးရိမ်ထိတ်လန့်နေမှုက ကျွန်တော့်ကိုပါ ကူးစက်လာသည်။ "မျက်မမြင်ဖြစ်ရတာ တော်တော် ကြောက်စရာကောင်းမှာပဲ" ဟု ကျွန်တော် တွေးနေမိသည်။ ထိုစုံတွဲသည် လူကူးမျဉ်းကြားအတိုင်း မသွားဘဲ လမ်းဆုံအလယ်သို့သွားနေသည့် ကြောက်မက်ဖွယ်ရာ မြင်ကွင်းကြောင့် ကျွန်တော့် အတွေးတွေ အလျင်အမြန် ပျောက်ကွယ်သွားရသည်။ သူတို့သည် ကြုံရမည့် အန္တရာယ်ကို နားမလည်ဘဲ ယာဉ်များသွားလာနေသည့် လမ်းကြောင်းအလယ်သို့ တည့်တည့်ကြီး သွားနေသည်။ တခြား ကားသမားတွေက သူတို့ကို မျက်မမြင်တွေဟု မသိကြလျှင်

တော့ ဒုက္ခပဲဟု ကျွန်တော့်မှာ သူတို့ကိုယ်စား ထိတ်လန့် စိုးရိမ်နေမိသည်။

ကျွန်တော့်ကားမှာ ကားတန်း၏ ရှေ့ဆုံးတွင် ရှိနေသောကြောင့် ထိုမြင်ကွင်းကို အတိုင်းသား မြင်နေရသည်။ သွားလာနေသော ကားများသည် ရှေ့ဆက်သွားရမည့်အစား တစ်ပြိုင်နက်တည်းပင် အလိုလျောက် ရပ်သွားကြ၏။ သူတို့ ရပ်သွားပုံမှာ ဘရိတ်ဆောင့်ဆွဲလိုက်ပြီး တာယာတွေပင် ပွတ်ကြိတ်သွားသည်။ ဟွန်းတီးပြီး အချက်ပေးသံမျိုး လုံးဝ မကြားလိုက်ရပါ။ "ဟေ့ လမ်းပေါ်က ဆင်းလျှောက်လေကွာ" ဆိုသည့်အသံမျိုးလည်း တစ်ဦးတစ်ယောက်ထံမှ မကြားရပါ။ အားလုံး အေးစက်တောင့်တင်းနေသလိုပင်။ ထိုကာလလေး၌ နာရီတွေကပင် မျက်မမြင်မိသားစုအတွက် ရပ်တန့်သွားကြသလို ပင်။

ကျွန်တော်က ပတ်လည်ဝိုင်းလျှက်ရှိနေသော ကားများဆီ လှမ်းကြည့်လိုက်ရာ သူတို့တတွေသည် လည်း မျက်မမြင်မိသားစု၏ ဖြစ်ပုံကို သိနေသည့်ပုံ ပြ နေ၍ အံ့အားသင့်သွားမိသည်။ အားလုံး၏ အကြည့် တွေက ထို မိသားစု အပေါ်မှာ စုပြုံကျရောက်နေသည်။ ရုတ်တရက် ကျွန်တော့်ညာဖက်မှ ကားဒရိုင်ဘာ လှုပ် လှုပ်ရှရှ ဖြစ်လာသည်ကို တွေ့ရသည်။ သူသည် ကား တံခါးပေါက်မှ ခေါင်းပြူထွက်လာပြီး အသံကျယ်ကျယ် နှင့် "ဟေ့ . . . ညာဖက်၊ ညာဖက်" ဟု အော်နေသလို

တခြား ကားမောင်းသူတွေထံမှလည်း ညာဖက်ကို ညာဖက်ကိုပဲ ဟု အော်နေသံများသည် စီစီညံသွား၏။

ထိုမိသားစုမှာ ညာဖက်ကို မသွားတတ်သလိုပင် မလှုပ်မယှက် ဖြစ်နေကြသည်။ နောက်ဆုံးမှ လူတွေ၏ အော်သံကို နားစွင့်ရင်း ကြိမ်တုတ်ဖြူလေးထောက်လျှက် တစ်ဖက် ပလက်ဖောင်းဆီသို့ ရောက်သွားသည်။ ထိုလင်မယား လက်မောင်းချင်း အချိတ်အဆက် မပျက်သည်ကို ကျွန်တော် သတိထားမိသည်။ ထိုမျက်မမြင်လင်မယားသည် လက်မောင်းချင်း အချိတ်မပျက်ဘဲ ရှိနေသည့် အဖြစ်ပင်။

ကျွန်တော်ထပ်မံ၍ သတိပြုမိသည်ကတော့ ဘယ်လို စိတ်လှုပ်ရှားမှုကိုမျှ မပြသော သူတို့၏ အမူအယာသည် ကိုယ့်အပေါ် ကျရောက်မည့် အန္တရာယ်ကို မသိသလိုပင်ဖြစ်နေ၏။ လမ်းဆုံတွင် ရပ်နေကြသော ကားအုပ်စုထံမှ သက်မချသံတွေ ကြားလိုက်ရသလိုပင်။

ကျွန်တော်က အနီးဝန်းကျင် ကားတွေဆီ ငေ့ကြည့်လိုက်သောအခါ ကျွန်တော့် ညာဖက်ကား ဆီမှ "ခင်ဗျား မြင်လိုက်လား" ဆို၏။ ကျွန်တော့် ဘယ်ဖက်မှ ဒါရိုင်ဘာကပါ "ကျုပ်တော့ ယုံတောင်မှ မယုံချင်ဘူး" ဟု ဆိုသည်။ ကျွန်တော်တို့၏ မျက်စိရှေ့တွင် မြင်လိုက်ရသော မြင်ကွင်းကို ကြည့်ရသူအပေါင်း နက်နက်ရှိုင်းရှိုင်း ခံစားလိုက်ရသည်ဟု ကျွန်တော်ထင်ပါသည်။ လူသား ၄ ဦး၏ အသက်အတွက် လူလူချင်း စာနာစိတ်ဓာတ်က

လူတိုင်းထံမှ သူ့အလိုလို ထွက်ပေါ်လာခြင်းပင် ဖြစ်သည်ဟု ဆိုရပါမည်။

ကျွန်တော်သည် အခြေအနေ အကြောင်းအမျိုးမျိုးနှင့် ဆုံလာတိုင်း ထိုစဉ်က အကြောင်းကလေးကို မျက်လုံးမှာ ပြန်ပြီးမြင်ယောင်လေ့ရှိသည်။ ထို့အပြင် ထိုအကြောင်းလေးမှ ခွန်အားရှိသော သင်ခန်းစာများစွာကို ရရှိခဲ့သည်။ ပထမဦးဆုံးသော သင်ခန်းစာတစ်ခုကတော့ "စိတ်အေးအေးထားပြီး နှင်းဆီပန်းတွေကို မွှေးကြူလိုက်ပါ" ထိုအချိန်မတိုင်မီက ထိုစိတ်မျိုးထားရန် အလွန်ပင် ခက်ခဲခဲ့ဖူးသည်။ သင့်ရှေ့ဝန်းကျင် သင့်ရှေ့မှောက်မှာရှိသည့် မြင်ကွင်းကို သေသေချာချာ သိမြင်ရန် အချိန်ယူပါ။ ထိုကိစ္စကို လုပ်ဖြစ်အောင် လုပ်ကြည့်စေချင်သည်။ ပစ္စက္ခမြင်ကွင်းကို လုပ်ဆောင်လိုက်သည့် တစ်ခဏတာ၏ တန်ဖိုးကို သင်နားလည်သဘောပေါက်လာပါလိမ့်မည်။ ပို၍ အရေးကြီးသည်က ထိုခဏတာ အချိန်လေးသည် သင့်ဘဝ၏ အပြောင်းအလဲတစ်ခု ဖြစ်သည်ဆိုတာကို ပို၍ သဘောပေါက်လာပါလိမ့်မည်။

ကျွန်တော် ရခဲ့သည့် ဒုတိယမြောက် သင်ခန်းစာတစ်ခုကတော့ မိမိအတွက် ချမှတ်ထားသော ပန်းတိုင်ကို ရရှိရန်အတွက် ရှောင်လွှဲမရနိုင်သော အခက်အခဲတွေ ရှိမည်မှာ မှန်သော်လည်း မိမိကိုယ်မိမိ ယုံကြည်မှုရှိဖို့၊ သူတစ်ပါးအပေါ်မှာလည်း ယုံကြည်မှုရှိဖို့ လိုသည်ဆိုသော သင်ခန်းစာပင်ဖြစ်သည်။

မျက်မမြင် လင်မယား၏ ပန်းတိုင်ဆိုသည်မှာ လမ်းအကျော်မှ တစ်ဘက်ပလက်ဖောင်းပေါ် ခြေချနိုင်ဖို့ပင် ဖြစ်သည်။ သူတို့၏ အဆီးအတားဆိုသည်မှာ ကားတန်း ရှစ်တန်းတိတိ ဖြစ်သည်။ ထိုကားတန်းကြီးက မရပ်မနား သွားနေသည်။ သို့သော် ထိုသို့ ကိုယ့်အပေါ် ကျရောက်လာလေမည့် အဆီးအတားရှိသည်ကို သူတို့တတွေ သံသယမရှိ။ ကြောက်လည်း မကြောက်။ သူတို့၏ ပန်းတိုင်ရှိရာကိုသာ မရောက်ရောက်အောင် သွားမြဲအတိုင်း သွားနေသည်။

ကျွန်တော်တို့တတွေသည် ကိုယ်ရည်စူး ချမှတ်ထားသော ပန်းတိုင်အထွေထွေဆီသို့ မျက်မမြင် တို့၏ စိတ်နှလုံးသွင်းယူပြီး ကျွန်တော်တို့ လမ်းကြောင်း ပေါ်မှ အဆီးအတားဟူသမျှ မှုမနေဘဲ အောင်မြင်မှုကို ဆွတ်ခူးနိုင်သည်အထိ လျှောက်လှမ်းသွားနိုင်မည်ပင်။ ကျွန်တော်တို့၏ ဉာဏ်စွမ်းဉာဏ်စများအပေါ် ယုံကြည်ချက်မွေး၍ အခြားသူများ၏ လမ်းညွှန်ပြမှုကို ခံယူကာ သူတို့ရင်ထဲက အသိတရားအတိုင်း လျှောက်လှမ်းသွားနိုင်ဖို့သာလိုသည်။

အဆုံးဆိုရလျှင် ထိုမြင်ကွင်းလေးသည် ကျွန်တော့အတွက် လေးစားလိုက်နာရမည့် ဆုလာဘ်လေးတစ်ခုပင် ဖြစ်နေသည်။ ကျွန်တော့်အတွက် မကြာခဏ အကျိုးကျေးဇူး အဖုံဖုံပြုနေသည်။ မိတ်ဆွေရော တွေးမိပါရဲ့လား။ မျက်လုံးအစုံမရှိသည့် ဘဝတစ်ခုသည်

သာမန်ဘဝနှင့် မည်မျှအထိ ခြားနေနိုင်သလဲ။ ခဏတာ ဖြစ်ဖြစ် စိတ်ကူးလေးနဲ့ လျှောက်ကြည့်လိုက်ပါလား။ လူတွေ ရှုပ်ထွေးလို့နေတဲ့ ကားလမ်းကြောင်းကြီးတစ်ခုမှာ မျက်စေ့မမြင်တဲ့ အဖြစ်နဲ့ လျှောက်ကြည့်နေပုံမျိုးပေါ့။ ဩော်၊ ထိုကဲ့သို့ မယုံနိုင်စရာ ရှိနေသော ဆုလာဘ်များ ကျွန်တော်တို့ ဘဝထဲမှာပင် ရှိနေသေးသည်ကို လူတွေ မကြာမကြာ သတိမရနိုင်အောင် ရှိနေပါပေါ့လား။

ယခုအခါ ကျွန်တော်သည် ကိုယ်သွားရောက်လိုသည့် အကြောင်းအရာထက် ရှုပ်ထွေးသော လမ်းကြောင်းပေါ်က လူသားတို့၏ ဘဝအစုံအလင်နှင့် စာနာမှု မေတ္တာတရားများအပေါ် ကားမောင်းရင်း သတိထားတတ်နေပြီ ဖြစ်သည်။ ထိုကာလမှ အစပြု၍ ဘုရားပေးသော ဉာဏ်စွမ်းရည် အင်အားတို့ဖြင့် သူများတကာ၏ ကံကြမ္မာအမှောင်ထုကို ကူညီဖယ်ရှားပေးရန် ကြိုးစားရှာဖွေဖို့ ဆုံးဖြတ်တတ်လာသည်။ ကျွန်တော်၏ နေ့စဉ်လှုပ်ရှားမှု လမ်းကြောင်းထဲတွင် ထိုအင်အားကို အသုံးပြုဖို့ အကြောင်းပါ ပါလာပြီဖြစ်သည်။

မိတ်ဆွေသည်လည်း ကိုယ်လျှောက်လှမ်းနေရသည့် ဘဝလမ်းကြောင်းထဲမှာ အကူအညီ လမ်းကြောင်းတစ်ခုခုကို ဖွင့်ထားနိုင်ပါသည်။ စိတ်ပိုင်းဆိုင်ရာကို ဖြေးနှေးလျှော့ချလိုက်ပါ။ ဘဝကို အမှန်အတိုင်း မြင်နိုင်အောင် ကြည့်ပါ။ ခဏတဖြစ်ဖြစ် အချိန်ပေးပြီး ကိုယ့်ရဲ့ အနီးဝန်းကျင်တစ်ဝိုက်ကို ကြည့်ဖို့ ကြိုးစားလိုက်

ပါ။ ကိုယ် အခုရပ်နေသည့် နေရာကပဲ ကြည့်လိုက်၊ တစ်ခုခု ထူးခြားနေသော ကိစ္စများကို မြင်လာရမည်မှာ မုချပါပင် ဖြစ်ပါသည်။

◆ ◆

# ဘဝလမ်းမှာ အချစ်အလမ်းတွေရှိတယ်

Look Out, Baby, I'm Your Love Man By Jack Canfield

အခွင့်အလမ်းတစ်ခုအတွက် ကြိုတင်ပြင်ဆင်ထားတာ
ပိုကောင်းတယ်။ အခွင့်အလမ်းတစ်ခုရှိပြီး ကြိုတင်ပြင်ဆင်မှု
ရှိမထားဘူးဆိုရင် အခွင့်အလမ်း မရှိတာကမှ ပိုကောင်းဦးမယ်။
ဝစ်ဟ်တနီ ယန်း (ဂျူနီယာ)

လက်စ်ဘရောင်းနဲ့ သူ့အမြွှာညီအစ်ကိုတို့ဟာ ထမင်းချက်နဲ့ ကလေးထိန်းလုပ်တဲ့ မာမီဘရောင်းရဲ့ မွေးစားခြင်း ခံခဲ့ရတယ်။ မီယာမီမြို့ အနီးတစ်ဝိုက်မှာ ငတ်မွတ်တဲ့ကပ်ဆိုး ဆိုက်ရောက်လာတာကြောင့် သူတို့မွေးပြီး မကြာခင်မှာပဲ မွေးစားခံခဲ့ရတာပါ။

လက်စ်ဟာ အမြဲတမ်း မရပ်မနားလှုပ်ရှားတတ်ပြီး သူမတူအောင် အငြိမ်ထိုင်မနေဘဲ ကြိုးစားတတ်တာကြောင့် သူ သင်ယူနေတဲ့ မသန်မစွမ်းအတန်း

**ရွှေဝံစာအုပ်တိုက်**

ကျောင်းတွေနဲ့ အထက်တန်းကျောင်းတွေမှာ အထူးပညာရေး သင်ကြားခံရသူတစ်ယောက် ဖြစ်ခဲ့တယ်။ ဒီလိုနဲ့ ဘွဲ့ရလာပြီးတဲ့နောက်မှာ မီယာမီကမ်းခြေမှာရှိတဲ့ မြို့တော်ကျန်းမာရေးရုံး တစ်ရုံးမှာ အလုပ်ဝင်လုပ်တယ်။ ဒါပေမဲ့ သူ အမြဲတမ်း အိပ်မက်မြင်မက်နေတဲ့ အလုပ်ကတော့ ရေဒီယို အသံလွှင့်ဌာနမှာ ဝင်လုပ်နိုင်ဖို့ပဲ ဖြစ်တယ်။

ညဘက် ရောက်လာတိုင်း ထရန်စစ်စတာ ရေဒီယိုလေးတစ်လုံးကို အိပ်ရာထဲ ယူသွားပြီး မြို့နယ်က အသံလွှင့်တဲ့ ခေတ်ပေါ် အကတေးသွားနဲ့ ပတ်သက်တဲ့ ပြောဆိုအသံလွှင့်ချက်တွေ နားဆင်လေ့ရှိတယ်။ သူက သူ့ရဲ့သေးသွယ်နေတဲ့ အိပ်ခန်းလေးကို အသံလွှင့်ဌာနကြီးအဖြစ် စိတ်ကူးယဉ်လိုက်တယ်။ သူ့အခန်း ကြမ်းပြင်ပေါ်က ကော်ဇောတောင်မှ စုတ်ပြတ်နေပြီ။ သူ့ရဲ့ မိုက်ကရိုဖုန်းကတော့ ခေါင်းဖြီးတဲ့ ဝက်မှင်ဘီးပေါ့။ သူဟာ အာဝဇ္ဇာန်းရွှင်ရွှင်နဲ့ ပြောနိုင်အောင် ဘီးကို မိုက်ကရိုဖုန်းအမှတ်နဲ့ ကိုင်ပြီးလေ့ကျင့်တယ်။ သူ့ရဲ့အသံနဲ့ မိတ်ဆက်ခံနေရသူတွေကတော့ မမြင်ရတဲ့ တစ္ဆေသရဲတွေပဲ ဖြစ်ပါလိမ့်မယ်။

သူ့မွေးစားအမေနဲ့ အမြွာညီတို့ကတော့ ပါးလျားတဲ့ နံရံကနေ ဖောက်ထွက်နေတဲ့ သူ့ပြောသံတွေကို တတွတ်တွတ် ကြားနေရတာမို့ တိတ်စမ်းလို့ အော်သံပေးလိုက်မှပဲ ပါးစပ်ပိတ် အိပ်သွားလေ့ရှိတယ်။ ဒါပေမဲ့

လက်စ်ဟာ သူ့ရဲ့စိတ်ထဲက စိတ်ကူးယဉ်ကမ္ဘာလေးကို ဘယ်တော့မှ ရုပ်သိမ်းမသွားဘူး။

သူလုပ်နေတဲ့ မြို့တော်ဆေးခန်းမှာ မြက်ရိတ်နေရာက ထမင်းစားချိန်အရောက် နေ့လည်ဘက်မှာပဲ လက်စ်ဟာ ရဲရင့်စွာနဲ့ မြို့နယ်အသံလွှင့်ရုံဌာနထဲ ဝင်ရောက်လာတယ်။ သူဟာ အုပ်ချုပ်သူ မန်နေဂျာရဲ့ ရုံးခန်းထဲ တန်းဝင်လာပြီး အစီအစဉ် ပြောရတဲ့အလုပ်ကို လုပ်ချင်တဲ့အကြောင်း တင်ပြလိုက်ပါတယ်။

မန်နေဂျာဟာ ဘိုဘီဘတ်သီပုံစံနဲ့ မြက်ဦးထုပ်ဆောင်းလာတဲ့ သူ့ပုံစံကို အကဲခတ်ပြီး မေးလာတယ်။

"အသံလွှင့်ဌာနနဲ့ ပတ်သက်ဖူးတဲ့ မင်းရဲ့ အဆက်အနွယ်တွေကော ရှိဖူးလို့လားကွ"

ဒီတော့ မတ်စ်က ပြန်ဖြေတယ်။

"ဟင့်အင်း၊ ဆရာ မရှိပါဘူး"

"ကဲ သား ဒါဆိုရင်တော့ မင်းအတွက် အလုပ်မရှိတာကို ငါ စိတ်မကောင်းပါဘူး"

လက်စ်က ယဉ်ကျေးစွာနဲ့ပဲ ကျေးဇူးတင်စကားပြောပြီး ပြန်ထွက်လာတယ်။ မန်နေဂျာရဲ့ စိတ်ထဲမှာတော့ ကောင်လေး နောက်ကိုလာမှာ မဟုတ်တော့ဘူးလို့ ယူဆလိုက်တယ်။ ဒါပေမဲ့ ကောင်လေးရဲ့ ဒီအလုပ်အပေါ် စိတ်အားထက်သန်တဲ့ ခံစားမှုကိုတော့ မန်နေဂျာက တိုင်းတာတွက်ချက် ခန့်မှန်းနိုင်ခဲ့တယ်။ အသံလွှင့်ရုံမှာ အလုပ်တစ်ခုရဖို့ထက် ပိုတဲ့ခံစားချက်

တစ်ခုက သူ့မှာ ရှိနေသေးတယ်။ ဒါကတော့ သူ့ရဲ့ မွေးစားမိခင်ကို အိမ်သစ်ကလေးတစ်လုံး ဝယ်ယူပေးလို တဲ့ စိတ်ဆန္ဒပါပဲ။ သူဟာ သူ့မိခင်ပေါ်မှာ ရင်နင့်မတတ် ချစ်ရသူပါပဲ။ အသံလွှင့်ဌာနမှာ စကားပြောခွင့်ရလာဖို့ ရာထူးကိုတော့ ဒုတိယအကြီးမားဆုံး ဆန္ဒအဖြစ် သဘောထားလိုက်တယ်။

သူ့မေမေ မာမီဘရောင်းက လက်စ်ရဲ့ အိပ်မက်ကို ထပ်မံအကောင်အထည်ဖော်ဖို့ အားပေးတိုက်တွန်းတယ်။ ဒီလိုနဲ့ သူဟာ ရေဒီယို အသံလွှင့်ဌာန မန်နေဂျာက ဘယ်လိုပဲ ငြင်းပြောပြောလာသည်ရှိစေ။ သူ အဲဒီအလုပ်ကို အပိုင်လုပ်ရမှာပဲလို့ စိတ်ထားနိုင်သွားပြီး အလုပ်ရမှာ ကျိန်းသေသလို ခံစားလိုက်ရတယ်။

ဒီလိုနဲ့ပဲ လက်စ်ဟာ အသံလွှင့်ဌာနကို တစ်ပတ်လောက် ကြာတဲ့အထိ နေ့စဉ်ပဲ သူ့အတွက် ပေးနိုင်မယ့် အလုပ်ရှိမရှိ သွားတောင်းနေတော့တယ်။ အဆုံးမှာ အုပ်ချုပ်သူ မန်နေဂျာကပဲ သူ့ကို လက်တိုလက်တောင်းခိုင်းဖို့ ခန့်လိုက်ပြီး လစာမဲ့အဖြစ် ခေါ်ထားလိုက်တယ်။ အသံလွှင့်ခန်းထဲက အပြင်ကို မထွက်နိုင်ရှာတဲ့ အစီအစဉ်တင်ဆက်သူတွေအတွက် ပထမတော့ ကော်ဖီ၊ နေ့လည်စာနဲ့ ညစာတို့ကို ဝယ်ယူလာပေးရတယ်။ သူဟာ တစ်နေ့နေ့ အစီအစဉ်ပြောရမယ့် နေရာမှာ ရောက်စေရမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ သံပတ်တင်းထားတာ ဆိုတော့ အစီအစဉ် တင်ဆက်သူတွေက သူ့ကို ယုံကြည်

လာပြီး သူတို့ရဲ့ ကယ်ဒီလက်ကားနဲ့ Temptations, Diana Ross, နဲ့ Supremes ဂီတအဖွဲ့တွေကို အစီအစဉ်အတွက် ဖိတ်ခေါ်ခိုင်းတဲ့အထိ ဖြစ်လာတယ်။ အစီအစဉ်တင်ဆက်သူတွေထဲက လူအနည်းငယ်လောက်ပဲ သူ့မှာ ကားမောင်းလိုင်စင် မရှိဘူးဆိုတာ သိကြတယ်။

လက်စ်ဟာ အသံလွှင့်ရုံကလူတွေ ခိုင်းသမျှ ကို အကုန်လုပ်ပေးတယ်။ လက်စ်ဟာ အစီအစဉ်တင်ဆက်သူတွေရဲ့ အခန်းတွေထဲအထိပါ ဝင်နိုင်ထွက်နိုင်လာပြီး သူတို့ရဲ့ လမ်းကြောင်းထိန်းချုပ်မှုတွေ၊ ခလုတ်ကိုင်တွယ်လှုပ်ရှားပုံတွေကို တိတ်တခိုးပဲ လေ့လာမှတ်သားခဲ့တယ်။ သူဟာ ဖြစ်ချင်ရာဖြစ်ဆိုပြီး အသံလွှင့်ထိန်းချုပ်ခန်းထဲမှာ ပေတေရပ်နေတတ်ပြီး သူတို့တတွေနှင်ထုတ်တဲ့အထိ နေတတ်တယ်။ နောက်တော့ သူ့အိပ်ခန်းကို ပြန်ရောက်တဲ့အခါ သူ့အတွက် အလိုလို ပေါ်ပေါက်လာမယ့် အခွင့်အလမ်းအတွက် သူ့ကိုယ်သူ လေ့ကျင့်ပြင်ဆင်တယ်။

လက်စ် အသံလွှင့်ထိန်းချုပ်ခန်းထဲကို ရောက်နေချိန် စနေနေ့တစ်နေ့မှာတော့ ရော့ခ်ဆိုတဲ့ အစီအစဉ်တင်ဆက်သူတစ်ယောက်ဟာ အသံလွှင့်နေချိန်မှာ အရက်တွေ မူးနေတယ်။ အဲဒီအခန်းထဲမှာလည်း လူပိုဆိုလို့ လက်စ် တစ်ယောက်ပဲ ရှိနေတယ်။ ဒီတော့ ရော့ခ်ဟာ သူ့ကိုယ်သူ ဒုက္ခရောက်အောင် အရက်တွေ

သောက် နေပြီဆိုတာ လက်စ် နားလည်လိုက်တယ်။ ဒီတော့ လက်စ်ဟာ ရှော့ခ်အနားမှာ နီးနီးကပ်ကပ် နေရတယ်။ သူဟာ ရှော့ခ်ရဲ့ အခန်းတံခါးရှေ့မှာ ခေါက်တုံ့လူးလာ လမ်းလျှောက်နေရတယ်။ သူဟာ လမ်းလျှောက်နေရင်းနဲ့ ဒီလို အခွင့်အရေးမျိုး ပေါ်ပေါက်လာမယ့် နေ့မျိုးကို စောင့်နေတာမို့ "သောက်၊ ရှော့ခ်ရေ။ များများသာသောက်"လို့ သူ့စိတ်ထဲက ရေရွတ်နေ တယ်။

လက်စ်ဟာ ဒီအလုပ်ကို အလွန်အမင်း မွတ်သိပ်တောင့်တနေမိတယ်။ ဒီအလုပ်အတွက်လည်း အဆင်သင့် ဖြစ်နေပြီ။ ရှော့ခ်ကသာ အရက်သွားဝယ်ခိုင်းလို့ကတော့ အရက်ခပ်များများ ဝယ်ပေးလိုက်မယ်။ အဲဒီအချိန်မှာ ဖုန်းသံမြည်လာလို့ လက်စ် ဖုန်းကောက်ကိုင်လိုက်တယ်။ သူ ဒီအသံကို ရင်းနှီးသလောက်ဆိုရရင် မန်နေဂျာဆီက ဖုန်းပဲ ဖြစ်ရမယ်။

"လက်စ် ငါ မစ္စတာကလိန်း ဆက်နေတာပါ"

"ဟုတ်ကဲ့" လက်စ်ကဖြေရင်း "ကျွန်တော် သိပါတယ်ခင်ဗျာ"

"လက်စ်ရေ ရှော့ခ်တော့ သူထမ်းဆောင်ရ မယ့် အစီအစဉ် ပြီးဆုံးအောင် လုပ်နိုင်တော့မယ့် အခြေ အနေ ရှိမယ်မထင်ဘူးကွ"

"ဟုတ်ကဲ့ဆရာ ကျွန်တော်သိပါတယ်"

"မောင်ရင် အခြားတစ်ယောက်ယောက်ကို သူ့နေရာမှာ အစားထိုးဖို့ ခေါ်ပေးပါလား"

ရွှေဝံစာအုပ်တိုက်

"ဟုတ်ကဲ့ဆရာ ကျွန်တော်လုပ်ပေးပါ့မယ်"

သို့သော် လက်စ်ဟာ ဖုန်းကို ပြန်တင်ထားလိုက်ပြီး သူ့ဘာသာ တီးတိုးပြောတယ်။

"အင်း သူတော့ ငါရှူးနေသလားလို့ ထင်တော့မယ့် အချိန်ရောက်ပြီ"

လက်စ် ဖုန်းဒိုင်ခွက်ကို လှည့်တယ်။ ဒါပေမဲ့ တစ်ခြား အစီအစဉ်တင်ဆက်သူ တစ်ယောက်ယောက်ထံ ဆက်သွယ်နေတာ မဟုတ်ဘူး။ သူ့မေမေထံ ပထမဆက်ပြီး အဲဒီနောက် သူ့ရည်းစားထံ ဆက်လိုက်တယ်။

"မင်းတို့တတွေအားလုံး အိမ်ရှေ့ခန်းဆီထွက်ပြီး ရေဒီယိုသာ ဖွင့်ထားကြပေါ့။ ဘာကြောင့်လဲဆိုတော့ လေလှိုင်းထဲကနေ ငါ့ အသံထွက်လာတော့မှာမို့ပဲ"လို့ ပြောလိုက်ပါတယ်။

အဲဒီနောက် သူက ၁၅ မိနစ်လောက် စောင့်နေပြီးမှပဲ မန်နေဂျာထံ လှမ်းဆက်လိုက်တယ်။

"မစ္စတာကလိန်းရေ ကျွန်တော်တို့ တခြားလူ တစ်ယောက်မှ ရှာမရဘူး"

ဒီအခါ မန်နေဂျာက သူ့ကို မေးလာတယ်။

"ကဲ ချာတိတ်၊ မင်း စတူဒီယိုထဲက ကွန်ထရိုးခလုတ်တွေ ဘယ်လိုဘယ်ပုံ နှိပ်ရတာကို နားလည်ထားရဲ့လား"

"ဟုတ်ကဲ့ နားလည်ပါတယ်" လို့ လက်စ်က ပြောလိုက်တယ်။

ရွှေဝံစာအုပ်တိုက်

လက်စ်ဟာ အခန်းထဲကို ပြေးဝင်သွားပြီး ရှော့ခ်ကို အသာအယာ ဘေးဖယ်ထားလိုက်ပြီး ဆုံလည်စားပွဲမှာ ဝင်ထိုင်လိုက်တယ်။ သူ့အနေနဲ့ တာဝန်ထမ်းဆောင်ဖို့ အဆင်သင့် ဖြစ်နေပြီ။ ဒီအလုပ်ကို သူ လိုချင်တောင့်တနေတာ ကြာပြီမဟုတ်လား။ သူဟာ မိုက်ကရိုဖုန်း စကားပြောခွက်ခလုတ်ကို ဖွင့်လိုက်တယ်။ ပြီးတော့ စပြီး စကားပြောပါတော့တယ်။

"အားလုံး နားဆင်ကြပါခင်ဗျာ။ ကျွန်တော် အယ်လ်ဘီ၊ ပီသုံးထပ်ကွမ်း၊ လက်စ်ဘရောင်းဖြစ်ပါတယ်။ နားသောတဆင်သူတွေရဲ့ အစီအစဉ် တင်ဆက်သူဖြစ်ပါတယ်။ ကျွန်တော့်ရှေ့မှာ တစ်ယောက်မှ မရှိသလို ကျွန်တော့်နောက်မှာလည်း တစ်ယောက်မှ မရှိပါဘူး။ ဒါကြောင့်မို့လည်း ကျွန်တော်ဟာ တစ်ကောင် တည်းဒါပေမဲ့ ခြသေ့် ဆိုတာမျိုး ဖြစ်နေတာပေါ့ ခင်ဗျာ။ ကျွန်တော်ဟာ လူငယ်တစ်ယောက်၊ လူပျိုတစ်ယောက်ဖြစ်တဲ့အပြင် သိုင်းသိုင်းဝိုင်းဝိုင်း နေချင်တဲ့သူပါ။ ကျွန်တော့်မှာ ရိုးသားတဲ့ ထောက်ခံချက်ရှိပါတယ်။ ကျွန်တော် တင်ဆက်သမျှ အားလုံးကို ပရိသတ်တွေ အားရကျေနပ်လောက်တဲ့ အရည်အချင်းလည်း အပြည့်အဝ ရှိပါတယ်။ နားဆင်ကြည့်ပါ။ ပရိသတ်တို့ရဲ့ အသည်းကျော် ကျွန်တော် လာပါပြီ"

လက်စ်ဟာ သူ့ရဲ့ ကြိုတင်ပြင်ဆင်ထားမှုတွေကြောင့် အစစအရာရာ အဆင်ပြေ ချောမွေ့လှပါတယ်။

သူဟာ သူ့ရဲ့ပရိသတ်တွေကိုရော သူ့ရဲ့ မန်နေဂျာကိုပါ တအံ့တသြဖြစ်အောင် လုပ်နိုင်ခဲ့ပါတယ်။ အစပိုင်းမှာ ရော့ခ်ဟာ သူ့ရဲ့အလုပ်ကို စိုးရိမ်မှုတွေနဲ့ စတင်ခဲ့ပေမဲ့ နောက်ပိုင်းမှာတော့ အသံလွှင့်နယ်ပယ်၊ နိုင်ငံရေးနယ်ပယ်၊ လူထုကြား ဟောပြောမှုနယ်ပယ်တွေနဲ့ ရုပ်သံနယ်ပယ်တွေမှာပါ အောင်မြင်မှုရှိတဲ့ ဘဝတစ်ခု တည်ဆောက်လာနိုင်ခဲ့ပါတော့တယ်။

◆ ◆

# မတိုက်ခိုက်ချင်တဲ့ သတ္တိ

The Courage not to Fight By Denise Wick-Harris
Submitted by Jane Hanna

ဆည်းဆာအရိပ်တွေဟာ ကျွန်မရဲ့ မွေးကင်းစ သားငယ်လေးကိုပြုစုနေတဲ့ ကျွန်မရဲ့တိုက်ခန်းသစ်လေးထဲကို ခိုးကြောင်ခိုးဝှက်နဲ့ အသာအယာ ဝင်ရောက်လာတယ်။ ကျွန်မဟာ လတ်လတ်ဆတ်ဆတ် မိခင်ဘဝရဲ့ အံ့သြစရာတွေထဲမှာ နစ်မြုပ်နေခဲ့တယ်။ သူ့ကို နို့တိုက်ပြီးတဲ့နောက် ကျွန်မဟာ သူ့ကို ထွေးပွေ့ထားရင်း သူ့အသက်ရှူသံ မျှင်းမျှင်းလေးကို နားစွင့်ပြီး သူ့ရဲ့ ကလေးကိုယ်နံ့ သင်းသင်းလေးကို ရှူရှိုက်နေမိတယ်။ ကျွန်မတို့ရဲ့ ဧည့်ခန်းကျဥ်းကျဥ်းလေးဟာ ဝါထိန်နေတဲ့အဖြစ်ကနေ တဖြည်းဖြည်းနဲ့ မှိန်ဖျော့လာပြီး အအေးပိုင်းကို ရောက်ရှိလာပါတော့တယ်။ မှောင်ရိပ်သမ်းလာပြီမို့ မီးအိမ်ကို ဖွင့်လိုက်တယ်။ အလင်းရောင်ဖျော့ဖျော့က ဧည့်ခန်းနဲ့ ကျွန်မတို့ကို ပျော်ရွှင်မှုတွေ ဖြန့်ကျက်ပေးထားသလိုပဲ။

**ရွှေဝံစာအုပ်တိုက်**

"ဒါ မေမေတို့အိမ်ပဲ၊ သားလေး ဗီလ်ဆန်ရေ။ အေးမြတယ်၊ လုံခြုံတယ်ကွဲ့" လို့ ကျွန်မက တိုးတိုးလေး ရွတ်ဆိုရင်း သူ့ရဲ့ နူးညံ့တဲ့ ပါးပြင်လေးကို နမ်းရှိုက်လိုက်တယ်။ ကျွန်မ ခင်ပွန်းနှင့် မကြာခင်ကမှ ခွဲခွာလာပြီး ကတည်းက ဖီလာဒက်ဖီးယားပြည်နယ် ပင်နဲဆီလ်ဗေးနီးယားပြည်နယ်တွေကနေ့တစ်ဆင့် နယူးယောက်မြို့က မောင့်တ်ကစ္စကို ကို ရောက်လာခဲ့သူပါ။

နောက်ဆုံးတော့လည်း ကျွန်မရဲ့ဘဝဟာ အနည် ထိုင်လာရတာပါပဲ။ သားလေးဗီလ်ဆန်နဲ့ပါ အတူ နေထိုင်ခွင့်ရတဲ့ အလုပ်တစ်ခုကို ကျွန်မရခဲ့တယ်။ ကျွန်မ နေထိုင်ရာ အဆက်တွဲ အခန်းတွေဟာ ကြီးမား ပြီး အုတ်ရောရော ကျောက်ရောရောနဲ့ ရှိနေတယ်။ ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ အံ့သြစရာကောင်းတဲ့ အိမ်နီး ချင်းတွေရှိတယ်။ ဈေးဝယ်ဖို့လည်း အဆင်ပြေတယ်။ အနီးဝန်းကျင်မှာ မြက်ခင်းကျယ်ကြီးတစ်ခုနဲ့ ပြီးတော့ ကစားကွင်းတစ်ခု လည်းရှိတယ်။ ဗီလ်ဆန်အရွယ် ရောက်လာမယ့်အချိန်နဲ့ သူ့အစ်မကြီး ယိုလိန်း လူလား မြောက်လာမယ့်အချိန်မှာ အဲဒီအရာတွေက အလွန် အရေးပါလာမှာပါ။

ကျွန်မရဲ့ ချိုမြိန်လှတဲ့ ရင်သွေးအထုပ်လေး အိပ်မောကျနေချိန်အထိ ပွေ့ပိုက်ထားနေမိတယ်။ ထိုင်ပြီး နောက်ကျောမှီနားမယ်လုပ်တော့မှ ကျွန်မ ရုတ် တရက် ထခုန်လိုက်မိတယ်။ နူးညံ့ပျော့ပြောင်းပြီး သိမ်

မွေ့လှတဲ့ အသံတစ်သံက "မင်းအနေနဲ့ ဝီလ်ဆန်ကို ပိုင်ဆိုင်ရမယ့် ကာလဟာ တိုတောင်းတယ်။ သူလေးကို ဘုရားတရားသာ သင်ကြားပေးပေတော့" လို့ ပြောလိုက် တာကို ကျွန်မ ကြားလိုက်ရတယ်။

ကျွန်မ နှလုံးတွေ ခုန်ပေါက်လာတယ်။ "ဘုရားသခင်ရဲ့ အသံပဲလား" လို့ ကျွန်မ မေးမိသွားတယ်။ ကျွန်မ သားလေး ဝီလ်ဆန်ကို တစ်ဖက်စောင်း သိပ်ထားလိုက်ပြီးတော့ ပြတင်းပေါက်နားကပ်သွားပြီး ပိတ်နေတဲ့ ခန်းဆီးကြိုးကို ဖွင့်လိုက်ပါတယ်။ ကောင်းကင်တမန်တော်တစ်ပါးကိုများ မြင်တွေ့လိုက်ရလေမလားလို့ပါ။ အောက်တိုဘာရဲ့ လေတိုက်ခံရတဲ့ သကြားပင်တွေကို သာ အရိပ်မှောင်ကြီးတွေအဖြစ်နဲ့ တွေ့လိုက်ရတယ်။ ကျွန်မ ဖုန်းဆီ ကပျာကယာလေး ပြေးလာမိပြီး မေမေ့ ဆီ လှမ်းဆက်လိုက်ပါတယ်။

မေမေ့ရဲ့ ရင်းနှီးနေတဲ့ တည်ငြိမ်အေးချမ်းသံ က ကျွန်မကို အားပေးဖျောင်းဖျနေတယ်။ "မပူပါနဲ့သမီး ရယ်။ ဓမ္မကျမ်းစာအရဆိုရင် လူတွေရဲ့ ပုံမှန်ဘဝတစ်ခု အတိုင်းအတာဟာ တိုတောင်းလှပါတယ်ကွယ်။ ကျမ်းစာမှာက 'ဘုရားသခင်နဲ့ တစ်ရက်နေထိုင်ခြင်းဟာ နှစ်ပေါင်းတစ်ထောင် နေရခြင်းနဲ့ ညီမျှတယ်' လို့ ဆိုထားတယ်။ ဝီလ်ဆန်လေးအတွက် ဘုရားသခင်မှာ အထူး ရည်ရွယ်ချက်တစ်ခုခု ရှိနေတာကြောင့်မို့ ဘုရားတရား ကို အမြန်သင်ခိုင်းတာ ဖြစ်မှာပေါ့" လို့ အမေက ဆို တယ်။

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဉ်တင်ဆက်သည်။



ဒီလိုနဲ့ ကျွန်မဟာ ဓမ္မသီချင်းတွေ သီဆိုပြီး သူလေးကို ဘုရားသခင်ရဲ့ မေတ္တာတော်အကြောင်း ပြောဖြစ်လာတယ်။

ဝီလ်ဆန်လေးဟာ နှစ်နှစ်သားအရွယ်က သွေးသွန်တဲ့ ဝေဒနာကြောင့် ဆေးရုံပေါ် နှစ်ကြိမ် တိုင် တိုင် တက်ခဲ့ရတယ်။ ဒီရောဂါ အခြေတည်လာချိန်မှာ သားလေးဟာ အခံစားရခက်သလို၊ ဝေဒနာခံစားရမှာ အမှန်ပါပဲ။ အထူးသဖြင့် ရောဂါအခြေအနေ အရမ်းဆိုး နေချိန်မှာပေါ့။ ဒါပေမဲ့ ကျွန်မတို့ သူ့ရောဂါရဲ့ ဒဏ်ကို ခံနိုင်ရည်ရှိအောင် နေရဦးမှာပါ။

ဝီလ်ဆန်လေး အသက် ၄ နှစ်ပြည့်လာ တဲ့ အချိန် သူနဲ့ပတ်သက်ပြီး ထွက်လာတဲ့ သတင်းကတော့ နှလုံးကြွေလွင့်စရာ ကောင်းပါတယ်။ သူ့ရဲ့ ကိုယ်ထဲကို သွေးသွင်းရာကနေ အဲဒီသွေးမှာ ခုခံအား ကျဆင်းစေ တဲ့ အေ-အိုင်-ဒီ-အက်စ်ရောဂါ ပါလာခဲ့ပြီး သူ့ကို ကူး စက်ခဲ့တယ် ဆိုတဲ့သတင်းပါပဲ။ ကျွန်မကို သတင်းပေး တဲ့ ဒေါက်တာတောင် မျက်ရည်ကျရရှာတယ်။ ကျွန်မ ဟာ သူ့ရဲ့ ဂရုစိုက်လှတဲ့ မျက်လုံးကို ကြည့်ပြီး "ကျွန်မ သားလေးဟာ ဒီ ရောဂါရှင် တစ်သန်းထဲမှာ ရောဂါကို အောင်နိုင်တဲ့သူတစ်ယောက် ဖြစ်မှာပါ" လို့ ပြောမိ တယ်။ ဆရာဝန်ဟာ ဘာမှ ပြန်မပြောခဲ့ဘူး။ ဒါပေမဲ့ ကျွန်မရဲ့ မျှော်လင့်ချက်ကိုလည်း မဖျက်ဆီးဘူး။ ကျွန်မ တို့တတွေဟာ အေ-အိုင်-ဒီ-အက်စ် ဝေဒနာရှင်တွေကို



စာအုပ်များ ထပ်မံဖတ်ရှုလိုပါက http://sagarwarmyae.net/ မှ မိတ်ဆွေအားလုံးကို ကြိုဆိုပါတယ်ခင်ဗျာ။ (စကားဝါမြေ) 

http://sagarwarmyae.net/ စကားဝါမြေ အွန်လိုင်းစာကြည့်တိုက်မှ စီစဥ်တင်ဆက်သည်။



ကြာရှည်အချိန်ဆွဲထားပေးနိုင်မယ့် AZT ဆေးကို ဝီလ်ဆန့် ကိုယ်ထဲ အမြန်ထိုးသွင်းပေးလိုက်ပါတယ်။

၅ နှစ်ကာလအထိတော့ ဝီလ်ဆန့်ဟာ နဂိုပုံစံအတိုင်း ဆက်လက် နေထိုင်သွားနိုင်ပါတယ်။ အဲဒီနောက် ဗိုင်းရပ်စ်ပိုးတွေက သူ့ကို တိုက်ခိုက်လာတယ်။ အခုထိ သူလေး အဲဒီရောဂါနဲ့ပဲ ကွယ်လွန်သွားရလိမ့်မယ်ဆိုတာကို ကျွန်မ မယုံချင်သေးဘူး။ ကျွန်မ ဘုရားသခင်ကို အမြဲပဲ ဆုမွန်ကောင်းတွေ တောင်းနေမိတယ်။

ဝီလ်ဆန် ဒုတိယတန်းကို ရောက်လာပြီးလအနည်းငယ်အကြာမှာတော့ သူ့အခြေအနေဟာဆိုးလာတဲ့ အနေအထားဖက်ကို ပြလာပါတယ်။ သူဟာကျောင်းမှာ အရမ်းပျော်တတ်နေပါပြီ။ သင်နေတဲ့ ဆရာတွေကပါ သူ့ကို သဘောကျပြီး အမြဲတန်း ရှိနေစေချင်တယ်။ ပြဿနာကတော့ သူ့ရဲ့ ကိုယ်ကာယ ကျန်းမာရေးအခြေအနေပါပဲ။ အဲဒါကလွဲရင် သူဟာ ထွန်းပေါက်လာမယ့် ကလေးတစ်ယောက်။ ကျောင်းသားတိုင်းရဲ့ကြားမှာလဲ သူ့သတင်းက ထင်ပေါ်မှု ရှိနေတယ်။

ကျွန်မရဲ့ မောင့်တ်ကာစွကို ဆေးကုသမှု အုပ်စုရဲ့ လူနာလက်ခံ စားပွဲဆီမှာ ထိုင်နေတုန်း ကျောင်းကအထိန်းတစ်ယောက်က ကျွန်မဆီ ဖုန်းလှမ်းဆက်သွယ်တယ်။ ဝီလ်ဆန် ရုတ်တရက် ရောဂါပြန်ထလာတဲ့သတင်းကို ပြောတယ်။ ပြီးတော့ အပေါ်ထပ် လှေကားကနေ တစ်ပတ်ချင်းလည်ပြီး လိမ့်ကျသွားတာကြောင့်

နံရံနဲ့ ထိခိုက်သွားပြီး မျက်မှန်ကွဲသွားရတဲ့ သတင်းကို ပြောပြတယ်။ ကျွန်မကို အမြန်လာနိုင်မလားလို့ လှမ်းအကြောင်းကြားတာ။

ရောက်သွားတော့ သူနာပြုဆရာမရဲ့ ရုံးခန်းထဲက ကုတင်ပေါ်မှာ လဲလျောင်းနေတဲ့ ဝီလ်ဆန်လေးကို မြင်လိုက်ရသလို သူ့မျက်နှာတွေ ဖူးယောင်ပြီး ဒဏ်ရာတွေရှိနေတာကိုပါ တွေ့လိုက်ရတယ်။ သူ့ပုံစံက အာရုံ သိပ်ပြီး ကြည်လင်တဲ့ပုံ မရဘူး။ ဒါပေမဲ့ ကျွန်မကို တွေ့တော့ ဖျော့ဖျော့လေး ပြုံးလာပြီး ထထိုင်ဖို့ပြင် တယ်။ ကျွန်မက သူ့ဆီက မျက်မှန်ကွဲလေးတွေကို လက်ပွေ့အိတ်ထဲ ထည့်သွင်းလိုက်တယ်။ ပြန်ဆက်လို့ ရမယ်ဆိုတာ သိနေတာကိုး။ အရာခပ်သိမ်းဟာ မျက်မှန်ကွဲတွေလိုပဲ ပြန်ဆက်လို့ ရမယ်ဆိုရင် ဘယ်လောက်ကောင်းလိမ့်မလဲလို့ အလိုလို တောင့်တမိတယ်။ "လာစမ်းပါဦး အသည်းလေးရယ်"လို့ ကျွန်မက ဆိုရင်း သူ့ကို ဖေးမ ယုယလိုက်တယ်။ "ဆရာဝန်က သားအတွက် ဆေးတွေနဲ့ ကုစားလာနိုင်ဖို့ စီစဉ်နေကြပါတယ်။ အဲဒီဆေးတွေက သားရောဂါကို အနိုင်ယူသွားမှာပါ"

ဟုတ်ပါတယ်။ ဆေးဟာ စွမ်းနိုင်သလောက် စွမ်းလာနိုင်ပါတယ်။ ဝီလ်ဆန်ဟာ အရင်ကနီးနီး ပြန်နာလန်ထလာသလို ရှိတယ်။ ကျွန်မ နေထိုင်တဲ့ အခန်းတွဲရဲ့ ပြတင်းပေါက်ကနေ သူ ကျောင်းကပြန်လာ

ပြီး ကောင်လေးတွေနဲ့ စုစုရုံးရုံးလေး လုပ်နေတာကို လှမ်းလို့ ကြည့်နေမိတယ်။ သူတို့တတွေဟာ စကိတ်လျှောစီး ဘော်ဒါဆောင်က ကျောင်းသားတွေဆိုတာ သေချာတယ်။ ကစားကြတာကတော့ တစ်လမ်းလုံးကို ကစားကွင်းအမှတ်နဲ့ လိုက်တမ်းပြေးတမ်း ပုန်းတမ်း ကစားနေတဲ့ပုံပါ။ ဝီလ်ဆန်ဟာ အားအင်ကုန်ခမ်းသွားသူလို ကစားနေရာကထွက်ပြီး မြက်ခင်းပေါ်မှာ ထိုင်ချလိုက်တော့ ကျွန်မလည်ပင်းဆီကို အညှစ်ခံလိုက်ရသလို ဖြစ်သွားပါတယ်။ အဲဒီအချိန် သူလေးရဲ့ မမယိုလိန်းဟာ သူ့မောင်ဆီကို သွားပြီးငုံ့ကြည့်နေတာ မြင်လိုက်ရတယ်။ ခဏာအကြာမှာပဲ အင်အားမရှိတော့သလို ခြေကိုဆွဲပြီး တက်လာတဲ့ သူ့ရဲ့ခြေသံတွေကို အိမ်ရှေ့လှေကားဆီကနေ ကြားရတယ်။ ကျွန်မက တံခါးကို ဆွဲဖွင့်ပေးလိုက်ပြီး “ဝီလ်ဆန်” လို့ ခေါ်လိုက်တယ်။

“သား ဘာမှမဖြစ်ပါဘူး မေမေရယ်။ မောရုံမောသွားတာပါ”လို့ သူက ကလေးသံလေးနဲ့ ပြောလာပေမဲ့ အသံထဲမှာ လူကြီးတစ်ယောက်နီးနီး သတ္တိတွေ ကိန်းအောင်းနေတာ ကျွန်မ တွေ့မိတယ်။ စောင်းတစ်ခုပေါ်မှာ ကျနေတဲ့ စာအုပ်တစ်အုပ်ကို သွားကောက်ယူပုံဟာ သူ့မှာ ကန့်သတ်ထားတဲ့ ကြောက်စိတ်မရှိတဲ့ သတ္တိတစ်မျိုး ရှိနေသလိုပါပဲလားလို့ ကျွန်မတွေးပြီး အံ့သြနေတယ်။ ဟုတ်တယ် အဲသလို သတ္တိတွေ သူ့မှာ အပြည့်ရှိနေတယ်။

ရှုဝံစာအုပ်တိုက်

ကျောင်းပိတ်ဖို့ ၂ ပတ်အလို ဇွန်လလယ်မှာပဲ ဝီလ်ဆန့် အနေအထားဟာ လုံးဝအားပြတ်တဲ့ အဖြစ်ကို ရောက်လာပြန်တယ်။ ဒီတစ်ကြိမ်တော့ ပြင်းထန်တဲ့ ရိုက်ခတ်မှုလို့တောင် ပြောရမလိုပါပဲ။ သူ့ရဲ့အဖျားဟာ အရမ်းပြင်းလာပြီး တော်တော်နဲ့ မကျတာနဲ့ ဆရာဝန်ကြီးဟာ ဆေးရုံကြီးကိုပို့ပြီး ကုသဖို့ စီစဉ်တယ်။

နယူးယောက်မြို့ရဲ့ ဘရွန့်ဇ်အရပ်က အိုင်းစတိန်းဆေးရုံကြီးဟာ သူရဲ့ အိုဟောင်းနေတဲ့ သက္ကရာဇ်တစ်ခုကို တိုက်ဖျက်ပြီး သစ်လွင်လာစေဖို့အတွက် လှုပတဲ့ ဆေးတွေနဲ့ အဆောက်အဦးတစ်ခုလုံးကို ခြယ်သုတ်ထားတယ်။ လမ်းပေါ်ကို လှမ်းမြင်နိုင်တဲ့ ပြူတင်း ပေါက်နက်နက်ကြီးအနီးက လူနာတင် ခုတင်မွေ့ရာ ပေါ်မှာ ဝီလ်ဆန့်ကို တင်ထားတယ်။ ကျွန်မ ညဘက်အိပ်စောင့်ဖို့ဆိုပြီး ခေါက်ကုလားထိုင်တစ်လုံး ချပေးထားတယ်။ ဝီလ်ဆန်ရောဂါထလာတဲ့ချိန်၊ သည်းလာတဲ့အချိန်ကျမှပဲ ကျွန်မဟာ အလုပ်ကနေထွက်ပြီး သူနဲ့အတူတူ သွားနေပေးလေ့ရှိတယ်။

နောက်တစ်နေ့ ကျွန်မသားလေးဟာ အားပြတ်ပြီး မွေ့ရာမှာ လှဲနေပါတယ်။ အရိုးချဉ်ဆီတစ်ခုကို စစ်ဆေးကြည့်ရှုပြီး ပြန်ရောက်လာခါစပဲ ရှိပါတယ်။ ဆရာဝန်က သူ့အဖျားရဲ့ ဇစ်မြစ်အကြောင်းရင်းကို ခုထက်ထိ ရှာလို့ မတွေ့သေးဘူးလို့ ဆိုပါတယ်။ အိတ်ချ်အိုင်ဗီပိုးနဲ့ဆိုင်တဲ့ ဆေးရည်တစ်မျိုးကို ဝီလ်ဆန်ရဲ့ လက်မောင်း

ထဲ သွင်းပေးကြပါတယ်။ ကျွန်မလည်း သမ္မာကျမ်းစာအုပ်ဟောင်းထဲက ယေရှုသခင်ရဲ့ ပေါင်တွေပေါ်မှာ ကလေးတွေ စုဝေးနေတဲ့ စာမျက်နှာကို ဖွင့်လှန်လိုက်တယ်။ ယေရှုသခင်ပေါ်ကို ကလေးတွေ တွယ်တက်နေတဲ့ပုံက စာမျက်နှာသာ ဝီလ်ဆန့်ကို ဖတ်ပြလိုက်တယ်။ ယေရှုရဲ့ သန်မာတဲ့ လက်သမားလက်မောင်းတွေနဲ့ ကလေးတွေကို ကာကွယ်ထားတဲ့အချိန်မှာ မျက်လုံးတွေဟာ မေတ္တာအရောင်တွေနဲ့ တောက်လက်နေလေရဲ့။ ယေရှုသခင်ကိုယ်တော်သာ ဒီမြေပြင်ပေါ်မှာ ရှိနေဦးမယ်ဆို အဲဒီလက်တွေဟာ ကျွန်မသားလေးရဲ့ ရောဂါကို လာရောက်ပြီး ကုစားပေးမှာလားရယ်လို့ ကျွန်မ ကြံကြံဖန်ဖန် တွေးမိတယ်။ အဲဒီနောက် ကျွန်မဟာ နောက်ထပ် ဘုရားသခင်ထံ ဆုတောင်းတစ်ခုကို သားလေးရဲ့ နားထဲ ပို့လွှတ်ပေးလိုက်ပါတယ်။

အဲဒီမှာတင်ပဲ ရေခဲလို အေးစက်သွားတဲ့ ထိတ်လန့်မှုတစ်ခုဟာ ကျွန်မကို လွှမ်းခြုံလာတယ်။ ဝီလ်ဆန်လေး ကျွန်မဆီ မော့ကြည့်လာရင်း ပြောလာတဲ့ စကားကြောင့်ပါပဲရှင်။ ကြည့်ပါဦးလား သူပြောလာပုံက "ကျွန်တော် သေရတော့မယ်ဆိုတာ သိနေပါပြီ မေမေရယ်။ ဒါပေမဲ့ ကျွန်တော် မေမေ့ကို ခွဲမသွားချင်ဘူး"

ကျွန်မဟာ တုံဏှိဘာဝေလေး ဖြစ်သွားရတယ်။ အသည်းနဲ့ဆိုင်တဲ့ အကြောင်းတွေ၊ သွေးပြောင်းလဲသွင်းပေးရမယ့် ကိစ္စတွေနဲ့ ၃ ပတ်၊ ဒါမှမဟုတ် ၄

ပတ်လောက်ကြာရမယ့် ဆေးကုသမှုအပိုင်းတွေ ဖြစ်လာတယ်။ သူ့ရဲ့ အတွင်းဖက် သွေးယိုစိမ့်မှုတွေကြောင့် ခြေဆံလက်ဆံတွေ နာနာကျင်ကျင်ခံစားလာရတယ်။ ရောဂါထိုးနှက်လာပါပြီလား။ သူလေးဟာ သေရမယ့် အကြောင်းတွေနဲ့အတူ လက်မြောက်အရှုံးပေးရတော့မယ့်အဖြစ်တွေကို နှုတ်ကပြောနေတာ မမြင်တွေ့ရတော့ဘူး။ အခုချိန်ထိတော့ ဝီလ်ဆန်ဟာ တိုက်ခိုက်ရေးသမားလေးပါပဲ။ အရေးကြီးတဲ့ တိုက်ပွဲကတော့ အသက်ဆက်လက်ပြီး ရှင်သန်နေထိုင်နေဖို့ တိုက်ပွဲပါပဲ။

"သားလေးဟာ သေငယ်ဇောနဲ့ မျောနေတာ မဟုတ်ပါဘူး" လို့ ကျွန်မ ပြောလိုက်တယ်။ "သားလေးဟာ နေမကောင်းရုံသက်သက်ပါ။ ဒါပေမဲ့ သားလေး အမြန်တမ်း နေထိုင်ကောင်းသွားရဖို့အတွက် မေမေတို့တတွေ ကြိုးစားနေတယ်လေ။ ဆေးကိုတော့ မှန်မှန်သောက်ပေါ့သားရယ်။ ဒါဆို သားလေး ဆေးရုံက ဆင်းရမယ်။ ပြီးတော့ . . ."

ကျွန်မ ဆက်မပြောနိုင်။ သူ့မျက်လုံးလေးတွေ ကျွန်မဆီကို တွယ်ကပ်နေသော တွေ့လိုက်ရတယ်။ တောင်းပန်နေတဲ့ အကြည့်မျိုးတွေပါပဲလား။ ရုတ်တရက် နက်ရှိုင်းမှု ရှိတယ်လို့ ယူဆရမယ့် ကြောက်စိတ်တွေကို သူ့ရဲ့ မျက်နှာပေါ်မှာ သွားတွေ့တယ်။ သေခြင်းတရားရဲ့ အင်အားတွေဟာ သူလေးရဲ့ စိတ်ဓာတ်ပေါ်မှာ ဖိစီးအနိုင်ယူနေပြီပဲ။ သူ ကျွန်မကို ခွဲခွာသွားတော့မယ့်ပုံ။

သူ့အစ်မ၊ ကျွန်မနဲ့ မိတ်ဆွေသူငယ်ချင်းတွေကို ဒီအခန်း က လူတွေအားလုံးကို ခွဲခွာနှုတ်ဆက်သွားဖို့က ပိုပြီး အလေးသာနေတယ်။ နောက်ဆုံး သူ့ကိုယ်ထဲက ထွက်ခွာသွားမယ့် အသက်ဝိညာဉ်လိပ်ပြာဟာ ကောင်းကင်ဘုံ ဆိုတဲ့ အခြားအရပ်တစ်ပါးမှာ သွားရောက်ဖို့ ပိုပြီး အခွင့်သာနေပြီ။ ဖီလာဒက်ဖီးယားပြည်နယ်မှာရှိတဲ့ သူ့ဦးလေး ဆီ သွားလည်တုန်းကပုံနဲ့ မတူဘူး။ ကောင်းကင်ဘုံမှာ ဆက်သွယ်ဖို့ ဖုန်းမရှိဘူး။ လုံးဝ အဆက်ပြတ်သွားတော့မယ့်နေရာ။ ကျွန်မ ကျမ်းစာအုပ်လေးကို ဘေးဖယ်ထားလိုက်ပြီး သူ့ရဲ့ ပိန်လှီသေးကွေးတဲ့ လက်မောင်းလေးကို အသာအယာ ပွတ်သပ်လိုက်တယ်။ "ယေရှုက သားကို ချစ်ပါတယ်ကွယ်၊ မေမေ့အချစ်ထက်တောင် ပိုပါသေးတယ်" လို့ ကျွန်မ သူ့ကို ပြောနေမိတယ်။ သူ တဖြည်းဖြည်းနဲ့ အိပ်မောကျသွားတယ်။ ကျွန်မ ထိုင်ခုံမှာ ငြိမ်ငြိမ်လေး ထိုင်နေမိတယ်။ ပြူတင်းပေါက်က မြင်နေရတဲ့ နွေရာသီ မြင်ကွင်းကို လှမ်းကြည့်လိုက်တယ်။ "ယေရှုသခင်၊ သားလေး သေရတော့မယ်ဆိုတာ ကျွန်တော်မျိုးမ မယုံကြည်နိုင်လောက်အောင် ဖြစ်နေမိပါတယ်။ ဒါပေမဲ့ သူ သေဖို့ဖန်လာခဲ့ရင်လည်း ကောင်းကင်ဘုံဆိုတာဟာ အင်မတန် အံ့ဩစရာကောင်းတဲ့ နေရာတစ်ခု လို့ အရှင်က သားလေးကို ကူပြောပေးပါနော်။ သားလေးမှာ ကြောက်ရွံ့ခြင်းတွေ ကင်းဝေးသွားအောင် ကူညီမစပေးပါ" လို့ သားလေးဝီလ်ဆန်အတွက် ကျွန်မ တောင်းဆုချွေနေမိတယ်။

မှဝံစာအုပ်တိုက်

နွေကာလဟာ ဆေးရုံသံသရာခရီး အကြားမှာပဲ မေ့မိုန်စွာ ဖြတ်သန်းရင်း ကုန်ဆုံးသွားခဲ့တယ်။ အဲဒီသံသရာထဲမှာ နိမ့်လိုက်မြင့်လိုက်၊ မျှော်လင့်ချက်ပေါ်လာလိုက် မျှော်လင့်ချက်မဲ့လာလိုက်၊ လက်လျှော့စိတ်ပျက်စရာတွေကြုံလိုက်နဲ့ တစ်လှည့်စီ လည်ပတ်နေတယ်။ ကျွန်မ သတိမထားမိလိုက်ခင်မှာပဲ သဘာဝရဲ့အဆီးအတားတစ်ခုဟာ သစ်ရွက်တွေကို ရော်ရွက်တွေအဖြစ်နဲ့ အဝါရောင်သမ်းအောင်လုပ်ပြီး သစ်ပင်ပေါ်ကနေ ဖြုတ်ခနဲ၊ ဖြုတ်ခနဲ ကြွေကျစေခဲ့တယ်။ အရာခပ်သိမ်းဟာ ညှိုးနွမ်းလာပြီး မှိုင်းဝေလာတယ်။ နွေပျောက်ပြီဆိုတော့မှ ဆောင်းကာလက နေရာယူလာတယ်။ အဲဒီအချိန်မှာတော့ ကျွန်မရဲ့ သားလေး ဝီလ်ဆန်ဟာ အိပ်ရာပေါ်မှာ လူးလှိမ့်နေပြီ။

ဆောင်းလေက ကျွန်မတို့ရဲ့ တိုက်ခန်းဆီ တစ်သုန်သုန်နှင့် တိုက်ခတ်လာတဲ့ အချိန်မှာ ကျွန်မ သားလေးအတွက် အထူးစပါယ်ရှယ်အဖြစ် ခရစ္စမတ်ပွဲလေး နွှဲပေးဖို့ အတွေးနယ်ချဲ့နေမိပါတယ်။ မေမေပါဝင်ကူလာနိုင်မှာမို့ ကျွန်မ အလုပ်အတက် မပျက်ဘဲ ပြုလုပ်နိုင်သွားမှာ ဖြစ်ပါတယ်။ မြေးလေးအတွက် ခရစ္စမတ်အပင်ကို သူ့အခန်းထဲမှာ သီးသန့်လုပ်ပေးလိုက်ရရင် မကောင်းလားလို့ မေမေက အကြံပြုတယ်။ သူ့အခန်းလေးက ကျဉ်းနေတာကြောင့် ကျွန်မတို့တတွေဟာ စားပွဲတစ်ခုစာ အရွယ်ပဲ ခရစ္စမတ်အပင်ကို

ဝယ်ယူလိုက်တယ်။ သူ အိပ်မပျော်တဲ့ ရှည်လျားတဲ့ည တွေမှာတော့ လျှပ်စစ်အလင်းရောင်တွေဟာ မှိတ်တုတ် မှိတ်တုတ်နဲ့ သူ့ကို မျက်တောင်တွေ ခတ်ပြနေတယ်။

ခရစ္စမတ်နေ့ကို ရောက်လို့လာပြီ။ မိသားစု တွေ ဆိုက်ရောက်လာချိန်မှာတော့ ကျွန်မတို့ ကပွဲကို ကျင်းပပေးလိုက်တယ်။ ဆိုဖာဖယ်ထားတဲ့ ခုံပေါ်မှာ ခေါင်းအုံးတွေထပ်ထားပြီး ဝီလ်ဆန်ဟာ ကျောနောက်မှီ ထိုင်လာရင်း လက်တစ်ဖက်ကတော့ သူ့အတွက်ရထား တဲ့ လက်ဆောင်ပစ္စည်းတစ်ခုအပေါ် တင်ထားလျက် သား ရှိနေတယ်။ သူဟာ ဖြတ်သန်းထိုးဖောက်လို့ မရတဲ့ အဝေးတစ်နေရာဆီ အကြည့်ကို ပို့ထားနေတယ်။ သူ အံ့သြထိတ်လန့်သွားမှာ စိုးတာနဲ့ ကျွန်မတို့ဟာ လက် ဆောင် ရထားလေးကိုတောင် တပ်ဆင်မပေးဖြစ်ပါဘူး။ ဒါပေမဲ့ သူဟာ ရထားလေးကို သူ့ဘာသာသူ တပ်ဆင် နေရင်း တွဲလမ်းပေါ် နှစ်ပတ်လောက် လှည့်လိုက်တယ် ဆိုရင်ပဲ သူ ပြုံးလိုက်တာ တွေ့ရတယ်။ ဒီလို အားထုတ် နေရာကပဲ သူ အိပ်မောကျသွားပတော့တယ်။

ကျွန်မဟာ သူ့အနီးကို ခုံဆွဲယူပြီး ထိုင်နေမိ ပါတယ်။ မီးဖိုဆောင်ထဲကနေ အိုးသံ၊ ယောက်မသံတွေ ကြားနေတယ်။ ဝက်ပေါင်ဆားနယ်ကြော် အနံ့တွေ၊ ကြက်ကြော်အနံ့တွေ၊ အာလူးထောင်းချက်နဲ့ ဟင်းရည် အနံ့တွေ နှာဝမှာ ရှူရှိုက်နေရတယ်။ ဝီလ်ဆန် မျက်လုံး ဖွင့်လာတယ်။ သူဟာ ချက်ချင်းပဲ ကျွန်မကို ရှာပါတော့

တယ်။ သူ ကျွန်မဆီက ထွက်မသွားသေးဘူးဆိုတာ သေချာနေတဲ့ ပုံစံမျိုးလား မသိဘူး။ နောက်ဆုံးတော့ ကျွန်မ စိတ်ထဲက ဝန်ခံချက် ပြုမိတယ်။ ကျွန်မ သား လေးဟာ သေရွာဆီ ခြေလှမ်းနေပါပြီ။

ဇန်နဝါရီလ ၁၂ ရက် မည်းညို့နေတဲ့ ဆောင်း ရက်တစ်ရက်မှာ ကျွန်မဟာ ဝီလ်ဆန့်ကို ချီပွေ့မယူ လာပြီး အိပ်ရာကနေတစ်ဆင့် ဧည့်ဆောင်လယ်က ဆိုဖာဆီ သယ်လာခဲ့တယ်။ အဲဒီကနေ တစ်ခါ သူ့ရဲ့ နောက်ဆုံးခရီးဖြစ်တော့မယ့် ဆေးရုံဆီ အရောက်သွားပို့ ဖို့အတွက် အထုပ်တွေ ပြင်ဆင်ရတယ်။ သူဟာ ပရိ ဘောဂအားလုံးကို တစ်ခုချင်း ကြည့်နေရှာတယ်။ နံရံပေါ်က ပုံတွေဆီ အားလုံးလိုက်ကြည့်နေတယ်။ ပြီး တော့ တံခါးပေါက်၊ မီးဖိုချောင်ကစားပွဲ။ ပြီးတော့ အင်တုံထဲက ဆေးပြီးသား ပန်းကန်ခွက်ယောက်တွေ၊ သူဟာ အားလုံးကို ခေါင်းထဲ ရိုက်သွင်းမှတ်နေတဲ့ အတိုင်းပဲ။

"ယေရှုသခင်ဟာ သားကို ချစ်မှာပါ" ကျွန်မ ပြောရင်းဆုတောင်းတယ်။ ဝီလ်ဆန်ဟာ ကျွန်မအတွက် တောင်းဆုပြုနေမှန်း မသိဘဲ နေမှာမဟုတ်ဘူး။ ကောင်း ကောင်းသိနေမှာပါပဲ"

ဆေးရုံကို ရောက်လာတော့ ကျွန်မကိုယ်ပေါ် က အင်အားတွေ လုံးဝကုန်ခမ်းသွားရတယ်။ ဒီလိုနဲ့ နေ့ကာလဟာ ညကာလကို ကူးလူးဖြတ်သန်းလာတယ်။

ကျွန်မစိတ်တွေ ထူးထူးဆန်းဆန်း ထုံအသွားတယ်။ အထိတ်တလန့် ဖြစ်လှုဆဲဆဲ အခြေအနေမျိုး ရင်ဆိုင်နေရသလို ဖြစ်နေတယ်။ ဆရာဝန်တွေ၊ သူနာပြုတွေ၊ မိသားစုတွေ ထွက်ချေဝင်ချေ။ ပြီးတော့ ကျွန်မကိုပါ အိပ်ခိုင်းကြတယ်။ ကြည့်စမ်း တစ်ခုခု ဖြစ်လာတာနဲ့ ကျွန်မကို သူတို့ နှိုးကြမယ်တဲ့ အဲဒီတစ်ခုခုဟာ သား လေးရဲ့ သေခြင်းတရား ရောက်လာမယ့် အချိန်ကို ဆိုလို တာပဲလား။ နောက်တစ်နေ့ရဲ့ အလင်းနံနက်ခင်း ဝင် ရောက်လာပြန်တယ်။ ဝီလ်ဆန် ရေဆာနေတာကို တိုက်တော့ မျိုတောင်မချနိုင်တာကို မြင်လာရပါတယ်။ အချိုရည်တွေဆိုလည်း ပါးစပ်ကနေ ပြန် အန်ကျလာ တယ်။ နေရောင်ကျလာချိန်မှာ သူ့အခြေအနေဟာ စကားတောင် မပြောနိုင်တဲ့ အဖြစ်ရယ်။ ဘုရားကျောင်း မှာ သူမြတ်နိုးတဲ့ တေးသီချင်း တစ်ပုဒ်ဆုံးတဲ့အထိ ဆိုဖူး တာ ကျွန်မ အခုထက်တိုင် နားထဲမှာ ပြန်ကြားနေရတုန်း ပဲ။ အဲဒီတုန်းက သူ့ အဝတ်အစားနဲ့ သိပ်ကိုလှပပြီး ခန့်ငြားနေတယ်။ သူ့ရဲ့ တန်ဖိုးအရှိဆုံး အရာဟာ သီ ချင်းသီဆိုမှုပဲ ဖြစ်နေတယ်။ "ကျွန်ုပ် ဖွားပြီး နာမကျန်း တဲ့အချိန်မှာ ဘုရားသခင် ကျွန်ုပ်အား သတိရပါ။ ဘုရား သခင် ဆောင်ကျဉ်းပေးတော်မူပါ။ ဘုရားသခင် အိုကျွန်ုပ်ကို သတိရဖို့ ဆောင်ကျဉ်းပေးတော်မူပါ။ ကောင်း ကင်ပြာရဲ့ အလွန်ကတစ်ဆင့် . . . "

ကျေးဇူးပြုတော်မူပါ ယေရှုသခင်။ အမှောင် က ပြန် သမ်းလာပြန်တယ်။ ၅ နာရီထိုးဖို့ ၁၅ မိနစ်

အလိုမှာတော့ ဝီလ်ဆန် နိုးနိုးကြားကြားလေး ပြန်ဖြစ်လာတာ တွေ့လိုက်ရတယ်။ မျက်လုံးတွေ ဖွင့်လာရာက တစ်ဆင့် ကျွန်မကို ကြည့်လာတယ်။

"ကျွန်တော့် အိမ်ကို ပြန်တော့မယ် မေမေ"

သူ့အခြေအနေဟာ ပြန်လို့ မရနိုင်တော့ဘူး လို့ ကျွန်မ ဘယ်လိုများ သူနားလည်အောင် ရှင်းပြလိုက်ရမှာလဲ ရှင်ရယ်"

"ဝီလ်ဆန် မေမေဟာ သားအတွက် အောက်စီဂျင်တွေ သွင်းပေးဖို့ လုပ်ရဦးမယ်။ ဒါပေမဲ့ အိတ်ချ်အိုင်ဗွီပိုးရှိတဲ့ ပုံစံနဲ့တော့ အိမ်ပြန်ရောက်ဖို့ မဖြစ်သေးဘူး"

"မဟုတ်ဘူး မေမေ။ ကျွန်တော်ပြောနေတဲ့ အိမ်ဆိုတာက ယေရှုသခင်နဲ့ သွားရတော့မယ့် အိမ်ကိုပါ"

အိမ်တဲ့။ ဩော် သူပြောတဲ့ အိမ်ဆိုတာ ကောင်းကင်ဘုံကို ဆိုလိုတာပါကလား။ သူဟာ သွားမယ်လို့သာ ပြောနေပေမယ့်လည်း ကျွန်မကို ထားသွားရမှာ ကြောက်နေပုံမျိုးပဲ။ ပြီးတော့ သူနဲ့ ဆက်စပ်နေတဲ့ အရာတွေ။ သိနေတဲ့ အရာတွေကိုပါ စွန့်ခွာပြီး သွားရတော့မယ်ဆိုတာကိုပါ။ ဝီလ်ဆန်ရဲ့ အကြည့်မျက်လုံးတွေဟာ ကျွန်မဆီက ကျော်ပြီးအဝေးကို ရောက်နေတယ်။ "ယေရှုသခင်ဟာ သားကို လာခေါ်တော့မယ်။ မေမေ ခွင့်ပြုမယ်နော်"

ဩော် ဘုရားသခင်ဟာ သားလေးကို အိမ်ဆီ ကိုယ်တိုင်ခေါ်ဖို့ လာတော့မယ်တဲ့။

"ခွင့်ပြုပါတယ် သားရယ်။ ကျွန်မ ပြောမိတယ်။ နာရီလက်တံလေးတွေဟာ အသံတွေ တစ်တောက်တောက်မြည်ပြီး နောက်ထပ် ၁၅ မိနစ်ကာလ တစ်ခုကို ဖြတ်ကျော်လို့ သွားတယ်။ ဒီအချိန်မှာပဲ သားလေးရဲ့ မျက်တောင်တွေဟာ မှိတ်လာတယ်။ သူ့ရဲ့ အသက်ရှုသံဟာ ပိုပြင်းလာတယ်။ အဲဒီနောက် အသံက ရပ်သွားပါတော့တယ်။ ဆရာဝန် ရောက်လာတယ်။ သူ့အပေါ် ကုန်းကိုင်းလိုက်ပြီးတော့ သွေးခုန်မှုကို စမ်းတယ်"

"သူသွားပြီ" ဆရာဝန်က နူးညံ့တိုးလှတဲ့ အသံနဲ့ ပြောလာပါတယ်။ ပြီးတော့ ကျွန်မကို အသာအယာ ကိုင်တယ်။ ကျွန်မဟာ ပြင်မထားပါပဲနဲ့ အော်ငိုမိသွားပြီး ကျွန်မသားလေးရဲ့ ပုခုံးတွေဆီ ဆုပ်ကိုင်ထားမိလျက် သားဖြစ်သွားတယ်။ ဒီတစ်ခါ အံ့ဩစရာ ကောင်းတာက တော့ ဝီလ်ဆန့် မျက်လုံးတွေ ပြန်ဖွင့်ကြည့်လာတယ်။ အသက်ပြန်ရှုလာတယ်။ ခွင့်တောင်းတဲ့ အရောင်တွေ မျက်နှာမှာ ပြန်ရှင်သန်လာတယ်။ "ကျွန်တော့်ကို အိမ်ပြန်ခွင့်ပေးပါတော့ မေမေ" ရယ်လို့ ပြောနေသယောင်ယောင်။

ကျွန်မရဲ့ စိတ်အာရုံထဲမှာ ယေရှုသခင်ကိုယ်တော် စောင့်စားနေတာ မြင်လိုက်ရသလို ရှိတယ်။

“ကောင်းပါပြီသားရယ်။ မင်းသွားနိုင်ပါပြီ။ မေမေ့အတွက် ဘာမှပူမနေပါနဲ့တော့ကွယ်”

သူ ပြုံးလာတာကို မြင်လိုက်ရတယ်။ သူ့အသက်ရှူသံက ရပ်သွားတယ်။

“ဪ ယေရှုသခင်နဲ့ အတူ အိမ်ကို လျှောက်လှမ်းလို့ သွားပြီလားသားရယ်။

◆ ◆

# မေတ္တာတရားဝေမျှသူ

Love and the Cabbie By Art Buchwald

တစ်နေ့က ကျွန်တော် နယူးယောက်မြို့ကို ရောက်သော အခါ မိတ်ဆွေတစ်ယောက်နှင့် တက္ကစီအတူစီးမိသည်။ ကျွန်တော်တို့ ကားပေါ်မှ ဆင်းသောအခါ ကျွန်တော့် မိတ်ဆွေက "အခုလို မောင်းပို့ပေးတဲ့အတွက် ကျေးဇူးပဲ ဗျာ။ ခင်ဗျားက ကားမောင်းတဲ့နေရာမှာတော့ တကယ့်ကို ဆရာတစ်ဆူပါပဲ" ဟု ကားဆရာကို ပြောလိုက်သည်။

ကားဆရာက ခဏတာမျှ ကြောင်အမ်းအမ်း ဖြစ်သွားပြီး . . .

"ခင်ဗျားက ပညာရှိလား၊ ဒါမှမဟုတ် တစ်ခုခု မှာ . . ."ဟု ပြောသည်။

"မဟုတ်ရပါဘူးဗျာ၊ ကျွန်တော်က ခင်ဗျားကို မြှောက်ပြောနေတာ မဟုတ်ပါဘူး။ ဒီလောက်ရှုပ်ထွေး လှတဲ့ ယာဉ်ကြောကြီးထဲမှာ ချောချောမွေ့မွေ့ မောင်းနိုင် တဲ့ ခင်ဗျားရဲ့ အရည်အချင်းကို သဘောကျလို့ပါ" ဟု ကျွန်တော့် မိတ်ဆွေက ပြန်ဖြေသည်။

ရွှေဝံစာအုပ်တိုက်

"ကောင်းပါပြီဗျာ" ဟု ဆိုကာ ကားဆရာက ကားကို မောင်းထွက်သွားသည်။

"ဘာတွေ ဘယ်လိုဖြစ်ရတာလဲဆိုတာ ရှင်း စမ်းပါဦးဗျ" ဟု မိတ်ဆွေကို ကျွန်တော်က မေးမိသည်။

"ကျွန်တော့်အနေနဲ့ နယူးယောက်မြို့ကြီးကို မေတ္တာတရားတွေ ပြန့်ပြီး သယ်ဆောင်ပေးဖို့ကြိုးစား နေတာပါ။ မေတ္တာတရား တစ်ခုကပဲ ဒီမြို့ကြီးကို ကယ် တင်နိုင်လိမ့်မယ်လို့ ကျွန်တော် ယုံကြည်တယ်" ဟု မိတ်ဆွေက ပြန်ဖြေသည်။

"လူတစ်ယောက်တည်းက နယူးယောက်မြို့ ကြီးကို ဘယ်လိုလုပ်ပြီး ကယ်တင်နိုင်မှာလဲဗျာ"

"ဒါ လူတစ်ယောက်တည်း လုပ်တာမဟုတ် ဘူးလေ။ ကျွန်တော့်အနေနဲ့ တက္ကစီမောင်းတဲ့လူရဲ့ တစ် နေ့တာကို ပျော်ရွှင်အောင် လုပ်နိုင်ခဲ့တယ်လို့ယုံကြည် တယ်။ သူ့အနေနဲ့ကားခ ဒေါ်လာ ၂၀ရတာက ရတာ ပေါ့။ ဒါပေမဲ့ သူဟာ အဲဒီဒေါ်လာ ၂၀ကိုပေးတဲ့သူက သူ့ကိုချိုချိုသာသာပြောတဲ့အတွက် အဲဒီ ဒေါ်လာ ၂၀ကို သူ ပိုပြီး တန်ဖိုးထားလိမ့်မယ်။ အပြန်အလှန်အနေနဲ့ အဲဒီ ငွေတွေက သုံးစွဲသူတွေ၊ ဆိုင်ရှင်တွေ၊ စားပွဲထိုးတွေ၊ ကုန်ကုန်ပြောရရင် သူ့တို့မိသားစုတွေအထိ မေတ္တာ တရားကို ဆောင်ကျဉ်းသွားလိမ့်မယ်။ နောက်ဆုံးတော့ အဲဒီ ကြင်နာမှုဟာ အနည်းဆုံး လူပေါင်း ၂၀၀၀အထိ ပျံ့နှံ့သွားလိမ့်မယ်။ ဘယ်လိုလဲ မဆိုးဘူးမဟုတ်လား" ဟု ကျွန်တော့်မိတ်ဆွေက ရှင်းပြသည်။

"ဒါပေမဲ့ ခင်ဗျားအနေနဲ့ ကောင်းမြတ်တဲ့ စိတ်ထားကို တခြားသူတွေဆီ ပျံ့နှံ့ဖို့အတွက် ကားဆရာကို အားထားနေရတာပဲ"

"ကျွန်တော်က သူ့ကို အားမထားရပါဘူးဗျာ။ ကျွန်တော် လုပ်တဲ့စံနစ်က ခပ်ချာချာအစားထဲက မဟုတ်ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ မတူတဲ့ လူဆယ်ယောက်လောက်ကို ဆက်ဆံရမှာ။ အဲဒီ ဆယ်ယောက်ထဲက အနည်းဆုံး သုံးယောက်လောက်ကို ပျော်အောင်လုပ်နိုင်ရင် ကျွန်တော့် အနေနဲ့ သွယ်ဝိုက်တဲ့နည်းနဲ့ တခြားအယောက် ၃၀၀၀လောက်ကို ပျော်အောင် လုပ်ပြီးသားဖြစ်ပြီပေါ့"

"စာအုပ်ထဲမှာ ဆိုရင်တော့ ခင်ဗျားရဲ့နည်းက ကောင်းပါတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာ အလုပ်ဖြစ်မဖြစ်ဆိုတာတော့ သိပ်မသေချာလှဘူးဗျ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ကျွန်တော့်နည်းက ဘာမှ မထူးခြားဘူး ဆိုရင်လည်း အကျိုးယုတ်စရာ ဘာမှ မရှိဘူးလေ။ ကျွန်တော်ကလည်း လူတစ်ယောက်ကို ကောင်းပါတယ်လို့ ချီးမွမ်းခန်းဖွင့်ဖို့အတွက် ကျွန်တော့် ကိုယ်ပိုင်အချိန်ထဲက ဖဲ့ပေးရတာမှ မဟုတ်တာ။ အပြောခံရတဲ့သူ အနေနဲ့လည်း အပိုဆုငွေ ရတာမှ မဟုတ်ဘဲ။ နားပင်းနေတဲ့ လူနဲ့တွေ့ရင် ဘယ်လိုလုပ်မလဲ။ မနက်ဖြန်ဆိုရင် ကျွန်

တော့်အနေနဲ့ တခြားတက္ကစီသမားတစ်ယောက်ကို ပျော်အောင်လုပ်ဖို့ ကြိုးစားနိုင်သေးတာပဲ"

"ခင်ဗျား ရှူးပုံက တစ်မျိုးပဲ" ဟု ကျွန်တော်က ပြောမိသည်။

"ခင်ဗျားရဲ့ စကားတွေက အဆိုးမြင်တတ်တဲ့ သဘောကို ပြနေတာပဲ။ ကျွန်တော် ဒီကိစ္စကို လေ့လာပြီးပြီ။ ငွေကြေးကိစ္စကို ဘေးဖယ်ထားလိုက်။ ကျွန်တော်တို့ရဲ့ စာပို့ဝန်ထမ်းတွေအတွက် ချို့တဲ့နေတဲ့အရာက စာတိုက်အတွက် အလွန်ကောင်းမွန်လှတဲ့ အလုပ်တွေကို လုပ်နေကြတဲ့ ဝန်ထမ်းတွေကို ဘယ်သူကမှ အကောင်း မပြောကြတာပဲ"

"ဒါပေမဲ့ သူတို့က ကောင်းတဲ့အလုပ်တစ်ခုကို လုပ်နေတာမှ မဟုတ်ဘဲ"

"သူတို့လုပ်တာ ကောင်းကောင်း၊ မကောင်းကောင်း ဘယ်သူကမှ ဂရုစိုက်မှာမဟုတ်ဘူးလို့ သူတို့စိတ်မှာ ခံစားနေရတဲ့အတွက် သူတို့က ကောင်းကောင်း မလုပ်ကြတာပေါ့ဗျာ။ သူတို့တွေကို ကြင်နာတဲ့ စကားတွေ မပြောသင့်ဘူးလား"

ကျွန်တော်တို့ နှစ်ယောက်သည် ဆောက်ပြီးစ အဆောက်အအုံရှေ့ကို ဖြတ်လျှောက်လာခဲ့ကြရာ နေ့လည်စာ စားနေသည့် အလုပ်သမား ငါးယောက် အနားမှ ဖြတ်လျှောက်သွားမိသည်။ ကျွန်တော့် မိတ်ဆွေ က ရပ်လိုက်ပြီး . . .

"ခင်ဗျားတို့တတွေ ဆောက်ပြီးသွားတဲ့ အဆောက်အအုံကြီးက ခမ်းနားလှချည်လားဗျ။ တော်တော် ခက်ခဲပြီး အန္တရာယ်များမယ့် အလုပ်ပဲနော်" ဟု ဆိုသည်။

အလုပ်သမားတွေက ကျွန်တော့် မိတ်ဆွေကို သံသယ မျက်လုံးတွေနှင့်ကြည့်ကြသည်။

"ဘယ်တော့ လက်စသတ်မှာလဲဗျ"

"ဇွန်လ" ဟု အလုပ်သမားတစ်ယောက်က ခပ်လေးလေး ဖြေသည်။

"ဟာ၊ တကယ့်ကို အထင်ကြီးစရာပါလားဗျို့။ ခင်ဗျားတို့တွေအားလုံး ဂုဏ်ယူသင့်တယ်ဗျာ" ဟု ကျွန်တော့် မိတ်ဆွေကပြောသည်။

ကျွန်တော်တို့နှစ်ယောက် ရှေ့ဆက်လျှောက်ခဲ့သည်။

"ကျွန်တော် **လာမန်ချာကာလူ** ဆိုတဲ့ ဇာတ်ကား ကြည့်ပြီးကတည်းက ခင်ဗျားလိုလူမျိုး တစ်ယောက်မှ မတွေ့ဖူးသေးဘူးဗျာ" ဟု ကျွန်တော်က ပြောလိုက်မိသည်။

"အဲဒီလူတွေအနေနဲ့ ကျွန်တော်ပြောတဲ့ စကားလုံးတွေကို သေသေချာချာ ခံစားပြီးတဲ့အခါ တော်တော် ဝမ်းသာသွားကြမှာအမှန်ပဲ။ မြို့တော်ကြီးအနေနဲ့ သူတို့ရဲ့ ပျော်ရွှင်မှုကနေ တစ်နည်းမဟုတ် တစ်နည်း အကျိုးရှိလာမှာပါ"

"ဒါပေမဲ့ ဒီအလုပ်ကို ခင်ဗျားတစ်ယောက်တည်း လုပ်လို့တော့ မရနိုင်ဘူးဗျ။ ခင်ဗျားအင်အားက တစ်ယောက်ပဲရှိတာကိုး" ဟု ကျွန်တော်က အထွန့်တက်မိသည်။

"အရေးကြီးဆုံးအချက်ကတော့ နောက်တွန့်မသွားဖို့ပဲဗျ။ မြို့တော်ကလူတွေကို ကြင်နာတတ်တဲ့စိတ်ထားရှိအောင် ပြန်လုပ်ဖို့ဆိုတာက လွယ်တော့မလွယ်ဘူးပေါ့။ ဒါပေမဲ့ ကျွန်တော့်လိုလုပ်မယ့် လူတွေကို ကျွန်တော့်ရဲ့ အဖွဲ့ထဲမှာ စာရင်းသွင်းလိုက်မယ် ဆိုရင်တော့ . . ."

"ခင်ဗျား ခုနက ဘာမှ ပြင်ဆင်မထားတဲ့ အမျိုးသမီးတစ်ယောက်ကို မျက်စိမှိတ်ပြလိုက်တာ မဟုတ်လား" ဟု ကျွန်တော် သူ့ကို မေးလိုက်သည်။

"ဟုတ်တယ်လေ။ တကယ်လို့ အဲဒီအမျိုးသမီးဟာ ကျောင်းဆရာမတစ်ယောက်ဆိုရင် သူ့ရဲ့ စာသင်ခန်းဟာ ဒီနေ့ဟာ သိပ်ကို ပျော်စရာကောင်းတဲ့ နေ့တစ်နေ့ ဖြစ်သွားမှာပေါ့ဗျာ"။

◆ ◆

# ဆန္ဒ၏ အားအင်

Bopsy By Jack Canfield and Mark V. Hansen

၂၆နှစ်ရှိပြီဖြစ်သော မိခင်သည် သွေးကင်ဆာရောဂါ ကျွမ်း၍ သေလုမျောပါးဖြစ်နေသော သားလေးကို ငုံ့ကြည့်နေသည်။ မိခင်၏ စိတ်ထဲတွင် ဝမ်းနည်းသောက ရောက်နေသော်လည်း သူမတွင် အဆုံးစွန်ကို အပြီးတိုင် မျှော်လင့်ထားသည့် ခိုင်မာသော စိတ်ခံစားမှုလည်း ရှိသည်။ သူမသည် တခြားသော မိခင်တွေလိုပင် သားဖြစ်သူကို အရွယ်ရောက်ပြီး သူ၏ ရည်မှန်းချက်တွေ ပြည့်စေချင်သည်။ ယခုတော့ သူမ၏ ဆန္ဒများ အကောင်အထည်ပေါ်ဖို့ ဆိုသည်မှာ မဖြစ်နိုင်တော့ပေ။ သားဖြစ်သူ၏ ဘဝနောင်ရေးကို သွေးကင်ဆာရောဂါက အနိုင်ယူသွားခဲ့ပြီဖြစ်သည်။ သို့သော်လည်း သူမအနေနှင့် သားဖြစ်သူ၏ အိပ်မက်တွေကို အကောင်အထည်ဖော်ပေးချင်နေဆဲပင်ဖြစ်သည်။

**မွှေ့ဝံစာအုပ်တိုက်**

သူမသည် သားဖြစ်သူ၏ လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး "ဘောပ်ဆီ၊ သားလေး ကြီးလာရင် လေ ဘာဖြစ်ချင်တယ်လို့ စဉ်းစားမိလဲ။ သားကြီးလာရင် တစ်ခုခုလုပ်မယ်လို့ မျှော်လင့်ထားတာမျိုး၊ တောင့်တမိ တာမျိုးရှိလား" ဟု မေးသည်။

"မေမေ၊ သားကြီးလာရင်လေ မီးသတ်သမား ကြီးပဲ ဖြစ်ချင်တယ်" ဟု သား ဘောပ်ဆီက ပြန်ဖြေ သည်။

မိခင်ဖြစ်သူက ပြုံးလိုက်ပြီး "သားလေးရဲ့ ဆန္ဒ ပြည့်ဝဖို့အတွက် ကြိုးစားကြည့်ပါဦးမယ်ကွယ်" ဟု ပြောလိုက်သည်။

မိခင်ဖြစ်သူသည် ထိုနေ့ ညနေပိုင်းတွင် အာရီ ဇိုးနားပြည်နယ် ဖီးနစ်မြို့ရှိ မီးသတ်ဌာနတစ်ခုကို ဖုန်း လှမ်းဆက်သည်။ ဖုန်းဆက်သည့်အခါ မီးသတ်ဌာနမှ မီးသတ်သမားကြီး ဘောပ်နှင့် တွေ့သည်။ ဘောပ်သည် လည်း ဖီးနစ်ငှက်လို ချစ်ခြင်းမေတ္တာ ကြီးမားလှသူ တစ် ယောက်ဖြစ်သည်။ သူမက သားဖြစ်သူ၏ နောက်ဆုံး ဖြစ်ချင်သည့်ဆန္ဒကို ဘောပ်အား ရှင်းပြပြီး သူတို့အနေ နှင့် သူမ၏သားကို မီးသတ်ကားနှင့် ရပ်ကွက်ထဲတွင် တစ်ပတ်ခန့် မောင်းပို့ပေးနိုင်မည်လားဟု မေးသည်။

မီးသတ်သမားကြီး ဘောပ်က . . .

"ကျွန်တော်တို့အနေနဲ့ အဲဒါထက် ပိုကောင်း အောင် စီစဉ်ပေးလို့ ရပါတယ်ခင်ဗျာ။ ဗုဒ္ဓဟူးနေ့မနက်

ခုနစ်နာရီမှာ ခင်ဗျားရဲ့ သားအနေနဲ့ အဆင်သင့် ဖြစ်မယ်ဆိုရင် ကျွန်တော်တို့က သူ့ကို ဂုဏ်ထူးဆောင် မီးသတ်သမားအဖြစ် တစ်နေ့လုံးလုံး ခန့်အပ်ပေးပါ့မယ်။ သူ့အနေနဲ့ မီးသတ်ဌာနကို လာလို့လည်းရပါတယ်။ ကျွန်တော်တို့နဲ့ အတူစားသောက်ပြီး မီးသတ်ဖို့ခေါ်ရင်လည်း ကျွန်တော်တို့နဲ့အတူ လိုက်ပါလို့ ရပါတယ်။ ခင်ဗျားအနေနဲ့ သူ့ရဲ့ ကိုယ်တိုင်းကိုပေးမယ်ဆိုရင် သူ့အတွက် မီးသတ်ဝတ်စုံအစစ်တစ်စုံ ချုပ်ပေးပါ့မယ်။ မီးသတ်သမားတွေဆောင်းတဲ့ ဖိုးနစ် မီးသတ်ဌာန တံဆိပ်ရိုက်ထားတဲ့ ဦးထုပ်၊ အရုပ်မဟုတ်ဘူးနော်၊ ပြီးတော့ မိုးကာအကျႌနဲ့ ကျွန်တော်တို့တွေစီးတဲ့ ဘွတ်ဖိနပ်ပါ ပေးပါ့မယ်။ သူ့ကို ပေးမယ့် ပစ္စည်းတွေအားလုံးဟာ ကျွန်တော်တို့ရဲ့ မီးသတ်ဌာနက ထုတ်လုပ်တဲ့ ပစ္စည်းတွေမို့ အမြန်ရအောင် လုပ်ပေးနိုင်ပါတယ်" ဟု ဘော့ဗ်က ဆိုသည်။

သုံးရက်ကြာပြီးသောအခါ မီးသတ်သမားကြီး ဘော့ဗ်သည် ဘော့ဗ်ဆီထံသို့ရောက်လာပြီး မီးသတ်ဝတ်စုံတွေဝတ်ပေးကာ သူ၏ ကုတင်မှ သူတို့ကိုစောင့်နေသည့် ကရိန်းတပ် မီးသတ်ယာဉ်ရှိရာဆီသို့ ခေါ်ခဲ့သည်။ ဘော့ဗ်ဆီသည် ထရပ်ကား၏ နောက်ပိုင်းတွင် ထိုင်ခွင့်ရပြီး မီးသတ်ဌာနသို့ အပြန်ခရီးတွင် စတီယာရင်ကို ကူကိုင်ပေးရင်း လိုက်ပါလာခဲ့သည်။ ဘော့ဗ်ဆီအတွက်တော့ နိဗ္ဗာန်ကို ရောက်နေသလိုပင်။

မှုဝံစာအုပ်တိုက်

ထိုနေ့က ဖိုးနစ် မီးသတ်ဌာနကို မီးလှန့်သည့် ဖုန်း သုံးကြိမ်ဝင်ရောက်လာ၍ ဘော့ပ်ဆီသည်လည်း မီးသတ်သမားများနှင့်အတူ လိုက်ပါသွားခဲ့သည်။ သူသည် ထိုသို့လိုက်ပါရာတွင် မီးသတ်ယာဉ် အမျိုးမျိုး စီးခဲ့ရသည်။ မီးသတ်ဌာနမှူး၏ ကားမှာပင် လိုက်ပါစီးနင်းခွင့် ရသွားခဲ့သည်။ ဒေသတွင်း ရုပ်သံသတင်း အစီအစဉ် အတွက်လည်း ဗွီဒီယို အရိုက်ခံခဲ့ရသည်။

သူ၏ အိပ်မက်တွေ လက်တွေ့ဖြစ်လာပြီး အားလုံးက သူ့ကို ဝိုင်းဝန်းချစ်ကြ၊ စိတ်ဝင်စားကြသောကြောင့် ဘော့ပ်ဆီသည် အလွန်ကျေနပ်ပျော်ရွှင်သွားခဲ့ရပြီး ဆရာဝန်တွေ ခန့်မှန်းထားသည်ထက်ပင် သုံးလပို၍ အသက်ရှင် နေထိုင်သွားခဲ့ရသည်။

တစ်ညမှာတော့ သူ၏ ရောဂါလက္ခဏာများမှာ ပိုမိုဆိုးဝါးလာသောကြောင့် မည်သူမျှ တစ်ကိုယ်တည်း မသေရဟူသော အယူအဆကို လက်ခံထားသည့် ဆေးရုံသူနာပြုခေါင်းဆောင်က သူ၏ မိသားစုများကို ဆေးရုံသို့လာရန် အကြောင်းကြားသည်။ ထို့နောက် သူနာပြုသည် ဘော့ပ်ဆီ မီးသတ်သမားအဖြစ် တစ်ရက်တာကုန်ဆုံးခဲ့သည့်နေ့ကို ပြန်သတိရလာ၍ ဖြစ်နိုင်မည်ဆိုလျှင် ဘော့ပ်ဆီ၏ နောက်ဆုံးခရီးအတွက် ဆေးရုံသို့ မီးသတ်ဝတ်စုံဝတ်ထားသည့် မီးသတ်သမားတစ်ယောက် လွှတ်ပေးပါဟု မီးသတ်ဌာနမှူးထံ ဖုန်းလှမ်းဆက်သည်။ မီးသတ်ဌာနမှူးက "ကျွန်တော်တို့အနေနဲ့

ဒီ့ထက်ကောင်းအောင် လုပ်ပေးနိုင်ပါတယ်။ ကျွန်တော်တို့ ငါးမိနစ်အတွင်း ရောက်လာပါမယ်။ ဒါနဲ့ ကျွန်တော်တို့ကို တစ်ခုလောက် ကူညီနိုင်မလား။ အစ်မအနေနဲ့ မီးသတ်ဥသြသံတွေကြားရင်၊ မီးရောင်တွေမြင်ရင် မီးလောင်တာမဟုတ်ဘူးလို့ ပီအေစံနစ်နဲ့ ကြေညာပေးနိုင်မလား။ ကျွန်တော်တို့က မီးသတ်ဌာနရဲ့ အကောင်းဆုံး မီးသတ် ဝန်ထမ်းတစ်ယောက်ကို လာတွေ့တာမို့ပါ။ အစ်မ တို့အနေနဲ့ သူရဲ့ အခန်းပြူတင်းတံခါးကို ဖွင့်ထားပေးနိုင်မလား။ ကျေးဇူးပါပဲ” ဟု ပြန်ဖြေသည်။

ငါးမိနစ်ခန့် ကြာသောအခါ ချိတ်နှင့် လှေကားတပ် မီးသတ်ကားသည် ဆေးရုံသို့ရောက်လာပြီး မီးသတ်လှေကားကို ဘော့ပ်ဆီ၏ ပြူတင်းတံခါးသို့ ဆန့်ထုတ်လိုက်ပြီး မီးသတ်သမား ၁၄ယောက်နှင့် မီးသတ်မေ နှစ်ယောက်တို့သည် ဘော့ပ်ဆီ၏အခန်းသို့ တက်သွား၏။ ဘော့ပ်ဆီ၏မိခင်ခွင့်ပြုချက်နှင့်အတူ မီးသတ်ဝန်ထမ်းတို့သည် ဘော့ပ်ဆီကို ပွေးဖက်ကြပြီး သူတို့အနေနှင့် ဘော့ပ်ဆီကို မည်မျှ ချစ်ကြောင်းတွေ ပြောကြသည်။

ဘော့ပ်ဆီသည် နောက်ဆုံးထွက်သက်နှင့်အတူ “ဆရာကြီး၊ ကျွန်တော် အခု တကယ်မီးသတ်သမား ဖြစ်ပြီလားဟင်”ဟု မီးသတ်ဌာနမှူးကို မေးသည်။

“ဖြစ်ပါပြီ၊ ဘော့ပ်ဆီရယ်” ဟု ဌာနမှူးက ပြောသည်။

ရွှေဝံစာအုပ်တိုက်

ထိုစကားကြားလိုက်ရသောအခါ ဘော့ပ်ဆီသည် ပြုံးလိုက်ပြီး သူ့မျက်လုံးကို နောက်ဆုံးအကြိမ်အဖြစ် မှိတ်လိုက်လေတော့သည်။

◆ ◆

# ဆန်းကြယ်လှသော
# လျှို့ဝှက်ချက်

A Story for Valentine's Day By Jo Ann Larsen

လာရီနှင့် ဂျိုအန်းတို့သည် သာမန် လင်မယားများ ဖြစ်ကြသည်။ သူတို့သည် သာမန် လမ်းကလေးတစ်လမ်းထဲမှ သာမန် အိမ်လေးတစ်လုံးတွင် နေထိုင်ကြသည်။ သူတို့သည် လင်မယားနှစ်ယောက် အပေးအယူမျှဖို့၊ သူတို့၏ ရင်သွေးများအတွက် မှန်ကန်သော လုပ်ဆောင်မှုများလုပ်ပေးနိုင်ဖို့ ရုန်းကန်နေကြသူများ ဖြစ်ကြသည်။

သူတို့တွင် နောက်ထပ် သမားရိုးကျဆန်မှုမှာ လင်မယားချင်း တကျက်ကျက် စကားများခြင်းသည်လည်း ပါသည်။ သူတို့ စကားများကြရသည့် အကြောင်းအရင်းမှာ သူတို့ အိမ်ထောင်ရေးတွင် ကြုံရသည့် ချို့ယွင်းချက်များ၊ တစ်ယောက်ကို တစ်ယောက် အပြစ်ဖို့ခြင်းများကြောင့် ဖြစ်သည်။

ဤသို့နှင့် တစ်နေ့မှာတော့ အလွန်အထူးခြားဆုံးသော အဖြစ်တစ်ခု ဖြစ်လာခဲ့ရလေသည်။

**ရွှေဝံစာအုပ်တိုက်**

"ဂျိုအန်း၊ မင်းသိလား။ ငါ့မှာ အံဆွဲတွေ အများကြီးပါတဲ့ မှော်သေတ္တာတစ်လုံးရှိတယ်။ ငါဆွဲဖွင့်လိုက်တိုင်း အဲဒီအထဲမှာ ခြေအိတ်တွေ၊ အတွင်းခံ အဝတ်အစားတွေ အပြည့်ရှိနေတယ်။ တို့ အတူနေခဲ့ရတဲ့ ကာလတွေမှာ အဲဒီပစ္စည်းတွေကို မင်း ထည့်ထားပေးခဲ့တဲ့အတွက် ငါကျေးဇူးတင်ပါတယ်ကွာ" ဟု လာရီက ဆိုသည်။

ဂျိုအန်းသည် ခင်ပွန်းဖြစ်သူကို မျက်မှန်အပေါ်မှ ကျော်ကြည့်ပြီး . . .

"လာရီ၊ ရှင် ဘာလိုချင်လို့လဲ" ဟုမေးသည်။

"ဘာမှ မလိုချင်ပါဘူးကွာ။ ငါ့အနေနဲ့ အဲဒီမှော် သေတ္တာကြီးကို တန်ဖိုးထားတယ် ဆိုတဲ့အကြောင်း မင်း သိစေချင်လို့ပါ" ဟု လာရီက ပြန်ဖြေသည်။

လာရီသည် ထိုကဲ့သို့ အပိုစကားမျိုးတွေ ဆိုတတ်သည်မှာ တစ်ကြိမ်မကပါ။ ထို့ကြောင့် ဂျိုအန်း သည် လာရီပြောသည့် ကိစ္စကို ရက်အတန်ကြာသည် အထိ ခေါင်းထဲမှ ထုတ်ထားခဲ့သည်။

"ဂျိုအန်းရေ၊ ဒီလ လယ်ဂျာစာအုပ်ထဲမှာ ချက်လက်မှတ် နံပါတ်တွေကို အများကြီး မှန်ကန်အောင် သွင်းထားပေးတဲ့အတွက် ကျေးဇူးပါပဲကွာ။ မင်း ရေးထားတဲ့ ကိန်းဂဏန်း ၁၆ကြိမ် ရေးနေကျမှာ ၁၅ကြိမ်နဲ့ မှန်အောင် ရေးလာနိုင်ပြီပဲ။ မင်း စံချိန် တက်လာတယ်နော်" ဟု လာရီက ဆိုသည်။

ကြားလိုက်ရသည့် စကားကို မယုံနိုင်အောင် ဖြစ်နေသော ဂျိုအန်းသည် အပ်ချုပ်နေရာမှ မော့ကြည့်ပြီး . . .

"လာရီ၊ ရှင်ဟာလေ ကျွန်မ ချက်လက်မှတ် နံပါတ်တွေ မှားသွင်းမိတာနဲ့ ပတ်သက်ပြီး အမြဲ ပွစိပွစိ ပြောတယ်။ အခု ရှင့်ပါးစပ်ကို ပိတ်ထားစမ်းပါတော်" ဟု ဆိုသည်။

"ရမယ်ရှာတာ မဟုတ်ရပါဘူးကွာ။မင်းရဲ့ ကြိုးစားမှုတွေကို ငါ တန်ဖိုးထားတယ် ဆိုတဲ့အကြောင်း မင်း သိစေချင်လို့ပါ" ဟု လာရီက ဆိုသည်။

ဂျိုအန်းက အပ်ချုပ်နေသည်ကို ပြန်ပြီး အာရုံစိုက်နေရင်း "ဒီယောကျ်ားတော့ ဘာဖြစ်နေလဲမသိဘူး" ဟု တစ်ကိုယ်တည်း ရေရွတ်နေသည်။

သို့သော်ငြားလည်း နောက်တစ်နေ့တွင် ဂျိုအန်း ကုန်ခြောက်ဆိုင်သို့ သွားသောအခါ ချက်လက် မှတ်တစ်စောင်ရေးပြီး သူမရေးသည့် ချက်လက်မှတ် နံပါတ် မှန်မမှန်ကို ချက်လက်မှတ်စာအုပ်နှင့် ပြန်စစ်ဆေးကြည့်မိသည်။ ထို့နောက် "ငါ ဘာဖြစ်လို့ အခုမှ ချက်လက်မှတ် နံပါတ်ကို သေသေချာချာ ပြန်စစ်ဆေးမိပါလိမ့်" ဟု မိမိကိုယ်မိမိ ပြန်မေးမိသည်။

သူမအနေနှင့် ထိုအဖြစ်ကို လစ်လျူရှုထားရန် ကြိုးစားမိသော်လည်း လာရီ၏ ထူးဆန်းသော အပြုအမူတွေက ပိုများလာသည်။

"ဂျိုအန်းရေ၊ ဒီနေ့ ညစာကတော့ မြိန်လှတယ်ကွာ။ မင်းရဲ့ အားထုတ်မှုတွေ အကုန်လုံးကို ငါ တန်ဖိုးထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ ၁၅နှစ်လုံးလုံး မင်းအနေနဲ့ ငါနဲ့ ကလေးတွေအတွက် ထမင်းပွဲပေါင်း ၁၄၀၀၀ ပွဲလောက် ပြင်ပေးခဲ့တယ်လို့ ငါ အတပ်ပြောရဲတယ်" ဟု လာရီက ဆိုသည်။

ထို့နောက် . . .

"ဂျိုအန်းရေ၊ ငါတို့အိမ်က တော်တော် လှလာပါလား။ အိမ်ကို လှလှပပဖြစ်လာအောင် မင်းအနေနဲ့ တကယ့်ကို ပင်ပင်ပန်းပန်း လုပ်ထားတာပဲ။ မင်း ရှိနေတဲ့အတွက် ငါကျေးဇူးတင်ပါတယ်ကွာ။ မင်းနဲ့ အတူကြင်ဖော်ဖြစ်ရတဲ့အတွက် ငါ ပျော်တယ်" ဟုလည်း လာရီက ဆိုပြန်သည်။

တဖြည်းဖြည်းနှင့် ဂျိုအန်း စိုးရိမ်လာသည်။

"ဒီယောက်ျား အရင်က ပြောဖူးတဲ့ ထေ့လုံးငေါ့လုံးတွေ၊ အပြစ်ပြောတာတွေ ဘယ်ရောက်ကုန်ပါလိမ့်" ဟု သူမတွေးနေမိသည်။

သူမ၏ ခင်ပွန်း တစ်ခုခု ထူးထူးခြားခြား ဖြစ်နေပြီဟူသော သူမ၏ စိုးရိမ်စိတ်မှာ ၁၆နှစ် ရှိပြီဖြစ်သည့် သမီးလေးရှယ်လီ၏ စကားကြောင့် ပိုပြီး ခိုင်မာလာရသည်။

"ဖေဖေတော့ ပုံမှန်မဟုတ်တော့ဘူးမေမေ။ သီးကိုလည်း အမြဲချီးမွမ်းနေတယ်။ လှတယ်တဲ့။ ဟော

ဒီဖြစ်ကတတ်ဆန်း ဝတ်ထားတဲ့ အဝတ်အစားတွေနဲ့ ဖြစ်သလို လိမ်းထားတဲ့မိတ်ကပ်တွေနဲ့ သမီးကို လှတယ်လို့ ပြောတုန်းပဲ။ မေမေ၊ ဖေဖေဟာ အရင်လိုမဟုတ်တော့ဘူးနော်။ ဖေဖေ ဘာဖြစ်နေလဲ မသိဘူး"

မည်သို့ပင် ဖြစ်စေကာမူ လာရီက သူ၏ အပြုအမူကို ပြောင်းလဲခြင်းမရှိပေ။ တစ်နေ့ဝင်တစ်နေ့ထွက် သူ့ပါးစပ်က အကောင်းတွေပဲ ထွက်နေသည်။

ဤသို့နှင့် ရက်သတ္တပတ်ပေါင်း များစွာ ကြာလာသောအခါ ဂျိုအန်းသည် လာရီ၏အမူအကျင့် များနှင့် နေသားကျလာသည်။ တစ်ခါတရံတွင် အကောင်းမြင်တတ်လွန်းသော လာရီ့ကို မနာလိုပင် ဖြစ်လာမိသည်။ သူမကလည်း "ကျေးဇူးတင်ပါတယ် ရှင်" ဟု လာရီ့ကို တုံ့ပြန်လာတတ်သည်။ သူမ လုပ်သမျှကို အကောင်းတွေပဲ ပြောနေသဖြင့် ဘဝင် လေးပင်မြင့်ချင်လာသည်။ တစ်နေ့မှာတော့ အလွန့်ကို ထူးဆန်းသော အဖြစ်တစ်ခု ဖြစ်လာလေသည်။ထို အဖြစ်ကြောင့် သူမအနေနှင့် လုံးဝ အံ့မခန်းပင် ဖြစ်ခဲ့ရသည်။

"မင်းကို ခဏလောက် နားစေချင်တယ်ကွာ။ ဟင်းတွေကို ငါပဲ ချက်လိုက်ပါ့မယ်။ ကဲ ဒီတော့ မင်း လက်ထဲက ဒယ်အိုးကို ထားပြီး မီးဖိုချောင်ထဲက ထွက်ပေတော့" ဟု လာရီက ဆိုသည်။

ဂျိုအန်းသည် အကြာကြီးစကားမပြောနိုင်

အောင် ဖြစ်နေမိပြီးမှ "ကျေးဇူးပဲ လာရီရယ်။ ကျေးဇူး အများကြီးတင်တယ်" ဟု ပြောလိုက်မိသည်။

ယခုအခါ ဂျိုအန်း၏ ခြေလှမ်းတွေ အနည်းငယ် ပေါ့ပါးလာသည်။ မိမိကိုယ်မိမိ ယုံကြည်မှုတွေ ပိုပြီး တိုးလာသည်။ တစ်ခဏအတွင်းမှာ သီချင်းပင် ညည်းမိသည်။ သူမအနေနှင့် နောက်ထပ်ပြီး စိုးရိမ်ပူပန်မှုတွေ မရှိတော့သလို ဖြစ်နေသည်။

"လာရီရဲ့ ပြောင်းလဲလာတဲ့ အပြုအမူတွေကို ငါတောင် သဘောကျလာပြီ" ဟုလည်း တွေးနေမိ သည်။

နောက်ထပ် အလွန် အထူးခြားဆုံးသော အဖြစ် တစ်ခုကိုတင်ပြပြီးလျှင်တော့ ဤဇာတ်လမ်း ဇာတ်သိမ်းပါတော့မည်။


"လာရီ၊ အခုလို အတူနေခဲ့ရတဲ့ ကာလတွေ အတွင်းမှာ ရှင့်အနေနဲ့ ကျွန်မတို့ကို ထောက်ပံ့ကျွေးမွေး ပြီး ကူညီလုပ်ကိုင်ပေးတဲ့အတွက် ရှင့်ကို ကျေးဇူးတင်ပါ တယ်။ ရှင် လုပ်ပေးခဲ့သမျှတွေကို ကျွန်မအနေနဲ့ ကျေး ဇူးတင်ကြောင်း ပြောရလိမ့်မယ်လို့ ကျွန်မ တစ်ခါမှ မတွေးမိခဲ့ဘူး" ဟု ဂျိုအန်းက လာရီကို ပြောသည်။

လာရီ၏ ပြောင်းလဲလာသော အပြုအမူများ အတွက် ဂျိုအန်းက ရှင်းပြပေးဖို့ အတန်တန် မေးမြန်းခဲ့ သော်လည်း လာရီသည် သူဘာကြောင့် ထိုသို့ ပြောင်း လဲလာခဲ့ရသည်ဆိုခြင်းကို ပြောမပြခဲ့ပါ။ ထိုကိစ္စသည် ဘဝ၏ လျှို့ဝှက်ဆန်းကြယ်မှုတစ်ခုအဖြစ်သာ ကျန်ရှိ

နေပါလိမ့်မည်။ ကျွန်မအနေနှင့် ထို လျှို့ဝှက်ဆန်းကြယ်မှုနှင့် နေထိုင်ခဲ့ရသည့်အတွက် ကျေးဇူးတင်ပါသည်။

အကြောင်းမှာ ကျွန်မသည် ဂျူအန်း ဖြစ်နေသောကြောင့်ပင်တည်း။

◆ ◆


Chicken Soup
for the Soul
Jack Canfield
Mark Victor Hansen
Patty Hansen
Irene Dunlap